www.burmeseclassic.com

မန္တလေး–ရန်ကုန်၊ ဗုဒ္ဓတက္ကသိုလ် (ပြဋ္ဌာန်းကျမ်းစာ)

# အိန္ဒိယပြည်ဗုဒ္ဓသာသနာ့သမိုင်း

ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ–လန်ဒန်)

ပါမောက္ခချုပ်၊ မန္တလေး–ရန်ကုန်၊ ဗုဒ္ဓတက္ကသိုလ်

မြန်မာကျူးပစ် "သာသနာ့ပါလ" ဘာသာရေးညီအကိုအမများမှ
စကန်ဖတ်၍ ဒါနပြုသည်

www.burmeseclassic.com

www.burmeseclassic.com

# မမေ့သင့်တဲ့ နာလန္ဒ



ဟိုးရှေးရှေးတုန်းက အိန္ဒိယပြည်၊ ဘီဟာပြည်နယ်မှာ
နာလန္ဒဆိုတဲ့ ဗုဒ္ဓသာသနာ့တက္ကသိုလ်ကြီးတည်ရှိသတဲ့။

## အေဒီ ၄၂၇

အတိတ်ကာလမှာ နာလန္ဒဆိုတာ ..

ရွှေကျောင်းပြောင်ပြောင်၊ ခန်းဆောင်ဆောင်
ရောင်ဝါခန့်ငြား၊ ဆောက်ဦးများနဲ့
ပညာရှာသူ၊ ရဟန်းရှင်လူတို့
ဗုဒ္ဓအမွေ၊ ဒေသနာတွေ
ရှာမှီးပြန့်ပွားရာ ..

ဓမ္မဆီမီး ထိန်ထိန်ညီး၍
ဓမ္မနဲ့ပျော် ရဟန်းတော်တို့
ဓမ္မပီတိ ဂွမ်းဆီထိဖို့
ဓမ္မဘာဝနာ ပွားများရာ ..

သစ်ကြီး ဝါးကြီး
စိမ့်ကြီးတောမြိုင် မြဂနိုင်နဲ့
ကြိုင်လှိုင်ပျံ့သင်း တောပန်းခင်းတို့
ဝိုင်းရံခညောင်း ရာသီကောင်း၍
နတ်တို့ဖန်ဆင်း မြေတလင်းလို
ငြိမ်းချမ်းကြည်စွာ အေးသာယာလို့
တရားရေအေး၊ ဓမ္မဆေးနဲ့
သူတော်ကောင်းတို့မွေ့လျော်ရာ ..

BURMESE CLASSIC .com

## အေဒီ ၁၁၉၇

ဓါးနဲ့ပြုတဲ့ သာသနာ
ဘီဟာနယ်တွင်း၊ ချဉ်းနင်းဝင်ရောက်
ခလောက်ဆန်ချိန် ..

မိစ္ဆာဓါးချက်၊ ပြိုးပြက်အောက်မှာ
ဗုဒ္ဓရဲ့သား၊ ရဟန်းများတို့
ယဇ်နွားသဖွယ်၊ ဦးခေါင်းပယ်ခြင်း ခံရတယ် ..

ကယ်ပါ ယူပါ သံစာစာနဲ့
အော်သံ ဟစ်သံ သောသောညံ၍
သွေးသံရဲရဲ ခန္ဓာစဲပြီး
သောင်းချီသံဃာ ပျံလွန်တယ် ..

မိစ္ဆာရှို့မီး၊ ထိန်ညီးညီးကြောင့်
ဗုဒ္ဓအမွေ၊ ဓမ္မပေမူ
ကျမ်းအဆူဆူတို့ ပြာကျကြေလွင့် ခဲ့ရတယ် ..

ဓါးနဲ့ရမ်းကား၊ ဖျက်ဆီးသွားသော၊ မိစ္ဆာများ တို့ ..

သင်တို့ပြုကံ၊ ပဲ့တင့်သံလို
သင်တို့ထံသို့ တနေ့ဇကန် ရောက်ခြိမ့်မည် ..

ဗုဒ္ဓမြတ်စွာသာသနာ၊ ရောင်ဝါနေသို့လင်းစေသောဝ်
လင်းပါစေသော် .. လင်းစေသောဝ် ..

ဗုဒမြတ်စွာသာသနာ၊ မြင့်မိုရ်တောင်သို့ တည်စေသောဝ်
တည်ပါစေသော် .. တည်စေသောဝ် ..... ။

**ဗမာ့သွေး (မြန်မာကျူးပစ်)**

www.burmeseclassic.com

www.burmeseclassic.com

မန္တလေး-ရန်ကုန်၊ ဗုဒ္ဓတက္ကသိုလ် (ပြဋ္ဌာန်းကျမ်းစာ)

# အိန္ဒိယပြည်ဗုဒ္ဓသာသနာ့သမိုင်း

ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်)
ပါမောက္ခချုပ်၊ မန္တလေး-ရန်ကုန်၊ ဗုဒ္ဓတက္ကသိုလ်

ဓမ္မဒါန ကုသိုလ်ရှင်များ

“ အိန္ဒိယပြည် ဗုဒ္ဓသာသနာ့သမိုင်း ” စာအုပ်ကို (၁) ရန်ကုန်မြို့၊ ကုန်ဈေးတန်း၊ ရွှေလင်းယုန်သင်္ကန်းတိုက်၊ ဒေါ်ကြည်ညွန့် မိသားစု၊ ကျပ်တစ်သိန်း၊ (၂) ဦးဣန္ဒာသိရီ M.A. ကို အမှူးထား၍ ရန်ကုန်မြို့ ဦးငွေလှိုင်+ဒေါ်ခင်လှဝေ မိသားစုမှ ကျပ်ငါးသောင်း အလှူငွေများဖြင့် ပုံနှိပ်ပါသည်။ ဤစာအုပ်မှ ရောင်းရငွေသည် မန္တလေး-ဗုဒ္ဓတက္ကသိုလ်၏ ပညာရေးရံပုံငွေအတွက်ဖြစ်သည်။

www.burmeseclassic.com

# မာတိကာ


၁။ အိန္ဒိယပြည်၌ ဗုဒ္ဓမပေါ်ထွန်းမီ ဘာသာရေးအခြေအနေ

၂။ ပထမသင်္ဂါယနာတင်ခြင်း

၃။ ဒုတိယသင်္ဂါယနာတင်ခြင်း

၄။ တတိယသင်္ဂါယနာတင်ခြင်း

၅။ အသောကမင်းကြီးအကြောင်း

၆။ အသောကခေတ်နောက် ဗုဒ္ဓသာသနာအခြေအနေ

၇။ သာသနာပြုစေလွှတ်ရာ ကိုးတိုင်းကိုးဌာနအကြောင်း

၈။ အိန္ဒိယနိုင်ငံအတွင်းရှိ တိုင်းကြီး ၁၆-တိုင်းအကြောင်း

၉။ အဘိဓာန်ကျမ်းလာ အိန္ဒိယနိုင်ငံဆိုင်ရာတိုင်း ၂၁-တိုင်း

၁၀။ ထေရဝါဒသာသနာ အိန္ဒိယ၌ ဆုတ်ယုတ်ပျက်စီးခြင်း

၁၁။ သုင်္ဂမင်းများခေတ် (B.C. ၁၈၄-A.D. ၈၀)

၁၂။ ကနိရှကမင်းလက်ထက် (AD. ၈၁-၁၂၀)

၁၃။ ဂုပ္တမင်းများအကြောင်း

၁၄။ ဗင်္ဂလားပြည်မင်းများ (ရာဇသာသင်္ကာမင်း)

၁၅။ ဗင်္ဂလားပြည်-ပါလမင်းများ

၁၆။ ဟိန္ဒူဝါဒီတို့က ဗုဒ္ဓဝါဒီတို့ကို နှိပ်နင်းခြင်း

၁၇။ အိန္ဒိယပြည်နှင့် မူဆလင်ဘာသာ

၁၈။ မူဆလင်တို့ ဖျက်ဆီးသည့် အခြားနေရာများ

၁၉။ နာလန္ဒာတက္ကသိုလ်ကျောင်းတော်ကြီး

၂၀။ Taxila ခေါ် တက္ကသိုလ်ပြည်မြို့တော်ကြီး

၂၁။ ဗုဒ္ဓဂယာမြို့-မဟာဗောဓိပင်နှင့်စေတီ

၂၂။ မဟာနိဂြိုဟ်ရှိနှင့်ဗုဒ္ဓဂယာ


www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယပြည် ဗုဒ္ဓသာသနာ့သမိုင်း

## ဦးမြင့်ဆွေ၊ မဟာဝိဇ္ဇာ–လန်ဒန်၊ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်

## ဥပဒေသ

ဤစာအုပ်သည် 'ဗုဒ္ဓတက္ကသိုလ်–ပြဌာန်းကျမ်းစာ'ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင် ရဟန်း,ရှင်, လူ,သီလရှင်များအားလုံး သေသေချာချာ ဖတ်ရှုသင့်သည့်စာအုပ် ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော်–

ဗုဒ္ဓသည် သတ္တဝါတွေကို ကယ်တင်ဖို့အတွက် အယူဝါဒများစွာထွန်းကားရာ အိန္ဒိယပြည်၌ ပွင့်ပေါ်ခဲ့ပြီးနောက် 'တရားအမှန်'ကို မနေမနား ဟောကြားသဖြင့် ၅–လခန့်အတွင်းမှာ ရဟန္တာ မထေရ်မြတ်အပါး ၆၀–တို့ကို ရရှိသောအခါ "စရထ ဘိက္ခဝေ––ဓမ္မံ ဒေသေထ = ချစ်သားရဟန်းတို့ လူများ၏စီးပွါး–ချမ်းသာအလို့ငှါ နယ်တကာသို့ ခရီးလှည့်လည်၍ ငါဘုရား ပင်ပန်းကြီးစွာ ရှာဖွေ တွေ့ရှိခဲ့သည့် 'တရားအမှန်'ကို ဟောကြားကြကုန်လော့"–ဟု မိန့်ကြားပြီး၊ သာသနာပြု စေလွှတ်တော် မူခဲ့၏။ ဗုဒ္ဓကိုယ်တော်တိုင်ပင် ၄၅–နှစ်ပတ်လုံး အနယ်နယ်သို့ မနေမနား–အပင်ပန်းခံပြီး၊ 'တရားအမှန်'ကို ဟောကြား၍၊ လူအများ၏ကြီးပွါး–ချမ်းသာရေးကို လုပ်ဆောင်တော်မူခဲ့၏။ BURMESE CLASSIC .com

ဗုဒ္ဓ၏တပည့်သား ရဟန်းတော်များသည် ဗုဒ္ဓ၏စံနမူနာကို တိတိကျကျ လိုက်နာ၍ "ကိုယ်ကျိုးမဖက် အများအကျိုးအတွက်"သာသနာပြုလုပ်ငန်းကို ကိုယ်စီ ကိုယ်ငှ–စနစ်တကျ– ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့လျှင်မူကား (ဤစာအုပ်ထဲ၌ ပြဆိုထားသကဲ့သို့) သာသနာတော် နှစ်တထောင်ခန့်အကြာတွင် အိန္ဒိယပြည်၌ သာသနာကွယ်ပျောက်ခဲ့ရခြင်း–ဟူသော ဝမ်းနည်းဖွယ် အဖြစ်ဆိုးကြီးကို တွေ့မြင်ရမည် မဟုတ်ပေ။

သို့ဖြစ်၍ သာသနာ့ဝန်ထမ်းတို့သည် "အမြဲ–လျင်မြန်စွာပြောင်းလဲနေသည့် ခေတ်–ကမ္ဘာ အခြေအနေကို မျက်ခြေမပြတ်စောင့်ကြည့်၍'သာသနာပြုဉာဏ်မျက်စိ'ကို ကျယ်ကျယ်ကြီးဖွင့်ပြီး ပြည်တွင်းပြည်ပ၌ ထိရောက်–အောင်မြင်စွာ သာသနာပြုနိုင်စေကြောင်း "ခေတ်မီ ပရိယတ္တိပညာ သင်ကြားရေးစနစ်"ကို တီထွင်–ကြံဆ–ချမှတ်–ကျင့်သုံးကာ၊ "နာမည်ကြီး–ဘွဲ့ကြီးရေး အမြင်ကျဉ်း အလုပ်မျိုး"ကို ဘေးဖယ်ထားပြီး၊ "အမျိုးဘာသာ–သာသနာထွန်းတောက်စေလိုစိတ်" သက်သက်ဖြင့် အများအကျိုးပြု–သာသနာပြုလုပ်ငန်းကြီးကို အင်တိုက်အားတိုက် ညီညီညွတ်ညွတ် လုပ်ဆောင် သင့်ပြီဖြစ်ပါကြောင်း–––

မြင့်ဆွေ
၁-၇-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယပြည် ဗုဒ္ဓသာသနာ့သမိုင်း

## ၁။ အိန္ဒိယပြည်၌ ဗုဒ္ဓမပေါ်ထွန်းမီ ဘာသာရေးအခြေအနေ

ရှေးဦးလူသားတို့သည် အသိဉာဏ်မဖွံ့ဖြိုးသေးရကား ပင်ကိုယ်သဘာဝအားဖြင့် (၁) ဘေးအန္တရာယ်ကို ကြောက်ရွံ့၍ ဘေးကင်းလုံခြုံစွာ နေထိုင်လိုကြသည့်အပြင်၊ (၂)မိမိတို့၏ဘဝနေထိုင်ရေး၌ ကြီးပွါးချမ်းသာလိုကြ၏။ ဤသို့လျှင်"**ကြောက်ရွံ့မှု**"နှင့် "**အလိုဆန္ဒပြည့်ဝလိုမှုများ**"၂-မျိုးကို အခြေခံ၍၊ ဤကမ္ဘာကြီး၌ ထူးဆန်းစွာဖြစ်ပေါ်နေကြသည့် အထက်ကောင်းကင်ရှိ နေ,လ,နက္ခတ်,တာရာ-စသည်တို့ကိုရင်း၊ ဤကမ္ဘာမြေပေါ်ရှိ မြစ်ချောင်း,အင်းအိုင်,ပင်လယ်-သမုဒ္ဒရာ,တော,တောင်,လေ,မိုး- စသည်တို့ကိုရင်း၊ တန်ခိုးကြီးနတ်တို့ ဖန်ဆင်းနေထိုင်ရာများဟု ထင်မှတ်ယူဆကြပြီး ထိုနတ်များကိုရည်စူး၍ ထိုနတ်များနေထိုင်ရာများဟု ယူဆသည့်အဆိုပါသဘာဝရေ, မြေ,တော,တောင်,နေ,လ-စသည်တို့ကို ကိုးကွယ်-ဆည်းကပ်-ပူဇော်ပသကာ "အရှင် နတ်မင်း(တို့) အကျွန်ုပ်တို့ကို ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်စောင့်ရှောက်ပေးတော်မူကြပါ။ အကျွန်ုပ်တို့အား ကြီးပွါးချမ်းသာအောင် မ-စပေးတော်မူကြပါ"-စသည်ဖြင့် သက်မဲ့အရာထူးတွေကို နတ်များအဖြစ် ကြံဖန်ယူဆ၍ ကိုးကွယ်ဆည်းကပ် -ပူဇော်ပသ-ဆုတောင်းကြသည့်အလေ့အထ ဖြစ်ပေါ်လာခဲ့၏။

ထို့နောက် တစ်ဆင့်တက်၍ "ထိုနတ်မင်းတို့အပေါ်၌ စိုးမိုးအုပ်ချုပ်သူ အစဉ်ထာဝရတည်ရှိနေသော '**တန်ခိုးအကြီးဆုံးနတ်မင်းကြီး**'သည် ဧကန်ရှိရမည်။ ထိုနတ်မင်းကြီးသည် တန်ခိုးတော်အနန္တနှင့်ပြည့်စုံ၍ အဆိုပါနတ်များအပြင် ဤကမ္ဘာကြီးနှင့်တကွ ဤကမ္ဘာမြေကြီးပေါ်နှင့် အထက်ကောင်းကင်ရှိ (ဤစကြာဝဠာကြီး၏

အတွင်း၌) သက်ရှိသတ္တဝါ,သက်မဲ့အရာတွေကိုပါ ဖန်ဆင်းခဲ့သည်ဖြစ်ရမည်"ဟု တွေးတောကြံဆရာမှ 'ဣဿရ-နိမ္မာန-ဝါဒ'ခေါ် **'ဖန်ဆင်းရှင်-ထာဝရဘုရားသခင်'** ဝါဒသည် လောက၌ ပေါ်ထွန်းလာပြီး တဖြေးဖြေး ခေတ်စားလာခဲ့ပေသည်။

ဤတွင် အိန္ဒိယနိုင်ငံရှိ ဗြာဟ္မဏဝါဒီ (ဝါ) ဟိန္ဒူဝါဒီတို့က "**ဗြာဟ္မာမင်းကြီး**သည် ဤကမ္ဘာလောကကြီးကိုအစဆုံးဖန်ဆင်းသူ ထာဝရဘုရားသခင်ဖြစ်၏"-ဟု ယူဆခဲ့ကြပြီးနောက်၊'**ဗြဟ္မာ,ဝိသနိုး,ရှိဝ**'-ဟု ဘုရားသုံးဆူဝါဒကို တစ်ဆင့်တက်၍ ကြံဖန်ယူဆလာခဲ့ကြ၏။ ထိုမှတစ်ဖန် "ဗြဟ္မာမင်းကြီး'-ဟူသည် အနာဒိ(အစမရှိ) ကာလမှစ၍၊ အနန္တ(အဆုံးမရှိ)ကာလတိုင်တည်ရှိမည့် '**မဟာတွန်**'(မဟာအတ္တ)ခေါ် '**ဝိညာဏ်တော်ကြီး**'ဖြစ်၏"-ဟုကြံဆသည်မှ '**အတ္တဝါဒကြီး**'ပေါ်ထွန်းလာ၏။[ယင်း 'ဖန်ဆင်းရှင်-ထာဝရဘုရားသခင်ဝါဒ' 'အတ္တဝါဒကြီး'မှ မြစ်ဖျားခံ၍၊ 'မဟာယာနဗုဒ္ဓဘာသာ'၎င်း၊ '(ယေရှုခရစ်)-ခရစ်ယန်ဝါဒ'၎င်း၊ (ယင်းခရစ်ယန်ဝါဒ-နှင့် ဆင်တူသည့်) 'အစ္စလာမ်ဝါဒ'၎င်း သဘောသွားတူ-ပုံစံကွဲဖြင့် ဤလောကကြီး၌ ထင်ရှားလာကုန်၏။] ယင်းဝါဒတို့သည် 'သဗ္ဗညုဘုရားရှင်-ဂေါတမဗုဒ္ဓ'မပွင့်ပေါ်မီ ရှေးပဝေသဏီကာလ၌၎င်း၊ ဂေါတမဗုဒ္ဓ၏တရားတော် မရောက်ရှိ-မကြားသိရသေးသည့် ဒေသများရှိ လူတို့၏စိတ်နှလုံးထဲ၌၎င်း၊ ဂေါတမဗုဒ္ဓ၏တရားတော်ကို နာကြားမှတ်သားကြသော်လည်း၊ မိမိတို့၏ယုံကြည်လက်ခံရင်း-အယူများကြီးကို မစွန့်နိုင်အောင် အစွဲကြီးစွဲကြသည့် လူတို့၏စိတ်နှလုံးထဲ၌၎င်း(ဉာဏ်မျက်စိမရှိ-စုံလုံးကန်းကြသဖြင့်) အမြစ်တွယ်လျက်ရှိပေသည်။

သံသရာဝဋ်ဆင်းရဲတွင်း၌ အလူးအလဲခံနေကြရသည့် ဒုက္ခိတသတ္တဝါတွေကို လွန်စွာသနားခြင်း'**မဟာကရုဏာဓာတ်**'အားကြီးလှသော၊ ထိုသတ္တဝါတွေကိုဝဋ်ဆင်းရဲမှကယ်တင်နိုင်မည့် 'သဗ္ဗညုတဉာဏ်တော်ကြီး'ကို ရရာ-ရကြောင်း နည်းလမ်းကို

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တိုင်ရှာဖွေတွေ့ရှိခဲ့သည့် '**ဥပါယကောသလ္လဉာဏ်တော်**'-ဤတရားမြတ်နှစ်ပါးကိုအခြေခံ၍၊ ဒါန-စသည့် ပါရမီဆယ်ပါး-ကုသိုလ်တရားများကို လေးအသင်္ချေနှင့်ကမ္ဘာတသိန်း-ဟူသော မရေမတွက်နိုင်သည့် ကပ်-ကမ္ဘာများစွာတိုင်တိုင် ဆည်းပူး-ဖြည့်ကျင့်-လေ့ကျင့်ခဲ့သော ဘုရားအလောင်း-ယောကျ်ားမြတ်-ကမ္ဘာ့သူရဲကောင်းကြီးတဦးသည် ဤကမ္ဘာ၌ '**ဂေါတမဗုဒ္ဓ**'အမည်ဖြင့် အတုမရှိ သဗ္ဗညုဘုရားရှင်တပါးပေါ်ထွန်းလာခဲ့၏။ (တပါးသောသတ္တဝါတွေကို ကယ်တင်ဖို့အတွက် မရေမတွက်နိုင်သည့် ကမ္ဘာအသင်္ချေများစွာတိုင် ကိုယ်ကျိုးစွန့်-အနစ်နာခံမည့်သူမျိုး မရှိသလောက် ရှားပါးလှသဖြင့်၊ ထိုသဗ္ဗညု-ဘုရားမျိုး မပွင့်ပေါ်သည့် ကပ်-ကမ္ဘာတွေလည်းမြောက်များစွာ ရှိခဲ့ကြရာ၊ ထိုကာလများအတွင်း၌ လောကကြီးမှာ 'ဒိဋ္ဌိ'ခြံပုတ်တို့ဖြင့်သာ ဖုံးအုပ်နေ၏။)

စိတ်နှလုံးတော်လည်း အတုမရှိ ကောင်းမွန်-သန့်ရှင်း၍၊ အတုမရှိဉာဏ်တော်ကြီးဖြစ်သည့် သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ရရှိခဲ့သော 'ဂေါတမ-ဗုဒ္ဓ'သည် (အခြားသာမည-ဘာသာရေးခေါင်းဆောင်,ဆရာကြီးများနှင့် လားလားမျှမတူပဲ) သတ္တဝါတွေအပေါ် ကိုယ်ချင်းစာစိတ်ထားရှိနိုင်သည့် 'စိတ်နှလုံးဖြူစင်-သန့်ရှင်း'ဘို့ရန်၎င်း၊ သက်ရှိ-သက်မဲ့လောကများသည် ဓာတ်သဘောတွေ စုပေါင်းဖွဲ့စည်းထားသည်ကို အမှန်အတိုင်းသိမြင်သော ဉာဏ်အမြင်ကို ရရှိစေရန်၎င်း၊ ဘုရားဖြစ်ပြီးနောက် ၄၅-နှစ်တိုင်တိုင် မနေမနား-မမောနိုင်-မပန်းနိုင် လှည့်လည်၍ အတုမရှိ မြတ်သောတရား-မမွတွေကို ဟောကြားပြသကာ '**ဓမ္မဉာဏ်တော်ကြီး**'ကို ပေးတော်မူခဲ့၏။

သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဟောကြားတော်မူခဲ့သော ဗုဒ္ဓ၏တရားဓမ္မတော်က ဆိုထားသည်ကား-"**သက်မဲ့လောကကြီးသည်** ရေ-မြေ-လေ-မီး ရုပ်ဓာတ်ကြီးလေးပါး စွမ်းအင်များ၏ အစုအဝေးမျှသာဖြစ်ကြောင်း၊**သက်ရှိလောကကြီးသည်**

www.burmeseclassic.com

www.burmeseclassic.com


ကား ယင်းစိတ်ကြီးလေးပါး-စသည့်ရုပ်ဓာတ်**စွမ်းအင်**များအပြင်၊ 'ခံစား-ပြုပြင်-ကြံစည်'တတ်သည့် **နာမ်ဓာတ်စွမ်းအင်**များပါ စုပေါင်းဖွဲ့စည်း၍ ဖြစ်ပေါ်လာသည့် အရာဖြစ်ကြောင်း၊*ယင်းလောကကြီးနှစ်မျိုးကို မည်သူတဦးတယောက်ကမျှ (ဝါ) မည်သည့်တန်ခိုးရှင်-ဖန်ဆင်းရှင်-ထာဝရဘုရားသခင်ဆိုသူကမျှ ဖန်ဆင်းခဲ့သည် မဟုတ်ပဲ ရုပ်ဓာတ်,နာမ်ဓာတ်-ဟူသော သဘာဝစွမ်းအင်တို့၏ အဆက်မပြတ်လုပ်ဆောင်ထားမှုသာဖြစ်ကြောင်း၊ ထို့အပြင် ရုပ်နာမ်နှစ်ပါး ပါဝင်-ဖွဲ့စည်းထားသည့် သက်ရှိသတ္တဝါတို့မှာ 'နာမ်ဓာတ်စွမ်းအင်'များကသာ အုပ်စိုး-ချယ်လှယ်သည်ဖြစ်ရကား၊ "လောဘ,ဒေါသ,မောဟ,ဣဿာ"-စသည့်မကောင်း-ညစ်ညမ်း-**အလေးဓာတ်များ** အားကောင်းနေသည့် **သတ္တဝါဆိုး**တို့သည် အောက်ဆုံး-အညံ့ဆုံး-အဆိုးဆုံးသော အောက်အပါယ်ဘုံဘဝ၌သာ ကျဆင်းဖြစ်ရပြီး ဆင်းရဲဒုက္ခခံ၍ နေကြရကြောင်း၊*'သဒ္ဓါ,သီလ,စာဂ,ပညာ'-စသည့်ကောင်းမွန်-ဖြူစင်-**အပေါ့ဓာတ်များ** အားကောင်းကြသည့် **သတ္တဝါကောင်း**တို့သည်ကား၊ ဤလူ့ပြည်၌ လူသားများ, ထက်ကောင်းကင်ဘုံများ၌ နတ်,ဗြဟ္မာများအဖြစ် တက်ရောက်-ဖြစ်သွားရပြီး၊ ချမ်းသာသုခကို စံစားနေရကြောင်း(ဤသည်ကိုပင် မိမိစိတ်သန္တာန်ရှိ တရား=ဓမ္မက စီရင်-ဖန်ဆင်းခြင်းသာဖြစ်၍၊ အခြား မည်သည့်တန်ခိုးရှင်-ထာဝရဘုရားသခင်-ဆိုသူကမျှ တရားစီရင် ဖန်ဆင်းပေးသည် မဟုတ်ကြောင်း)-စသည်ဖြင့် ဟောကြားပြသလျက်၊ လူတို့အား **"လူသားတို့စိတ်နှလုံး ကောင်းမွန်-ဖြူစင်ရေး၊ ရုပ်ဓာတ်,နာမ်ဓာတ် စွမ်းအင်တို့၏ သဘောကို ထိုးထွင်းသိမြင်သည့် ဉာဏ်အမြင်ရရှိရေး"**တို့ကို ပေးတော်မူခဲ့၏။

ထိုဗုဒ္ဓ၏ အတုမရှိ-ကောင်းမွန်သော တရားဓမ္မတော်ကို ဗုဒ္ဓလက်ထက်၌ရင်း၊ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီး နောက်၌ရင်း၊ ဗုဒ္ဓ၏တပည့်သာဝကကြီးများက အနယ်နယ်-အရပ်ရပ်သို့ လှည့်လည်-ဟောကြားကာ သတ္တဝါတို့၏ ကြီးပွါး-ချမ်းသာရေးကို

www.burmeseclassic.com

www.burmeseclassic.com


သယ်ပိုးလုပ်ဆောင်ခဲ့ကြ၏။ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၂၃၅-နှစ်(ဘီစီ-၃၀၈)၌ အိန္ဒိယပြည်ကြီးကို အုပ်ချုပ်ခဲ့သော အသောကမင်းကြီးသည် ဗုဒ္ဓ၏တရားတော် အမှန် (ထေရဝါဒ)ကို လူသားတို့ သိမြင်-နားလည်-ကျင့်ကြံအားထုတ်လာရေး အတွက် (ထေရဝါဒ)သာသနာပြုရဟန်းတော်များကို အတိုင်းတိုင်း-အပြည်ပြည်သို့ စေလွှတ်၍ ဗုဒ္ဓဓမ္မ ပြန့်ပွါးအောင် လုပ်ဆောင်ခဲ့ပေသည်။ အသောကမင်းကြီး နတ်ရွာ စံသွားသော် ပြာဟ္မဏ(ဟိန္ဒူဝါဒီ)တို့ ခေါင်းထောင်လာပြီး ဗုဒ္ဓသာသနာတော်ကို တိုက် ခိုက်-ဖျက်ဆီးခဲ့သည့်အပြင်၊ မူဆလင်တို့က ဗုဒ္ဓသာသနာတော်ကို အမြစ်ပါ မကျန်ရ အောင် ဖြိုဖျက်ပစ်ခဲ့ကြရာ၊ အေဒီ-၅ရာစုလောက်တွင် ဗုဒ္ဓသာသနာတော်သည် ဇာတိ ဒေသ-အိန္ဒိယပြည်ကြီးမှ လုံးဝနီးပါး ပျောက်ကွယ်သွားခဲ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာ ရဟန်းတော်တို့သည် မင်းစိုးရာဇာ,သူဋ္ဌေးသူကြွယ်တို့၏ ထောက်ပံ့မှုကိုသာ အားကိုး လွန်းပြီး၊ 'လှည်းနေ,လှေအောင်း,မြင်းဇောင်းမကျန်'-အနယ်နယ်သို့ အပင်ပန်း- အ ဆင်းရဲခံပြီး သာသနာပြုလုပ်ငန်းတွေကို ကြိုးစားမလုပ်ပဲ၊ ကျောင်းတွင်း၌သာ 'အေး ဆေး-သက်သာ-ငြိမ်သက်စွာ'နေခဲ့ကြမှုကြောင့်ပင်၊ ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့ သော ဗုဒ္ဓ၏သာသနာတော်မှာ 'ရေတိမ်နစ်'ခဲ့ရသည်။ ဝမ်းနည်းဘွယ် သင်ခန်းစာ ကြီးကို တွေ့မြင်ရသည်-ဟု ဆိုချင်ပါ၏။

---

## ၂။ ။ ပထမ သင်္ဂါယနာ တင်ခြင်း

မြတ်စွာဘုရားသည် အိန္ဒိယပြည် မလ္လမင်းတို့၏ ကုသိနာရုံပြည် အင်ကြင်း ဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူပြီး၍၊ ၇-ရက်မြောက်မှာ ပါဝါပြည်မှကုသိနာရုံသို့ ရဟန်း ငါးရာနှင့်အတူ ကြွလာသော'အရှင်မဟာကဿပ'သည် လမ်းခရီးတွင် သစ်ပင်တပင် ရင်း၌ နားနေစဉ် (ဘုရားရှင်ပရိနိဗ္ဗာန်ပြုရာနေရာမှ ဘုရားရှင်အား ပူဇော်သောအား

www.burmeseclassic.com

www.burmeseclassic.com


ဖြင့် နတ်တို့ရွာချပေးသော)မန္ဒာရဝ-နတ်ပန်းကို ထီးသဖွယ်ဆောင်းလာသော အာဇီဝကတက္ကတွန်းတဦးထံမှ ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်၍ ၇-ရက်ရှိပြီဖြစ်ကြောင်း ကြားရသော်၊ ရာဂမကင်း, ရဟန္တာမဖြစ်ကြသေးသူ ရဟန်းတို့သည် သည်းစွာငိုကြွေးကြကုန်၏။ ထိုအခါ ထိုရဟန်းပရိသတ်ထဲပါ 'သုဘဒ္ဒ'အမည်ရှိ တောထွက်ရဟန်းကြီး တပါးက "ငါ့ရှင်တို့ မငိုကြလင့်။ ယခု ငါတို့ကို အမျိုးမျိုးချုပ်ချယ်ခဲ့သော ရဟန်းကြီးဂေါတမ၏ ချုပ်ချယ်မှုမှ ငါတို့ လွတ်မြောက်ပြီ၊ ငါတို့ ပြုလိုရာ ပြုနိုင်ပြီ"- ဟုဆိုလေ၏။ ထိုစကားကိုကြားရသော 'အရှင်မဟာကဿပ'သည် "ဘုရားရှင် ပရိနိဗ္ဗာန်စံသည်မှာ ၇-ရက်မျှသာ ရှိသေး၏။ သာသနာတော်၏ ရန်စူးရန်ညှောင့် ပေါ်ပေါက်လာပုံမှာ မြန်ဆန်လှ၏။ နောင်တွင် သာသနာ ဆုတ်ယုတ်တော့မည်"-ဟု ဓမ္မသံဝေဂဖြစ်တော်မူလျက် "ဘုရားရှင်ဟောကြားခဲ့သော 'ဓမ္မ-ဝိနယ'သာသနာတော်ကြီး'အဓွန့်ရှည်စွာခိုင်ခန့်အောင်, ရဟန်းဆိုးများ ခေါင်းမထောင်နိုင်အောင် သင်္ဂါယနာတင်ခြင်းအမှုကို မလွဲမသွေ ပြုရတော့မည်"-ဟု အကြံဖြစ်လေ၏။

ထို့နောက် အရှင်မဟာကဿပသည် ရဟန်းငါးရာနှင့်အတူ ကုသိနာရုံသို့ ဆက်လက်ကြွသွား၍ ဘုရားရှင်၏ခြေတော်အစုံကို ဦးခိုက်ရှိခိုးပူဇော်ပြီးသောအခါ (အရင်က နတ်တို့၏တန်ခိုးကြောင့် မီးရှို့၍ပင် မလောင်ခဲ့သော) ဘုရားရှင်၏ရုပ်ကလာပ်တော်တည်ရှိရာ နံ့သာထင်းပုံသည် အလိုလိုပင် 'တေဇောဓာတ်မီး'တောက်လောင်လေ၏။ ဘုရားရှင်၏ ရုပ်ကလာပ်တော် တကိုယ်လုံးသည် ၂-တင်းခန့်ရှိ ဓာတ်တော်များအဖြစ် ကြွင်းကျန်လေ၏။ ရုပ်ကလာပ်တော်ကို အထပ်ထပ် ရစ်ပတ်ထားသည့် ပုဆိုးအထပ်ငါးရာတွင် အပြင်ဆုံးအထပ်နှင့် အတွင်းဆုံးအထပ်(၂-ခု)တို့မှာ ပကတိအတိုင်း တည်ရှိပြီး၊ ယင်းတို့၏အလယ်ရှိ ပုဆိုးအထပ် ၄၉၈-ထပ်တို့သာ မီးလောင်ကျွမ်းလေ၏။ ထိုအခါ ဘုရားရှင်၏ဓာတ်တော်များကို အနုနည်းဖြင့်

www.burmeseclassic.com

တောင်းမရက တိုက်ခိုက်လုယူရန် စစ်တပ်ကြီး အသီးသီးကို ဦးဆောင်လာသော '၇-ပြည်ထောင်မင်း'တို့ ရောက်ရှိ-စုရုံးနေကြရာ ထိုမင်းတို့ကို ငယ်စဉ်က ပညာသင် ပေးခဲ့သော ဆရာကြီး'ဒေါဏပုဏ္ဏား'က ဆုံးမစကား ပြောကြားပြီး၊ ၂-တင်းခန့်ရှိ ဘုရားရှင်၏ဓာတ်တော်များကို 'မလ္လမင်း'တို့နှင့်တကွ၊ '၈-ပြည်ထောင်မင်း'တို့အား ဓာတ်တော်တစိတ်သားစီ အညီအမျှခွဲဝေပေးလိုက်၍ ပြဿနာအေးငြိမ်းသွားလေ၏။ ဤသို့လျှင် ကဆုန်လပြည့်နေ့ နံနက်အာရုဏ်တက်ချိန်၌ ဘုရားရှင်ပရိနိဗ္ဗာန်စံတော် မူရာတွင် "ရုပ်ကလာပ်တော်ကို ပူဇော်ပွဲ ၇-ရက်၊ နံ့သာထင်းပုံ မီးလောင်ကျွမ်းရာ ၇-ရက်၊ ဓာတ်တော်ပူဇော်ပွဲ ၇-ရက်"-ပေါင်း-၂၁-ရက်မြောက်နေ့၌ ဓာတ်တော်ခွဲဝေ ပေးပွဲ ပြီးဆုံးလေ၏။

ထိုအခါ ကုသိနာရုံပြည်၌ စုဝေးရောက်ရှိနေကြသည့် မရေမတွက်နိုင်သော ရဟန်းတော်တို့အနက် ခေါင်းဆောင်သံဃာ့ထေရ် မြောက်များစွာတို့ကို စည်းဝေးစေ လျက် '**အရှင်မဟာကဿပ**'သည် သုဘဒ္ဒရဟန်းကြီး ပြောခဲ့သည့်စကားကို ပြန်လည် မိန့်ကြားပြီး၍ "သာသနာတော် အဓွန့်ရှည်စွာတည်တံ့ရန် သင်္ဂါယနာတင်ခြင်းကို မလွဲမသွေ ပြုသင့်ကြောင်း"-တိုက်တွန်းလှုံ့ဆော် မိန့်ကြားလေ၏။ ထိုတွင် ခေါင်း ဆောင်သံဃာ့ထေရ်အပေါင်းက အရှင်မဟာကဿပအား "သင်္ဂါယနာတင်ပွဲ၌ ပါဝင် ဆောင်ရွက်နိုင်မည့် ရဟန်းတော်များကို ကိုယ်တိုင်ရွေးချယ်ရန်"တောင်းပန်ကြလေ၏။ ထိုအခါ အရှင်မဟာကဿပသည် (ဘုရားရှင်ဟောတော်မူခဲ့သည့် '**ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀**'-တို့ကို ဘုရားရှင်ထံမှ ကိုယ်တိုင်ကျနစွာ နာယူ-မှတ်သားခဲ့သည့် ယခု သောတာပန်မျှသာ ရှိနေသေးသော '**အရှင်အာနန္ဒာ**'မပါလျှင်၊ သင်္ဂါယနာတင်ခြင်း မဖြစ်နိုင်သည်ကို သိမြင်၍၊ အရှင်အာနန္ဒာကိုလည်း ကိုယ်တိုင် မရွေးချယ်သေးပဲ) ပိဋကသုံးပုံဆောင် ဆဋ္ဌာဘိညာ,ပဋိသမ္ဘိဒါပတ္တ-'**ရဟန္တာ-၄၉၉-ပါး**'ကိုသာ ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com


လေသော် ထိုအစည်းအဝေးပွဲရှိ သံဃာ့ထေရ်တို့က "အရှင်အာနန္ဒာကိုပါ ထည့်သွင်း ရွေးချယ်ပါရန်"တောင်းပန်ကြမှ **'အရှင်အာနန္ဒာနှင့်တကွ မထေရ်ငါးရာ'** အပြည့် ရွေးချယ်လေ၏။

ထိုအခါ အရှင်မဟာကဿပသည် သင်္ဂါယနာတင်မည့်နေရာအတွက် **'ရာဇဂြိုဟ်ပြည်'**ကို ရွေးချယ်ပြီး၊ အဆိုပါ မထေရ်ငါးရာမှတပါး အခြားရဟန်းအားလုံးသည် ရာဇဂြိုဟ်၌ ဝါမကပ်ပဲ အခြားမြို့ရွာများ၌သာ ဝါကပ်ကြရန် ဆုံးဖြတ်ကြေငြာလေ၏။ ဤသို့စီမံရခြင်းမှာ လပေါင်းများစွာကြာမည့် ဤသင်္ဂါယနာတင်ပွဲအတွင်းသို့ သဘော မတူသည့်ရဟန်းတပါးပါး လာရောက်-နှောင့်ယှက်-ဆန့်ကျင်ဘက်မပြုစေရန်အတွက် ဖြစ်၏။ ထို့နောက် အဆိုပါရဟန္တာမထေရ်ငါးရာတို့သည် ကုသိနာရုံမှ ၂၅-ယူဇနာ ဝေးသည့် **'ရာဇဂြိုဟ်ပြည်'**သို့ကြွ၍၊ ရောက်ရှိသော်-ဝါဆိုလပြည့်ကျော်-၁-ရက် ဝါဆို သံဃာအစည်းအဝေး၌ "ပထမ တလမှာ ကျောင်းများပြုပြင်ရန်၊ ဒုတိယလမှစ၍ သင်္ဂါယနာတင်ရန် ဆုံးဖြတ်ကြလေ၏။

ထို့နောက် ရာဇဂြိုဟ်ပြည်၌ သင်္ဂါယနာတင်မည့်အကြောင်း မထေရ်များက ပြောကြားလေရာ၊ **'အဇာတသတ်မင်း'**က "သင်္ဂါယနာတင်ပွဲကို ရဲရဲကြီး ပြုလုပ်ကြပါ ဘုရား၊ တပည့်တော်အနေဖြင့် **'အာဏာစက်'**ဖြင့် ကူညီပါမည်။ အရှင်မြတ်တို့ဘက်မှ **'ဓမ္မစက်'**တည်အောင် ကြိုးပမ်းကြပါ။ တပည့်တော်ကို အလိုရှိရာ ခိုင်းစေတော်မူကြ ပါဘုရား"-ဟု လျှောက်ထားလေသော် မထေရ်ကြီးတို့က 'သံဃအစည်းအဝေးပြုရာ ဌာန အလိုရှိကြောင်း'မိန့်ကြားကြလေ၏။

ထိုအခါ အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည် **'ဝေဘာရတောင်'**နံရံ၌ တည်ရှိသော (စရည်းပင်ပေါက်ရာ) **'သတ္တပဏ္ဏိလိုဏ်ဂူ'**၏အနီး၌ သံဃာတော်ငါးရာ စည်းဝေးရာ မဏ္ဍပ်ကြီးကို ခန်းနားကြီးကျယ်စွာ ဆောက်လုပ်စေလေ၏။ (မဟာဝံသာန

www.burmeseclassic.com

တို့၏ မှတ်တမ်း၌ကား 'ဂိဇ္ဈကုဋ်တောင်-ဣန္ဒသာလလိုဏ်ဂူ၌ ပထမသင်္ဂါယနာတင်သည်'-ဟု ဆို၏။) ထိုမဏ္ဍပ်ကြီးအတွင်း၌ ရဟန္တာမထေရ်ကြီးငါးရာအတွက် အဖိုးအနဂ္ဃထိုက်သည့် အခင်းငါးရာတို့ကို ခင်းထား၏။ သံဃာအားလုံး၏ရှေ့၌ အရှေ့ဘက်သို့မျက်နှာမူလျက် '**ဓမ္မာသနပလ္လင်**'(ဖြေမည့်ပုဂ္ဂိုလ် ထိုင်မည့်နေရာ)ကို ခင်းထား၏။ တောင်ဘက်နံရံကို ကပ်လျက် မြောက်ဘက်သို့ မျက်နှာမူ၍ '**ထေရာသနပလ္လင်**'(မေးမည့်ပုဂ္ဂိုလ် အရှင်မဟာကဿပထိုင်မည့်နေရာ)ကို ခင်းထား၏။ ထို့နောက် မင်းကြီးသည် သင်္ဂါယနာတင်မဏ္ဍပ်ကြီး ဆောက်လုပ်ပြီးစီးကြောင်း မထေရ်တို့အား လျှောက်ကြားလေ၏။

နက်ဖြန်(ဝါခေါင်လပြည့်ကျော်၅-ရက်နေ့)တွင် သင်္ဂါယနာတင်ပွဲ စတင်တော့မည်ဖြစ်၏။ ထိုအခါ အရှင်အာနန္ဒာအား(သတိသံဝေဂယူ၍ တရားထုတ်စေရန်)ရည်ရွယ်လျက် ရဟန္တာမထေရ်များထဲမှ တချို့က 'ကိလေသာ အညှီနံ့-နံစော်သူ'-ဟုပြောဆို၍၊ တချို့ကမူ 'ရဟန္တာမဖြစ်သေးပဲ သင်္ဂါယနာတင်ပွဲသို့ သင် မဝင်ရောက်သင့်'ဟု ပြောဆိုကြလေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ထိုနေ့တညလုံး မရပ်မနား စင်္ကြံလျှောက်လျက်၊ '**ကာယဂတာသတိ(သတိပဋ္ဌာန်)ကမ္မဋ္ဌာန်းတရား**'ရှုမှတ် ဆင်ခြင်မှုကို ကြိုးစားအားထုတ်လေရာ ဝီရိယလွန်နေ၍ တရားထူးမရသဖြင့် မိုးသောက်ယံ၌(ရှုမှတ်လျက်ပင်)စင်္ကြံမှသက်၍ ခြေတို့ကိုဆေးကြောပြီး ကျောင်းတွင်းသို့ဝင်ကာ ညောင်စောင်းပေါ်၌ထိုင်၍ ခေတ္တခဏအပမ်းဖြေ လဲလျောင်းမည်အပြုတွင် "ကိုယ်ကို ညောင်စောင်းပေါ်သို့ ကိုင်းညွှတ်-ခြေနှစ်ဘက်မှာလည်း မြေမှလွတ်-ခေါင်းအုံးပေါ်သို့လည်း ဦးခေါင်းမထိမီမှာ"ရဟန္တာဖြစ်သွားလေ၏။ (ထို့ကြောင့် ဣရိယာပုထ်လေးပါးမှလွတ်၍ ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်ထူးကား အရှင်အာနန္ဒာပင်ဖြစ်၏။)

ထိုနေ့နံနက် ဆွမ်းစားခြင်းကိစ္စပြီး၍၊ ရဟန္တာမထေရ်ကြီးတို့ သင်္ဂါယနာ အစည်းအဝေးသို့ စုံညီစွာရောက်ရှိ၍ မိမိတို့နေရာ၌ သီတင်းသုံးနေကြသော်၊ အရှင်အာနန္ဒာသည် မျက်နှာကြည်လင် ရဟန္တာတို့၏ဟန်မူ-ဣန္ဒြေဖြင့် တပါးတည်း ကြွကာ မိမိ၏နေရာ၌ သီတင်းသုံးလေ၏။ ထိုအခါ အရှင်မဟာကဿပသည် "အရှင်အာနန္ဒာ ရဟန္တာဖြစ်သွားကြောင်း" ဉာဏ်ဖြင့်သိမြင်၍၊ ဘုရားရှင်၏ကိုယ်စား "သာဓု"သုံးကြိမ်ဆို၍ ကောင်းချီးပေးလေ၏။ ထို့နောက် **'သံဃာ့နာယက အရှင်မဟာကဿပ'**သည် မေးမည့်ပုဂ္ဂိုလ်ထိုင်ရာ "**ထေရာသနပလ္လင်**"၌ ထိုင်၍၊ ၁-(ဝိနယပိဋကဆိုင်ရာ)ဖြေဆိုမည့်ပုဂ္ဂိုလ်ထိုင်ရာ "ဓမ္မာသနပလ္လင်"၌ (ဝိနည်းအရာ၌ ဧတဒဂ်-ရ) **'အရှင်ဥပါလိ'**ထေရ်ကို ထိုင်စေပြီး၊ 'ဝိနယပိဋက'ထဲပါ သိက္ခာပုဒ်တွေ တခုစီနှင့်ပတ်သက်၍ အရှင်မဟာကဿပက မေးပြီး၊ အရှင်ဥပါလိက တခုမကျန် အသေးစိတ် ဖြေဆိုလေ၏။ ဤသို့ အမေးအဖြေပြုလုပ်ပြီး၍၊ မထေရ်အားလုံးက သဘောတူလက်ခံကြသော အခါ ရဟန္တာမထေရ်ငါးရာတို့က သံပြိုင်ရွတ်၍ အတည်ပြု လက်ခံကြလေ၏။ ထို့နောက် ၂-(ဓမ္မဆိုင်ရာ) သုတ္တန်နှင့်အဘိဓမ္မာပိဋကနှင့်ပတ်သက်၍ ဖြေဆိုမည့်ပုဂ္ဂိုလ် **'အရှင်အာနန္ဒာ'**ကို 'ဓမ္မာသနပလ္လင်'၌ နေစေပြီး၍၊ အရှင်မဟာကဿပက ရှေးဦးစွာ **'သုတ္တန္တပိဋက'**နှင့်ပတ်သက်၍ရင်း၊ ထို့နောက်**'အဘိဓမ္မာပိဋက'**နှင့် ပတ်သက်၍ရင်း အကြောင်းစုံကို မေးမြန်းလေရာ အရှင်အာနန္ဒာက တခုစီ အသေးစိတ်ဖြေဆိုလေ၏။ ထိုတွင် 'သုတ္တန္တပိဋက'အကြောင်းမေးဖြေပြီးတိုင်း ယင်းပိဋကကိုရင်း၊ 'အဘိဓမ္မာပိဋက'အကြောင်းမေးဖြေပြီးတိုင်း ယင်းပိဋကကိုရင်း ရဟန္တာမထေရ်အားလုံးက သဘောတူကာ သံပြိုင်ရွတ်ဆို၍ အတည်ပြုလက်ခံကြလေ၏။

ဤသို့လျှင် ဘုရားရှင်ဟောကြားခဲ့သမျှအားလုံးကို (တစိတ်တဒေသမျှ နုတ်ပယ်ခြင်း-ဖြည့်စွက်ခြင်းမပြုပဲ) "**ဓမ္မ-ဝိနယအားဖြင့်ရင်း၊ ပိဋကသုံးပုံအားဖြင့်ရင်း၊**

www.burmeseclassic.com

www.burmeseclassic.com


နိကာယ်ငါးရပ်အားဖြင့်၎င်း၊ အင်္ဂါကိုးတန်အားဖြင့်၎င်း၊ ဓမ္မက္ခန္ဓာ-၈၄၀၀၀-အားဖြင့် ၎င်း၊ ဧကနိပါတ်,ဒုကနိပါတ်-စသည်အားဖြင့်၎င်း၊ အစီအစဉ်နေရာတကျဖြစ်အောင် ခွဲခြားသတ်မှတ်၍ သင်္ဂါယနာတင်ကြလေ၏။ ဤတွင် ဝါခေါင်လပြည့်ကျော်-၅ရက် မှစတင်၍၊ '၇-လတိုင်'ကျင်းပပြုလုပ်အပ်သော (ပထမ)သင်္ဂါယနာတင်ပွဲကြီး(ဘီစီ- ၅၄၄-၌)သည် တပေါင်းလပြည့်ကျော်(၅)ရက်နေ့၌ အောင်မြင်စွာပြီးစီးလေ၏။

---

## ၃။ ။ဒုတိယသင်္ဂါယနာတင်ခြင်း

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် 'နှစ်-၁၀၀'-ကြာသောအခါ(ရာဇဂြိုဟ်ပြည်မှ မြို့တော်အဖြစ်ပြောင်းရွှေ့ထားသော)'ပါဋလိပုတ်'နေပြည်တော်၌ 'ကာလာသောက' မင်းပြုနေစဉ်ကာလတွင် ဝိနည်းသိက္ခာပုဒ်များကို အမျိုးမျိုးကျူးလွန်ဖေါက်ဖျက်ကြ သည့် 'ဝေသာလီပြည်-ဝဇ္ဇီတိုင်းသား ရဟန်းဆိုးများ'က ဝိနည်းသိက္ခာပုဒ်များ၌ ပြင်ဆင်ချက် ၁၀-ခုကို ပြုလုပ်ကြကုန်၏။ ယင်း ၁၀-ချက်တို့ကား---

၁။ 'သိင်္ဂီလောဏကပ္ပ'= သားဦးချိုထဲထည့်၍ ဆောင်ထားသည့်ဆားကို နေ့စဉ်ဆွမ်းစားတိုင်း ရောနှောစားနိုင်၏။

၂။ 'ဒွင်္ဂုလကပ္ပ'= မွန်းလွဲပြီးနောက် နေရိပ်လက်၂-သစ်လွန်သည့်အထိ ရဟန်းများ ဆွမ်းစားနိုင်၏။

၃။ 'အာဝါသကပ္ပ'= မဟာသိမ်ကြီးတခုအတွင်း ကျောင်းအဆောက်အဦး များစွာရှိရာ တချိန်တည်းမှာပင် တကျောင်းစီ၌ သံဃာစည်းဝေး၍ 'ဥပုသ်ကံ'-စသည် သံဃာ့ကံများကို ပြုနိုင်၏။

၄။ 'အနုမတိကပ္ပ'= သံဃာ့အစည်းအဝေး၌ အရင်ရောက်နှင့်သောသံဃာ များက (နောက်မှရောက်လာသည့်သံဃာများထံမှ သဘောတူချက်ကို နောက်မှရယူ

www.burmeseclassic.com

www.burmeseclassic.com


မည်-ဟု ကြံ၍)ဆုံးဖြတ်ချက်တခုခုကို ပြုလုပ်နိုင်၏၊ သံဃာ့ကံပြုလုပ်နိုင်၏။

၅။ **'အာစိဏ္ဏကပ္ပ'**= (ဝိနည်းနှင့်ညီညီ-မညီညီ) မိမိတို့ဆရာသမား ပြုလုပ်ခဲ့သော အစဉ်အလာ ထုံးစံမှန်သမျှကို ပြုလုပ်နိုင်၏၊ အာပတ်မသင့်နိုင်။

၆။ **'ဂါမန္တရကပ္ပ'**= အခြားရွာသို့သွားရန်ကိစ္စရှိပါက ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုသောဆွမ်းကို စားနိုင်၏။

၇။ **'အမထိတကပ္ပ'**= ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုပဲ နို့ရည်အဖြစ်ကိုလွန်၍ ဒိန်ချဉ်အဖြစ်သို့ မရောက်သေးသောနို့ချဉ်ကို သောက်နိုင်၏။

၈။ **'ဇဠောဂီ'**= စိမ်ရည်(ခေါင်ရည်)အဖြစ်သို့ မရောက်သေးသော 'သေရည်-စိမ်ရည်အနုစား'ကို ရဟန်းများ သောက်သုံးနိုင်၏။

၉။ **'အ.ဒသက.နိသိန္န'**= အမြိတ်အဆာမပါသော နေရာထိုင်ခင်း(နိသီဒိုင်)သည် ရဟန်းများအား အပ်၏။

၁၀။ **'ဇာတရူပ.ရဇတ'**=ရဟန်းများသည် ရွှေငွေ(အသပြာ)ကို အလှူခံနိုင်၏။

ဘုရားရှင်လက်ထက်၌ပင် ဘုရားရှင်ဟောတော်မူခဲ့သည့် **ဓမ္မ**=တရားအချို့ကိုရင်း၊ ဘုရားရှင် ပညတ်ထားရှိခဲ့သည့် **ဝိနည်းသိက္ခာပုဒ်**အချို့ကိုရင်း ပြင်ဆင်ပြောင်းလဲလိုသည့် ရဟန်းအနည်းရှိခဲ့ကြ၏။ သို့ရာတွင် သူတော်စင်အရိယာမထေရ်တို့က သာလွန်အားကောင်းသဖြင့် ထိုရဟန်းဆိုးတို့ မလူနိုင်ပဲ နစ်မြုပ်သွားခဲ့ကြရ၏။ ယခု အဇာတသတ်မင်း၏ သားစဉ်မျိုးဆက်ပြတ်၍၊ ဝေသာလီမျိုးနွယ်ဖြစ်သော **'သုသုနာဂမင်း'**၊ ၎င်း၏သား **'ကာလာသောကမင်း'**များသည် မူလရှိရင်း**'ဓမ္မ-ဝိနယ'** ၌ နှုတ်ပယ်လို-ဖြည့်စွက်လိုကြသည့် ဝေသာလီပြည်-ဝဇ္ဇီတိုင်းသားရဟန်းဆိုးများ၊ **'ဂိုဏ်းရဟန်းများ'**ကို ထောက်ပံ့အားပေး ချီးမြှောက်ကြလေ၏။ ထို့ကြောင့် ရဟန်းဆိုး

www.burmeseclassic.com

www.burmeseclassic.com

အဆက်အနွယ် ဝဇ္ဇီတိုင်းသားရဟန်းများသည် အဆိုပါ **'ဝိနည်းပြင်ဆင်ချက် ၁၀-ခု'(အဓမ္မဝတ္ထု ၁၀-ပါး)**ကို ကျင့်သုံးကြလေ၏။

ဤအကြောင်းကို ကြားသိသော **'အရှင်မဟာယသ'**မထေရ်သည် **'ဝေသာလီပြည် မဟာဝုန်ကျောင်းတိုက်'**သို့ ကြွရောက်လေ၏။ ထိုနေ့ ဥပုသ်ပြုနေသည့် သံဃာများအလယ်၌ ရေပြည့်သောရွှေဖလားတခုကို ချထားလျက် ဥပုသ်နေ့၌ တရားနာရန်လာကြသည့် ဒါယကာတို့အား ပရိက္ခရာဘိုးအတွက် တတ်နိုင်သမျှအလှူငွေများထည့်ရန် ဟောပြောနေ၏။ ထိုအခါ 'အရှင်မဟာယသ'က ဒါယကာတို့အား "ရွှေငွေအသပြာကို အလှူမခံရ ရဟန်းတို့နှင့် မအပ်စပ်ကြောင်း" ဟောပြောလေ၏။ သို့ရာတွင် ဓလေ့ထုံးစံတခုဖြစ်နေသောကြောင့် လှူမြဲလှူဒါန်းကြ၏။ ဥပုသ်နေ့တညလုံး အလှူခံရသမျှငွေကို နံနက်လင်းသောအခါ ရဟန်းများ အညီအမျှ ခွဲဝေယူကြ၏။ အရှင်မဟာယသအားလည်း ဝေစုငွေအသပြာကိုပေးရာ မထေရ်ကလက်မခံပဲ ငြင်းပယ်လေ၏။

ထိုအခါ ဝဇ္ဇီတိုင်းသား ရဟန်းဆိုးများက အရှင်မဟာယသအား "ဝေသာလီသံဃာထုအပေါ် ဒါယကာတို့ အကြည်ညိုပျက်စေရန် ဟောပြောမှု"ဖြင့် စွပ်စွဲပြစ်တင်ကြပြီး "ဝေသာလီပြည်တွင်း၌လှည့်လည်၍ ဒါယကာတို့ကို တောင်းပန်ရမည်"-ဟုဆိုကြ၏။ (**'ပဋိသာရဏီယကံ'**ပြုကြ၏)။ ထိုအခါ အရှင်မဟာယသသည် ဝေသာလီမြို့တွင်းသို့ကြွ၍ "ဝိနည်းကို အမှန်အတိုင်း ပြောဆိုခြင်းဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံသည့် သင်ဒါယကာတို့ကို အကြည်ညိုပျက်အောင် လုပ်မိပေ၏"-စသည်၊ ဘုရားရှင်လက်ထက်က "အရှင်ဥပနန္ဒကိုအကြောင်းပြု၍ ရွှေငွေအလှူခံမှုကို တားမြစ်တဲ့သိက္ခာပုဒ်ကို ဘုရားရှင်က ပညတ်ခဲ့ကြောင်း"-အဖြစ်အပျက်ကို ထည့်သွင်းဟောပြောရှင်းပြလေသော်၊ 'ရဟန်းစစ်-ရဟန်းမှန်ပဲ'-ဟုဆို၍ အရှင်မဟာယသအတွက် ပစ္စည်းလေး

www.burmeseclassic.com

www.burmeseclassic.com


ပါး ဒကာခံကြလေ၏။ ထိုအခါ ဝဇ္ဇီတိုင်းသားရဟန်းဆိုးတို့သည် အရှင်မဟာယသကို '**ဥက္ခေပနီယကံ**'(သံဃာ့ဘောင်မှ ဝိုင်းကြဉ်မှု)ပြုရန် သံဃာများစုဝေးကြလေ၏။

အရှင်မဟာယသသည် အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်၍၊ '**ကောသမ္ဗီပြည်**'သို့ ကြွလေ၏။ ထို့နောက် ဝဇ္ဇီတိုင်းသားရဟန်းဆိုးများကို နှိမ်နင်းရန် '**မဇ္ဈိမဒေသ**'တခွင်လုံး၌ လှည့်လည်လှုံ့ဆော် ဟောပြောပြီး၊ "ထိုရဟန်းဆိုးများကို အားမကောင်းမီ အချိန်မီ နှိမ်နင်းကြပါရန်"-လှုံ့ဆော်ပြီးနောက်၊ '**ဥဇ္ဇေနီပြည်, ရာဇဂြိုလ်ပြည်,သာဝတ္ထိပြည်,ကုသိနာရုံပြည်**'-စသည်တို့သို့လည်း သံတမန်စေလွှတ်၍ ထိုအကြောင်းအလုံးစုံကို ပြောကြားလေ၏။ ထို့နောက် အရှင်မဟာယသသည် '**အဟောဂင်္ဂါတောင်**'၌ နေထိုင်သော'**အရှင်သမ္ဘူတ**'မထေရ်ထံ သွားရောက်၍ ထို'အဓမ္မဝတ္ထု ၁၀-ပါး'-အကြောင်းကိုလျှောက်ထားရာ၊ "ယင်း၁၀-ချက်တို့သည် ဝိနည်းနှင့် မညီကြောင်း"-အရှင်သမ္ဘူတ၏အဆုံးအဖြတ်ကို ရရှိလေ၏။ ထိုအချိန်၌ **အနောက်ဖက်တိုင်းပြည်များမှ** ကြွရောက်လာသည့် ရဟန္တာမထေရ်ကြီး ၆၀-နှင့် 'ဥဇ္ဇေနီ'-စသည့် **တောင်ဖက်တိုင်းပြည်များမှ** ကြွလာသည့် ရဟန္တာမထေရ် ၈၀-တို့သည်လည်း 'အဟောဂင်္ဂါတောင်'၌ စုဝေးရောက်ရှိလာကြကုန်၏။ ထို့နောက် '**သောရေယျတိုင်း**'နေ ပိဋကသုံးပုံဆောင်, ဝိနည်းမိုရ်ပုဂ္ဂိုလ်ကြီးဖြစ်သော '**အရှင်ရေဝတ**'ထေရ်၊ '**အရှင်မဟာယသ**'-အမှူးပြုသော ရဟန္တာမထေရ်ကြီးတို့သည် '**ဝေသာလီပြည်**'သို့ ကြွကြလေ၏။ ဝေသာလီပြည်၌ (အရှင်အာနန္ဒာ၏ အတူနေတပည့်ကြီး) သက်တော်-၁၄၀,ဝါတော်၁၂၀-ရှိ '**အရှင်သဗ္ဗကာမီ**'မထေရ်ကြီး သီတင်းသုံးနေ၏။

ထိုအခါ မရေမတွက်နိုင်သည့် သံဃာတော်တို့သည် '**ဝေသာလီပြည် မဟာဝုန်တော**'၌ စုဝေးရောက်ရှိသောအခါ၊ ဝေသာလီပြည်-စသည့် **အရှေ့ပိုင်းတိုင်းပြည်**များမှ 'အရှင်သဗ္ဗကာမီ'-အမှူးပြုသည့် တိပိဋကမရ-ရဟန္တာမထေရ်ကြီး-၄-ပါး၊ ဥဇ္ဇေ

www.burmeseclassic.com


နီ့,ရာဇဂြိုဟ်-စသည့် အနောက်ပိုင်းတိုင်းပြည်များမှ 'အရှင်ရေဝတ'ထေရ် အမှူးပြုသည့် တိပိဋကဓရ-ရဟန္တာမထေရ်ကြီး-၄-ပါးတို့ကို 'ဝိနည်းစိုရိ'များအဖြစ် ရွေးချယ်တင်မြှောက်ကြလေ၏။ ထိုအခါ သံဃာ့ထေရ်'အရှင်ရေဝတ'က သံဃာ့ထေရ်'အရှင်သဗ္ဗကာမီ'အား အဆိုပါ'**အဓမ္မဝတ္ထု-၁၀-ပါး**'ကို ဝိနည်းတော်နှင့် ညီ-မညီ မေးလျှောက်ရာ၊ 'အရှင်သဗ္ဗကာမီ'က ယင်း"၁၀-ချက်တို့သည် ဝိနည်းတော်နှင့်မညီကြောင်း"-တချက်စီ ဖြေရှင်းဆုံးဖြတ်လေ၏။ ထိုဆုံးဖြတ်ချက်များကို သံဃာ့အစည်းအဝေးကြီးက တညီတညွတ်တည်း လက်ခံအတည်ပြုကြလေ၏။

ဤအဓိကရုဏ်းကြီးငြိမ်းသောအခါ အစည်းအဝေး၌ ရောက်ရှိနေသည့် မရေမတွက်နိုင်သော သံဃာတော်များထဲမှ 'တိပိဋကဓရ-ပဋိသမ္ဘိဒါပတ္တ-ဆဠဘိည' **ရဟန္တာထေရ်ကြီး-၇၀၀-ကိုရွေးကောက်၍** '**ဒုတိယသင်္ဂါယနာတင်ပွဲ**'ကို(ဘီစီ၄၄၃)၌ပြုလုပ်ရာ၊ ရှစ်လကြာမှ ပြီးဆုံးလေ၏။ ဤသင်္ဂါယနာတင်ပွဲကို **ပါဋလိပုတ်ပြည် 'ကာလာသောကမင်းကြီး'**က အာဏာစက်ဖြင့် ထောက်ပံ့ကူညီ၍ သာသနာ့ဒါယကာခံယူလေ၏။

**ပထမစင်ပြိုင်သင်္ဂါယနာ**။ ။ ထိုအခါ ထိုဝဇ္ဇီတိုင်းသားရဟန်းဆိုးတို့သည် ရဟန္တာမထေရ်ကြီးတို့၏ ဆုံးဖြတ်ချက်ကိုမနာခံသဖြင့် ၎င်းတို့ကို သံဃာ့ကံပြု၍၊သံဃာမှ နှင်ထုတ်ကြလေ၏။ ထိုဝဇ္ဇီတိုင်းသားရဟန်းဆိုးတို့သည် ဝေသာလီပြည်မှ ထွက်ခွါ၍ အနယ်နယ်-အရပ်ရပ်တွင် '**အဓမ္မဝါဒီ**'ရဟန်းများကိုစုရုံး၍ ရဟန်းပရိသတ် **တသောင်း** ရရှိလာသောအခါ၊ '**ကောသမ္ဗီပြည်**'၌ စင်ပြိုင်(ပထမ)သင်္ဂါယနာတင်ကြကုန်၏။ အချို့သောနယ်စားမြို့စားနှင့် ဘုရင်(ငယ်)များက အားပေးထောက်ပံ့ကြ၏။ ထိုရဟန်းဆိုးတို့သည် မိမိတို့ဂိုဏ်းက နာမည်အားဖြင့် အပေါ်စီးရစေရန်၊ မိမိတို့ပြုလုပ်သည့် သင်္ဂါယနာကို '**မဟာသင်္ဂီတိ**'-ဟု အမည်တပ်ကြကုန်၏။ သူတို့၏ဂိုဏ်း

www.burmeseclassic.com


ကိုလည်း 'မဟာသင်္ဂီတိဂိုဏ်း'-ဟုရင်း၊ 'မဟာသံဃိကဂိုဏ်း'-ဟုရင်း (မဟာယာန၏ရှေ့ပြေးဂိုဏ်း)အမည်ပေးကြကုန်၏။

ထိုစင်ပြိုင်သာသနာ၌ ရှေးရဟန္တာမထေရ်ကြီးတို့က စီစဉ်ထားခဲ့ကြသည့် ပိဋကတ်ကျမ်းစာများကို ရှေ့နောက်-ကပြောင်းကပြန် ပြုလုပ်ကြကုန်၏။ နိကာယ်တခုမှ သုတ်ကို အခြားနိကာယ်ထဲ၌ရင်း၊ ဇာတကများကို ဝိနယပိဋကထဲ၌ရင်း၊ သုတ္တန်တရားများကို အဘိဓမ္မပိဋကထဲ၌ရင်း ပြောင်းရွှေ့ထားကြကုန်၏။ ပါဠိကိုလည်း ပြင်ဆင်၍ အနက်အဓိပ္ပါယ်ကိုလည်း တလွဲတချော် ဖွင့်ဆိုကြပြီး၊ သူတို့လိုရာရောက်အောင် ဆွဲယူကြကုန်၏။ မိမိတို့မကြိုက်သည့် သုတ်-ဝိနည်းတို့ကို နှုတ်ပယ်-ဖြုတ်ပစ်ကြပြီး၊ မိမိတို့၏ မလေ့စရိုက်အကျင့်နှင့် ကိုက်ညီသောသုတ်-ဝိနည်းတရားအသစ်များကို စီစဉ်ထည့်သွင်းကြကုန်၏။ ဝိနည်းငါးကျမ်းမှ 'ပရိဝါပါဠိတော်'ကို ဖြုတ်ပယ်ကြ၏။ အချို့က (မူလ)အဘိဓမ္မာတခုလုံးကို ဖြုတ်ပယ်ပစ်ကြပြီး၊ အဘိဓမ္မာကျမ်းသစ်များကိုလည်း ရေးသားစီရင်ကြကုန်၏။ 'ပဋိသမ္ဘိဒါမဂ္ဂ, မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသ'ပါဠိတော်များကိုဖယ်ထုတ်ကြကုန်၏။ ဇာတကပါဠိတော်မှ ဇာတ်တော်အချို့ကိုဖြုတ်၍၊ အသစ်စီရင်ထည့်သွင်းကြကုန်၏။ ရတနာသုံးပါးနှင့်မစပ်ဆိုင်သည့် 'မဥ္စုသိရိနိကာယ'-စသည့်ဂိုဏ်းအမည် အထူးအဆန်းများကို သုံးစွဲကြကုန်၏။ သင်္ကန်းဝတ်ပုံကိုလည်း တမျိုးတီထွင်ကြ၏။ ရဟန်းပရိက္ခရာများကိုလည်း ပြုပြင်တီထွင်ကြ၏။ နေပုံ-ထိုင်ပုံ-စားသောက်ပုံ-သွားလာပုံများကိုလည်း တမူတီထွင်ကြ၏။ 'သင်္ကန်းချုပ်ပုံမှာလည်း အကျီပုံ-ဘောင်းဘီပုံ'-စသည်ဖြင့် တမျိုးတီထွင်ကြကုန်၏။

ဂိုဏ်း ၁၈-ဂိုဏ်းကွဲခြင်း။ ။ဝဇ္ဇီတိုင်းသား ရဟန်းဆိုးများဦးဆောင်၍ (မူလသံဃာအစစ်မှ)ပထမဆုံးခွဲထွက်သွားသောဂိုဏ်းကို 'မဟာသင်္ဂီတိဂိုဏ်း=မဟာသံဃိကဂိုဏ်း'-ဟုခေါ်၏။ ထိုမဟာသံဃိကတို့၏ ဦးဆောင်မှုကြောင့် ဂိုဏ်းတွေ အကွဲကွဲ

www.burmeseclassic.com

www.burmeseclassic.com


အပြားပြား ဆက်ကာဆက်ကာ ပေါ်ပေါက်လာတော့သည်။ ဒုတိယသင်္ဂါယနာတင်ပြီးနောက် တတိယသင်္ဂါယနာမတိုင်မီ **'နှစ်၁၀၀-ကျော်'**အတွင်း၌ (၁) **'မဟာသံဃိကဂိုဏ်း'**မှ ဆက်ကာဆက်ကာ **'၅-ဂိုဏ်း'**အထိ ကွဲသွားကြ၏။ ထို့အတူပင် (၂)**'မူလပင်မ-ထေရဝါဒ'**မှလည်း ဂိုဏ်းကွဲများ ဆက်ကာဆက်ကာ ကွဲသွားလေရာ **'သဗ္ဗတ္ထိဝါဒ,ဓမ္မဂုတ္တိက,ကဿပိက,သုတ္တန္တိကဝါဒ'**-စသည်အားဖြင့် **'၁၁-ဂိုဏ်း'**အထိကွဲထွက်ကြကုန်၏။ သို့ဖြစ်၍ မူလထေရဝါဒဂိုဏ်းနှင့် ပထမခွဲထွက်သည့်မဟာသံဃိကဂိုဏ်းတို့ကို ထည့်ပေါင်းလျှင် **'၁၈-ဂိုဏ်း'**ဖြစ်လေ၏။ ထိုမှနောက်၌လည်း ဂိုဏ်းကွဲငယ်များ ဆက်လက်ကွဲပြားကြောင်းကို**'ကထာဝတ္ထုအဋ္ဌကထာ'**၌ ပြဆိုထားပေသည်။

---

## ၄။ တတိယ သင်္ဂါယနာ တင်ခြင်း

**သာသနာနှစ်၂၀၂-နှစ်၌ 'အသောကမင်းကြီး'**နန်းတက်၍ မဇ္ဈိမဒေသတခုလုံးကို စိုးမိုးအုပ်ချုပ်လေ၏။ သူ၏ဖခင်**'ဗိန္ဒုသာရမင်း'**ကြီးကား **'ဂျိန်းဘာသာ'**၏ သာသနာ့ဒါယကာဖြစ်၏။ ထို့ကြောင့် အသောကမင်းကြီးနန်းတက်သောအခါ၌လည်း **'အဝတ်မဝတ်သောဂျိန်းရဟန်းများ, အာဇီဝိကတက္ကတွန်းရဟန်းများ, ဗြာဟ္မဏဘာသာဝင်ရဟန်းများ'**ကို လှူဒါန်းထောက်ပံ့လေ၏။ နန်းတက်ပြီး ၄နှစ်ကြာသောအခါ အဘိသိက်ခံ၏။ ထိုအခါ မိမိတူတော် **'နိဂြောဓသာမဏေ'**၏ ဟောကြားဆုံးမမှုကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လေ၏။ ထိုအချိန်မှစ၍ နေ့စဉ်နန်းတော်၌ ဆွမ်းစားနေကျ အဝတ်မဝတ်သည့်(ဂျိန်း)ရဟန်း-၆-သောင်းကို နန်းတော်သို့ အဝင်မခံပဲ မောင်းထုတ်ခဲ့လေ၏။ ထို့နောက် မင်းကြီးသည် နေ့စဉ်နေ့တိုင်းဘုရားရှင်အား-တသိန်း, တရားတော်အား-တသိန်း, သံဃာတော်အား-တသိန်း, ဆရာဖြစ်သည့်နိဂြောဓသာမဏေအား-တသိန်း, ရဟန်းသံဃာတော်များ ဆေးပစ္စည်းအတွက်

www.burmeseclassic.com


မြို့တော်တံခါး-၄-ရပ်၌ တသိန်း၊ စုစုပေါင်း'၅-သိန်း'လှူဒါန်းပူဇော်လေ၏။ **'ဓမ္မက္ခန္ဓာပေါင်း-၈၄၀၀၀'**-ကို အထိမ်းအမှတ်ပြု၍ ဇမ္ဗူဒိပ်ကျွန်း၌ 'ရေတွင်းပေါင်း, ရေကန်ပေါင်း, ကျောင်းပေါင်း, စေတီပုထိုးပေါင်း-၈၄၀၀၀-စီတို့ကို လှူဒါန်းလေ၏။ ထိုအခါ ဂိုဏ်းရဟန်းများ, အာဇီဝိကတက္ကတွန်းများ, ဗြာဟ္မဏနွယ်ဝင်ရဟန်းများသည် လာဘ်လာဘရှားပါး၍ စားရေးသောက်ရေးခက်ခဲရကား ဗုဒ္ဓသာသနာတော်အတွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်ကြလေ၏။

အချို့သောတိတ္ထိတို့သည် ဗုဒ္ဓ၏တရားတော်ကို ယုံကြည်ဟန်ဆောင်၍ ရဟန်းကောင်းများထံ၌ ရဟန်းပြုကြပြီး၊ နောင်သောအခါ မိမိတို့၏ **'တိတ္ထိအယူဝါဒများ'**ကို ဟောပြောကြ၏။ အချို့တိတ္ထိများကား မိမိတို့ဘာသာ သင်္ကန်းဝတ်၍ ရဟန်းအသွင်ကို ယူပြီး၊ ရဟန်းကောင်းတို့နှင့် ရောနှောနေထိုင်ကြ၏။ ထိုသူတို့သည် ရဟန်းအသွင်ဖြင့် သူတို့ကျင့်နေကျ 'ရေငုတ်ခြင်း,မီးလှုံခြင်း, စောက်ထိုးဆွဲခြင်း,အုံးပင်စိုက်ခြင်း'-စသည့်အကျင့်များများကို ကျင့်ကြကုန်၏။ မိမိတို့၏တိတ္ထိဝါဒများကို ဘုရားဟောတရားဖြစ်လေဟန် လုပ်ကြံဟောပြောကြ၏။ ထို**'ရဟန်းတု'**တို့သည် နေရာတကာ ရောနှောပါဝင်နေကြသဖြင့် **'ရဟန်းကောင်းများ'**မှာ ဥပုသ်,ပဝါရဏာ မပြုနိုင်ကြတော့ချေ။ **'အသောကာရုံကျောင်းတိုက်ကြီး'**၌ ဥပုသ်,ပဝါရဏာ မပြုနိုင်သည်မှာ ၇-နှစ်ကြာလေ၏။

ဤအကြောင်းကိုကြားသိရသော'အသောကမင်းကြီး'သည် ရဟန်းများ ဥပုသ်,ပဝါရဏာပြုနိုင်ရေးအတွက် အမတ်တယောက်ကို စေလွှတ်၍ ဆောင်ရွက်စေ၏။ ထိုအမတ်မိုက်သည် ရဟန်းကောင်းတို့ကို 'အမိန့်တော် မနာခံ'-ဟုဆိုကာ သတ်ဖြတ်လေ၏။ ထိုသို့ ရဟန်းကောင်းများသတ်ဖြတ်ခံရသည့်အတွက် အသောကမင်းကြီးမှာ ယူကျုံးမရစိတ်မချမ်းမသာဖြစ်ရလေ၏။ ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အ

www.burmeseclassic.com


တွက် အရှင်မြတ်တို့၏ညွှန်ပြချက်အရ '**အဟောဂင်္ဂါတောင်**'၌နေသော '**အရှင်မဟာမောဂ္ဂလိပုတ္တတိဿ**'မထေရ်ကို နေပြည်တော်သို့ပင့်ဆောင်ကာ ဩဝါဒခံယူ၍၊ ၇-ရက်တိုင် အယူဝါဒများကိုသင်ယူလေ၏။ ထို့နောက် သံဃာတော်အားလုံးကိုအသောကာရုံကျောင်းတိုက်ကြီးသို့ ပင့်ဆောင်ပြီး ၎င်းတို့ကို အယူဝါဒတူရာ အုပ်စုအလိုက်ထားရှိ၍ သူတို့၏အယူဝါဒများကို မင်းကြီးကိုယ်တိုင် မေးစိစစ်လေ၏။ "မြတ်စွာဘုရားသည် အဘယ်ဝါဒရှိသနည်း"-ဟု မေးသောအခါ သမ္မာအယူရှိသူ ရဟန်းများက "**ဝိဘဇ္ဇဝါဒီ** ဖြစ်တော်မူ၏"-ဟုဖြေကြားလျှင် ထိုရဟန်းတို့ကို သာသနာတော်အတွင်း၌ ဆက်နေခွင့်ပြုပြီး၊ ထိုသို့မဖြေနိုင်သည့် ရဟန်းတုများကို အဝတ်ဖြူလဲစေကာ သာသနာတော်မှ နှင်ထုတ်လေ၏။ သို့ရာတွင် အချို့သောတိတ္ထိများသည် ဗုဒ္ဓ၏တရားတော်များကို သင်ယူဘူးကြ၍၊ မင်းကြီးမေးစစ်သောအခါ မှန်ကန်စွာ ဖြေဆိုနိုင်ကြ၏။ ထိုသို့မှန်ကန်စွာ ဖြေဆိုနိုင်သည့်ရဟန်းများနှင့် ထေရဝါဒမှတပါးသော '**မဟာသံဃိကဂိုဏ်း**'-စသည့် ၁၇-ဂိုဏ်းသားတို့ကိုမူကား 'အရှင်မဟာမောဂ္ဂလိကပုတ္တတိဿ' ကိုယ်တိုင်စိစစ်ထုတ်ပယ်၍၊ '**ထေရဝါဒီစစ်စစ်များ**'ကိုသာ ရွေးယူလက်ခံလေ၏။

ထို့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် ထေရဝါဒမှ တပါးသောဂိုဏ်းတို့၏ အယူဝါဒများ၏ မှားယွင်းပုံကို အပြန်အလှန် အမေး-အဖြေ အခြေအတင်ပြုလုပ်ပြီး ဝါဒတစ်ခုချင်းကို ထပ်မံ၍ အသေးစိတ်စိစစ်ထုတ်ပယ်လေ၏။ ယင်းအချက်အလက်တွေအားလုံးကို စုစည်းထောက်ပြဝေဖန်သည့်ကျမ်းကို*'**ကထာဝတ္ထုကျမ်း**'-ဟုခေါ်၏။ ဤကျမ်းသည် "**ထေရဝါဒပင်မကြီးအား တွယ်ကပ်လာသော '**ဆင်တူရိုးမှား-တရားတုများ**'ကို ပယ်ခွါပစ်သောကျမ်းကြီး**" ဖြစ်၏။ ဤကျမ်းကို မထေရ်မြတ်ကြီးဟောကြားပြီးနောက် ရဟန်းပေါင်းမြောက်များစွာထဲမှ ပိဋကသုံးပုံဆောင် '**ရဟန္တာမထေရ်ကြီး-၁၀၀၀**'-ကိုရွေးချယ်၍ ဘုရားရှင်ဟောတော်မူခဲ့သော

www.burmeseclassic.com

**'ဓမ္မ-ဝိနယ'**တို့ကို ရွတ်ဆိုအတည်ပြု၍ ၉-လတိုင် တတိယသင်္ဂါယနာကို တင်ကြလေ၏။

•

အသောကမင်းကြီးသည် (ဘီစီ-၃၀၈-၌) တတိယသင်္ဂါယနာတင်ပြီးနောက်၊ **မဇ္ဈိမဒေသ၌ ဗုဒ္ဓဒေသနာတော်မှာ အန္တရာယ်ဝန်းရံလျက်ရှိသည်ကို တွေ့နေရ၏။ မဇ္ဈိမဒေသ၌ ဂျိန်းဘာသာ, ဗြာဟ္မဏ-ဟိန္ဒူဘာသာတို့က အင်အားကောင်းလှ၏။ မိရိုးဖလာ အစဉ်အဆက်က အရိုးစွဲလာခဲ့၍ တချိန်ချိန်၌ လွှမ်းမိုးလာဦးမည်ဖြစ်၏။** ထို့ပြင် မူလပင်မ-ထေရဝါဒသာသနာတော်မှ ထုတ်ပယ်ခံခဲ့ရသော**'ဗုဒ္ဓဘာသာအမည်ခံ ဂိုဏ်းကွဲများသည်'** အသောကမင်းကြီး၏ တောက်ပ-ကြီးမားသည့် ဘုန်းတန်ခိုးအောက်၌ 'ပါဋလိပုတ်'နေပြည်တော်အနားသို့ မကပ်နိုင်ကြသော်လည်း **'ဝေသာလီ, ရာဇဂြိုဟ်, သာဝတ္ထိ, နာလန္ဒ, မထုရာ'-စသည်အခြားမြို့ကြီးများ၌ ခြေကုပ်ယူထားကြ၏။** ထို့ပြင် အသောကမင်းကြီး၏နန်းတွင်း၌ ဂျိန်းဘာသာဝင်-ဗြာဟ္မဏဟိန္ဒူဘာသာဝင်အမတ်ကြီးများ, စစ်သူကြီးများကလည်း နောင်တက်မည့် မင်းလောင်း-မင်းသားများကို မိမိတို့အယူဝါဒဘက်ပါအောင် စည်းရုံးသိမ်းသွင်းနေကြ၏။ **"သတ္တဝါတို့ကိုသတ်၍ယဇ်နတ်မပူဇော်ရ"**-ဟူသော အသောကမင်းကြီး၏အမိန့်တော်သည် ဗြာဟ္မဏ-ဟိန္ဒူဘာသာဝင်တို့၏လည်ပင်းကို ညှစ်သကဲ့သို့ဖြစ်၏။ ထေရဝါဒသာသနာတော်၏ရန်သူတို့ကား မင်းကြီးနတ်ရွာစံမည့်ရက်ကိုသာ လက်ချိုးရေတွက်နေကြ၏။ ဤအခြေအနေအားလုံးကို တွေ့မြင်နေရသော 'အသောကမင်းကြီး'သည် သာသနာတော်၏နောင်ရေးအတွက် စိတ်မအေးနိုင်ရှာပေ။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးပြုသည့် ရဟန္တာမထေရ်ကြီးများကလည်း **"မဇ္ဈိမဒေသ၌ သာသနာတော်ကြာရှည်မတည်နိုင်"**-ဟုသိမြင်တော်မူကြ၍မင်းကြီးနှင့်ညှိနှိုင်းပြီး၊ မဇ္ဈိမဒေသ၏ပြင်ပရှိ-**'၉-တိုင်း ၉-ဌာန'**သို့ သာသနာပြန့်ချီရန် သာသ

www.burmeseclassic.com

www.burmeseclassic.com

နာ ပြမြေထေရ်များကို စေလွှတ်ကြလေ၏။ ယင်းတို့ကား---

၁-'ကသ္မီရနှင့် ဂန္ဓာရတိုင်း'သို့ မဇ္ဈန္တိကထေရ်ကိုင်၎င်း၊ ၂-'မဟိံသကတိုင်း'သို့ မဟာဒေဝထေရ်ကို၎င်း၊ ၃-'ဝနဝါသီတိုင်း'သို့ ရက္ခိတထေရ်ကို၎င်း၊ ၄-'အပရန္တတိုင်း'သို့ ယောနက-ဓမ္မရက္ခိတထေရ်ကို၎င်း၊ ၅-'မဟာရဋ္ဌတိုင်း'သို့ မဟာဓမ္မရက္ခိတထေရ်ကို၎င်း၊ ၆-'ယောနကတိုင်း'သို့ မဟာရက္ခိတထေရ်ကို၎င်း၊ ၇-'ဟိမဝန္တာဒေသ' သို့ မဇ္ဈိမထေရ်ကို၎င်း၊ ၈-'သုဝဏ္ဏဘူမိ'သို့ သောဏနှင့်ဥတ္တရထေရ်တို့ကို၎င်း၊ ၉-'လင်္ကာဒီပ=သီဟိုဠ်ကျွန်း'သို့ မဟိန္ဒအမှူးပြုသည့်မထေရ်ငါးပါးကို၎င်း စေလွှတ်ခဲ့လေသည်။

---

## ၅။ အသောကမင်းကြီးအကြောင်း

ဘီစီ၃-ရာစုနှစ်ခန့်က 'ဂရိဧကရာဇ်ဘုရင်-အလက်ဇန္ဒား-သ-ဂရိတ်'(Alexander-the-great)၏ဂရိတပ်များသည် အိန္ဒိယပြည်အနောက်မြောက်ပိုင်းမှ ဝင်ရောက်တိုက်ခိုက်လာပြီး၊ အိန္ဒုမြစ်ဝှမ်းတခွင်၌ ကြီးစိုးလာသည့်အခါ၊ 'စန္ဒဂုတ္တမင်း'သည် ယင်းဂရိတပ်များကို 'ဂင်္ဂါမြစ်ဝှမ်း'သို့ ဝင်ရောက်မလာနိုင်စေရန် တွန်းလှန်တိုက်ခိုက်အောင်မြင်၍၊ နောင်အခါ ကျယ်ဝန်းကြီးမားသည့် 'မောရိယနိုင်ငံတော်ကြီး'ကို(ယခု အိန္ဒိယနိုင်ငံတော်ကြီး၌) တည်ထောင်ခဲ့၏။ ၎င်းမင်းကြီး၏ မြေးတော်ဖြစ်သော'အသောကမင်း'သည် ဗိန္ဒုသာရမင်းကြီးနှင့် ဓမ္မာမိဖုရားတို့မှ ဘီစီ၃၀၄-ခုနှစ်ခန့်၌ ဖွားမြင်၍၊ အရွယ်ရောက်လျှင် 'အဝန္တိတိုင်း ဥဇ္ဇေနီပြည်(မြို့)'ကို စားရပြီး၊ သာကီဝင်သူဌေးသမီး'ဝေဒိသဒေဝီ'နှင့် လက်ထပ်၍ နောင်အခါ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာပြုများဖြစ်လာမည့် သားတော်မဟိန္ဒနှင့် သမီးတော်'သင်္ဃမိတ္တာ'တို့ကို ရရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ခမည်းတော်'ဗိန္ဒုသာရမင်းကြီး'နာမကျန်းဖြစ်သည်ကို ကြားသိရလျှင် အသောကမင်းသားသည် 'ဝေဒိသဒေဝီ'နှင့် သားတော်,သမီးတော်တို့ကို'ဥဇ္ဇေနီပြည်'၌ပင် ထားခဲ့၍၊ ခမည်းတော်စိုးစံရာ 'ပါဋလိပုတ်'နေပြည်တော်သို့ အမြန်သွားရောက်၍ လုပ်ကျွေးပြုစုခဲ့၏။ သူသည် ခမည်းတော်နတ်ရွာစံလျှင် နိုင်ငံအားလုံးကို သိမ်းပိုက်ပြီး၍ ၄-နှစ်ကြာမှ(ဘီစီ၂၇၀-ခန့်၌) ရာဇဘိသိက်ကို ခံယူ၍၊ 'ဒေဝါနမ္ပိယ'-ဟူသောဘွဲ့၊ 'ပိယဒဿီ'-ဟူသောဘွဲ့ကို ခံယူခဲ့၏။ 'ဝေဒိသဒေဝီ'သည် သားတော်မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာတို့ကို ပါဋလိပုတ်နေပြည်တော်သို့ ပို့စေ၍၊ မိမိမူလ 'ဝေဒိသဂိရိ'မြို့၌ပင် နေလေ၏။

အသောကမင်းကြီးသည် နိုင်ငံတော်အုပ်ချုပ်ရေးကို စည်းစနစ်ကျနစွာဖြင့် ဆောင်ရွက်၏။ နိုင်ငံတော်အတွင်း၌ နယ်ပယ်အသီးသီးသို့ မင်းညီမင်းသားများနှင့် အမတ်ကြီးများကို စေလွှတ်ကာ အုပ်ချုပ်စေ၏။ ပြည်နယ်ကြီးများကို အုပ်ချုပ်ရသူတို့ကို 'ရာဇုက'-ဟုခေါ်၍၊ ခရိုင်ဝန်အဆင့်ရှိသူများကို 'ပြဒေသိက'-ဟုခေါ်၏။ နိုင်ငံတော်တခုလုံးကို ဌာနအသီးသီးခွဲ၍ အုပ်ချုပ်စေရာ၊ ဌာနတာဝန်ခံများကို 'မဟာမတ္တ'(အမတ်ကြီး)-ဟုခေါ်၏။ အသောကမင်းကြီးသည် အခြားနိုင်ငံများနှင့် သံတမန်လဲလှယ်ဆက်သွယ်၍ ချစ်ကြည်စွာ ဆက်ဆံခဲ့ရာ၊ 'ဂရိနိုင်ငံ'သည်လည်း မင်းကြီး၏ မောရိယနိုင်ငံတော်နှင့် အဆက်အသွယ်ရှိခဲ့၏။ မင်းကြီး၏နိုင်ငံတော်သည် ကြီးမားကျယ်ပြန့်၍၊ ပါဋလိပုတ်နေပြည်တော်မှ အိန္ဒုမြစ်ဝှမ်းအထိဂုဏ်း၊ အာရေဗျပင်လယ်အထိဂုဏ်း မင်းကြီး၏အမိန့်ရာဇသံကို နာခံကြရ၏။

အသောကမင်းကြီးသည် 'ဗြာဟ္မဏအယူဝါဒီ'တဦးဖြစ်ပြီး၊ ဘိုးတော်,ခမည်းတော်တို့ ပြုသကဲ့သို့ပင်၊ 'အာဇီဝက'ဂိုဏ်းသား ရဟန်းများကို ကိုးကွယ်၍၊ နေ့စဉ် 'အာဇီဝက'ခြောက်သောင်းတို့အား နန်းတော်၌ကျွေးမွေး၏။ သို့ရာတွင် မင်းကြီး

www.burmeseclassic.com


သည် ဘိသိက်ခံပြီး၍၊ '၄-နှစ်'မြောက်တွင် 'နိဂြောဓသာမဏေ'ငယ်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာအယူဝါဒ၌ သက်ဝင်ယုံကြည်သည့် ဥပါသကာတဦးဖြစ်လာပြီး၊ ထိုသာမဏေငယ်၏ ဆရာမထေရ်ဖြစ်သူ'အရှင်မဟာမောဂ္ဂလိပုတ္တတိဿ'နှင့်တကွရဟန္တာအရှင်မြတ်များစွာတို့ကို ရိုသေစွာဆည်းကပ်ကိုးကွယ်၍၊ ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်ဘို့ရန် နေပြည်တော်၏အရှေ့တောင်ဘက်၌ 'အသောကာရာမ' ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းလေ၏။

မင်းကြီးသည် ဘိသိက်ခံပြီးနောက် '၈-နှစ်'အကြာ(ဘီစီ၂၆၂-ခုနှစ်)တွင် အရှေ့ဘက်ပင်လယ်ကမ်းခြေရှိ 'ကလိင်(ဩရိဿ)တိုင်း'ကို ရေတပ်, ကြည်းတပ်အလုံးအရင်းဖြင့် ပြင်းထန်စွာတိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့လေရာ၊ မင်းကြီး၏ နိုင်ငံတော်သည် (ယခု အိန္ဒိယပြည်၏)တောင်ဘက်စွန်း ပြည်နယ်အချို့မှအပ အိန္ဒိယကျွန်းဆွယ်တခုလုံးပါဝင်လေသည်။ 'ကလိင်စစ်ပွဲကြီး'၌ သွေးချောင်းစီးဖြစ်ခဲ့ပြီး၍၊ ကလိင်တိုင်းရင်းသားများ သိန်းချီ၍ သေကြေပျက်စီးဒဏ်ရာရပြီး၊ သိန်းချီ၍ အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်ကို ကိုယ်တော်တိုင် တွေ့မြင်ရသည့်အခါ၊ လက်နက်အားကိုးဖြင့် သူတပါးတို့အား သတ်ဖြတ်-နှိပ်စက်မိခြင်းကို ယူကြုံးမရဖြစ်ကာ သနားခြင်း=ကရုဏာ, ချစ်ခင်ခြင်း=မေတ္တာ, ကိုယ်ချင်းစာစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပြီး၊ "မိမိထက် အင်အားငယ်သောနိုင်ငံများကို လက်နက်ဖြင့် အနိုင်မယူပဲ၊ မေတ္တာတရား=ဓမ္မအားဖြင့် အနိုင်ယူတော့မည်(ဓမ္မဝိဇယ)"-ဟု ဆုံးဖြတ်လေ၏။ ကလိင်တိုင်းမှ နေပြည်တော်သို့ ပြန်ရောက်သည့်အခါ 'မေတ္တာနှင့်ကရုဏာ'တရားကို အရင်းခံထား၍၊ သူတပါးအား သတ်ဖြတ်-ညှင်းဆဲမှုကို မလိုလား-အားမပေးသော 'ဗုဒ္ဓအယူဝါဒ'ကို ပို၍ကြည်ညိုလေးစားလာကာ ဗုဒ္ဓသာသနာတော်ကို များစွာချီးမြှောက် ထောက်ပံ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com


မင်းကြီးသည် မိမိ၏နိုင်ငံတော်အတွင်း၌ အရာထမ်း-အမှုထမ်းများကို သက်ဆိုင်ရာပြည်နယ်များသို့ စေလွှတ်-လှည့်လည်စေ၍၊ ဗုဒ္ဓ၏တရားဓမ္မများကို လူတို့အား ဟောကြားပြသစေလေ၏။ ထို့ပြင် မိမိဆောင်ရွက်သမျှ အကြောင်းအရာများနှင့်တကွ ဗုဒ္ဓ၏တရား အဆုံးအမများကို ကြာရှည်စွာ ပြည်သူအများ ဖတ်ရှု-လေ့လာ-ကျင့်သုံးနိုင်စေရန်၊ နိုင်ငံတော်အတွင်းရှိ နယ်ပယ်များစွာတို့၌ ကျောက်တိုင်များ,ကျောက်ပြားများ, ကျောက်လိုဏ်ဂူနံရံများ, (ကျောက်ဆောင်များ)၌ ကမ္ပည်းကျောက်စာများကို ရေးထိုးထားရှိစေ၏။ မင်းကြီးသည် ဘာသာရေးဆိုင်ရာ, လူမှုရေးဆိုင်ရာ အဆောက်အဦများစွာတို့ကိုလည်း ဆောက်လုပ်၍ ကုသိုလ်ပြုခဲ့၏။ ဗုဒ္ဓ၏ဓာတ်တော်-မွေတော်များကို ရှာဖွေ-စုဆောင်း၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ကိုးကွယ်ဆည်းကပ် ပူဇော်နိုင်စေရန် **'ထူပါရုံစေတီ'**များကို တည်ဆောက်ခဲ့၏။ ဗုဒ္ဓဟောကြားတော်မူခဲ့သည့် 'ဓမ္မက္ခန္ဓာပေါင်း-၈၄၀၀၀-တို့ကို အလေးဂရု-အထိမ်းအမှတ်ပြုသောအားဖြင့် ဇမ္ဗူဒိပ်ကျွန်းတခုလုံး နေရာအနှံ့အပြား၌ **'စေတီပေါင်း-၈၄၀၀၀-၊ ရေတွင်း,ရေကန်ပေါင်း ၈၄၀၀၀'**-တို့ကို ပြုလုပ်လှူဒါန်းခဲ့၏။ 'အသောကရာမကျောင်းတိုက်ကြီး'အပြင်၊ အခြားအရပ်များစွာတို့၌လည်း သံဃာတော်တို့ သီတင်းသုံးနေထိုင်ရန် ကျောင်းများကို ဆောက်လုပ်လှူဒါန်း၍ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပေးခဲ့၏။

ဤသို့ ဗုဒ္ဓသာသနာတော်အား မင်းကြီးက လွန်စွာချီးမြှောက်သဖြင့် (ဘာသာခြား)'တိတ္ထိတက္ကတွန်း'တို့သည် 'အစား-အဝတ်'အခက်အခဲများစွာကို တွေ့ကြုံရသဖြင့် ဗုဒ္ဓ၏တပည့် ရဟန်းတော်များအတွင်းသို့ ခိုဝင်လာကြရာမှ သာသနာတော်သည် မသန့်မရှင်း ဖြစ်သွားလေ၏။ ထိုအခါ မင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ ဩဝါဒအစီအမံဖြင့် ထိုတိတ္ထိတို့ကို စစ်ထုတ်-နှင်ထုတ်၍ ဗုဒ္ဓသာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်လေ၏။ ထို့နောက် သာသနာတော်အမွန့်

www.burmeseclassic.com

ရှည်စွာ တည်တံ့နိုင်စေရန်အတွက် သာသနာနှစ် ၂၃၅-ခု(ဘီစီ၃၀၈)၌ **အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို အကြီးအမှူးပြု၍ (တတိယအကြိမ်)သံဂါယနာ**တင်ခြင်းကို ပြုပေးလေ၏။ ထို့နောက် "သာသနာတော်သည် ဇမ္ဗူဒိပ်၌ကြာရှည်စွာမတည်တံ့ပဲ၊ ပြင်ပနိုင်ငံများ၌သာ တည်တံ့-စည်ပင်လိမ့်မည်"-ဟူသော မထေရ်မြတ်၏ မိန့် ကြားချက်အရ မင်းကြီးသည် '**ပစ္စန္တရစ်**= နိုင်ငံရပ်ခြား 'ကိုးတိုင်း-ကိုးဌာန' တို့သို့ သာသနာပြုရဟန္တာမထေရ်မြတ်တို့ကို စေလွှတ်၍ ဗုဒ္ဓသာသနာ ပြန့်ပွားရေးကို ဆောင်ရွက်လေ၏။

ထို့ပြင် မင်းကြီး၏နိုင်ငံတော်သည် 'ဂရိနိုင်ငံ'-စသည့် အနောက်နိုင်ငံများနှင့်လည်း အဆက်အသွယ်ရှိသဖြင့်၊ 'ဂရိ၊ဆီးရီးယား၊အီဂျစ်'-စသည့်နိုင်ငံများသို့ ဗုဒ္ဓသာသနာတော်၏ တရားအရှိန်အဝါ ပျံ့နှံ့ရောက်ရှိသွားလေ၏။ 'ကိုးတိုင်းကိုးဌာန'သို့ သာသနာပြုမထေရ်များကို စေလွှတ်၍ သာသနာပြုစေမှုကြောင့်၊ 'ဂရိ၊ ဆီးရီးယား၊ **အီဂျစ်-စသည့် အာရှတိုက်အနောက်ပိုင်းနိုင်ငံများ၊ အရှေ့ဥရောပနိုင်ငံများ၊ အိန္ဒိယတိုက်၏ အနောက်မြောက်ပိုင်းနိုင်ငံများနှင့် တောင်ဘက်စွန်းနိုင်ငံများ၊ သီဟိုဠ်ကျွန်း၊ မြန်မာနိုင်ငံ-အစရှိသည့် အာရှအရှေ့တောင်ပိုင်းနိုင်ငံများ'**-သို့ ဗုဒ္ဓသာသနာတော် ရောက်ရှိပျံ့နှံ့သွားခဲ့ပေသည်။ အထူးသဖြင့် မင်းကြီး၏သားတော် 'အရှင်မဟိန္ဒ'အမှူး ရှိသည့် မထေရ်များနှင့် သမီးတော်'သယ်မိတ္တာထေရီ'အမှူးရှိသည့် ထေရီမများ ကြွရောက်သာသနာပြုရာ 'သီဟိုဠ်ကျွန်း'သည် သာသနာတော် အလွန်အထူးစည်ပင်ပြန့်ပွားလာသဖြင့် နောင်တွင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ကွယ်ပျောက်လေသောအခါ၊ အရှေ့ဘက်နိုင်ငံများ၌ သာသနာတော်ထွန်းကား ပြန့်ပွားအောင် လုပ်ဆောင်သည့် အဓိကနိုင်ငံ ဖြစ်လာပေသည်။

www.burmeseclassic.com

www.burmeseclassic.com


# ၆။ အသောကခေတ်နောက် ဗုဒ္ဓသာသနာအခြေအနေ

**သာသနာနှစ် ၂၅၅-ခုနှစ်၌** အသောကမင်းကြီး နတ်ရွာစံသွားသည့်အခါ၊ မင်းကြီး၏ထီးနန်းကို ဆက်ခံသည့် မင်းအဆက်ဆက်တို့သည် ဗုဒ္ဓသာသနာတော်၌ ယုံကြည်-ချီမြှောက်မှု ဆုတ်ယုတ်လာသဖြင့် သာသနာတော်သည် တဖြေးဖြေး မှေးမှိန်သွားလေ၏။ သို့ရာတွင် မင်းကြီးနတ်ရွာစံပြီးနောက်၊ **အနှစ် ၂၀၀-**ကြာသောအခါ၊ အိန္ဒိယပြည်၏ အနောက်မြောက်ပိုင်းကို '**ဂရိလူမျိုး**'တို့ တိုက်ခိုက်-သိမ်းပိုက်-အုပ်စိုးလာသည့်အခါ ဂရိလူမျိုးတို့၏ သဘောထားကြီးမှု, အမြင်ကျယ်မှု, ချီးမြှောက်မှု'တို့ကြောင့် သာသနာတော်သည် တဖန်ထွန်းကားလာပြန်၏။ ဂရိမင်းများ၏ အဆက်အနွယ်ဖြစ်သည့် 'မေနန္ဒာ'ခေါ် '**မိလိန္ဒမင်းကြီး**'သည် ဗုဒ္ဓ၏ဓမ္မတို့ကို လေ့လာ-လိုက်စား၍၊ 'အရှင်နာဂသေန' (**အရှင်နာဂသိန်**)မထေရ်နှင့် တွေ့ဆုံမိကာ၊ ဗုဒ္ဓတရားတော်များကို အလေးအနက် ဆွေးနွေးရာမှ အလွန်အထူး သဘောကျ-နှစ်ခြိုက်သွား၍၊ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်သည့် သာသနဒါယကာ ဖြစ်လာလေ၏။

ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်သည့် မိလိန္ဒမင်းကြီး နတ်ရွာစံပြီးနောက်၊ အိန္ဒိယနိုင်ငံ၌ မှေးမှိန်သွားခဲ့သည့် ဗုဒ္ဓသာသနာတော်သည် **သာသနာနှစ် ၆၂၂-ခု** (အေဒီ ၇၈)တွင် (တူရကီပြည်ဖွား)'**ကနိသျှကမင်း**'လက်ထက်ရောက်သောအခါ ပြန်လည်ထွန်းကားလာလေသည်။ ထိုမင်းသည် (အသောကမင်းကြီးကဲ့သို့ပင်)အိန္ဒိယနိုင်ငံကို 'ဗုဒ္ဓဘာသာနိုင်ငံတော်'ဖြစ်လာအောင် ဆောင်ရွက်လေ၏။ ထိုခေတ်တွင် ထီးနန်းစိုက်ရာ '**ပုရုသျှ-ပုရ**'(ယခု ပါကစ္စတန်နိုင်ငံရှိ '**ပက်ရှဝါမြို့**')နေပြည်တော်မှစ၍ '**မြောက်ဘက်တလွှား, အာရှတိုက်အလယ်ပိုင်းနှင့် တရုပ်နိုင်ငံ**'များသို့ ဗုဒ္ဓသာသနာတော် ပြန့်ပွားသွားလေ၏။ ကနိသျှကမင်းသည် ကျမ်းတတ်သံဃာတော်များကိုပင့်၍ 'သင်္ဂါယနာတင်သဘင်'ကျင်းပခဲ့၏။ ယင်းသင်္ဂါယနာကို '**သမရိုးကျ-**

www.burmeseclassic.com


ထေရဝါဒ'ဂိုဏ်း၏ဂိုဏ်းခွဲဖြစ်သည့် 'သဗ္ဗတ္ထိဂိုဏ်း'က ကြီးမှူးကျင်းပခဲ့၏။ ယင်း သင်္ဂါယနာ၌ မာဂဓီ-ပါဠိဘာသာနှင့်ရှိသော ဗုဒ္ဓဟော မူလပိဋကတော်အချို့ကို သက္ကတဘာသာဖြင့် ပြန်ဆိုရေးသားခဲ့၏။ ထိုအချိန်တွင် 'မူလထေရဝါဒဂိုဏ်း'နှင့် ဆန့်ကျင်သည့်ဂိုဏ်းအားလုံးတို့သည် အချင်းချင်းသဘော ကွဲလွဲနေသည့် အယူအဆ များကိုညှိနှိုင်း၍၊ သဘောတူညီချက်ပြုလုပ်ကာ (နောင်သောအခါ 'မဟာယာနဂိုဏ်း' -ဟုခေါ်တွင်လာသည့်)'မဟာသံဃိကဂိုဏ်း-မဟာသင်္ဂီတိဂိုဏ်း'-ဟုသီးခြားဂိုဏ်း တခုကို ထူထောင်ကြလေ၏။ 'သဗ္ဗတ္ထိဂိုဏ်း'က ကြီးမှူးကျင်းပသော (သက္ကတဘာသာ ဖြင့် ပြန်ဆိုသည့်) ယင်းသင်္ဂါယနာကို (အသောကမင်းကြီး၏ တတိယသင်္ဂါယနာ ကို ထောက်၍) စတုတ္ထသင်္ဂါယနာ-ဟု မဟာသံဃိကဂိုဏ်းဝင်တို့က ခေါ်ဆိုကြ၏။ ယင်းသင်္ဂါယနာကို သာသနာနှစ် ၆၄၃-ခု(အေဒီ-၉၉)၌ 'ဝသုမိတ္တ,အဿဃောသ' မထေရ်တို့က ကြီးမှူး၍ ကသ္မီရတိုင်း လာဟိုမြို့၏ အရှေ့တောင်၊ သိမလာ= သိမ်လ= စိမ်လ-ဆိမလားမြို့၏ အနောက်ဘက် အနီးရှိ 'ဇာလန္ဓရ-ဇလန္ဓာမြို့'၌ သို့မဟုတ် 'ပက်ရှဝါမြို့'၌ ပြုလုပ်လေ၏။ ထိုအခါ၌ 'ဝိဘာသာဋီကာကျမ်းများ'ကို ရေးသား၍ သင်္ဂါယနာတင်သောကြောင့် 'ဝိဘာသိကဂိုဏ်း'-ဟုလည်း ခေါ်တွင်သည်။ ထိုသင်္ဂါ ယနာတင်ပြီးနောက် အရှင်အဿဃောသသည် 'ဗုဒ္ဓစရိတ' ခေါ် ဗုဒ္ဓကျင့်စဉ် (ဗုဒ္ဓဝင်)ကျမ်းကို ရေးသားခဲ့၏။

[မှတ်ချက်။ ။ယင်းမဟာသံဃိကဂိုဏ်းက အသောကခေတ်-ထေရဝါဒဂိုဏ်း၏ တတိယသင်္ဂါယနာကိုထောက်၍ မိမိတို့၏သင်္ဂါယနာကို 'စတုတ္ထသင်္ဂါယနာ'-ဟု ခေါ် ကြသော်လည်း၊ သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် သာသနာနှစ် ၄-ရာကျော်က ပိဋကတ်တော်များကို 'ပေထက်အက္ခရာတင်'သည့် ထေရဝါဒဂိုဏ်း၏ စတုတ္ထမြောက် သင်္ဂါယနာထက် နှစ် ၂၀၀-ခန့် နောက်ကျ၏။]

www.burmeseclassic.com

www.burmeseclassic.com


**မဟာယာနဂိုဏ်း။** ။ [မဟာသံဃိက(မဟာယာန)ဂိုဏ်းသည် ဟိမဝန္တာတောင်၏ မြောက်ဘက်ခြမ်းရှိ နိုင်ငံများ၌ ထွန်းကား-ပြန့်ပွား၍ **'မြောက်ပိုင်းဗုဒ္ဓဘာသာ'**-ဟုရင်း၊ ထေရဝါဒဂိုဏ်းသည် (သီဟိုဠ်ကျွန်း, မြန်မာနိုင်ငံစသည့်) တောင်ဘက်ခြမ်းရှိ နိုင်ငံများ၌ ထွန်းကားပြန့်ပွား၍ **'တောင်ပိုင်းဗုဒ္ဓဘာသာ'**-ဟုရင်း ခေါ်တွင်သည်။] ဗုဒ္ဓသာသနာ၏ နောက်ခံသမိုင်းကိုလေ့လာလျှင် သာသနာနှစ်၁၀၀-ခု (ဘီစီ ၄၄၄)ခန့်တွင် ဝဇ္ဇီတိုင်းသားရဟန်းဆိုးများသည် (ဝိနည်းစည်းကမ်းချိုးဖောက်မှု)'အဝိနယ-အဓမ္မဝတ္ထု၁၀-ပါး'တို့ဖြင့် သာသနာညှိုးနွမ်း-ပျက်စီးအောင် လုပ်ဆောင်ကြသဖြင့်၊ **အရှင်မဟာယသမထေရ်အမှူးရှိသည့်** ရဟန္တာမထေရ်မြတ် ၇၀၀-တို့က 'ဝေသာလီပြည်-ကာလာသောကမင်းကိုအမှီပြု၍ ၇-လတိုင်တိုင် **'ဒုတိယသင်္ဂါယနာတင်သဘင်'**ကို ပြုလုပ်ခဲ့ကြ၏။ ယင်းသင်္ဂါယနာ၌ ပါဝင်ခွင့်မရကြသည့် ဝဇ္ဇီတိုင်းသားရဟန်းဆိုးများသည် မိမိတို့အယူဝါဒအားလျော်စွာ တူရာပေါင်း၍ ရဟန်းတသောင်းတို့နှင့်တကွ၊ 'မဟာသင်္ဃိက'အမည်ဖြင့် ဂိုဏ်းကြီးတဂိုဏ်းကို ဖွဲ့စည်းတည်ထောင်ခဲ့ကြ၏။ ထေရဝါဒ ဂိုဏ်းကြီးနှင့် ယင်း**'မဟာသံဃိက'**ဂိုဏ်းကြီး၂-ခုတွင် (ဘုရင်အသိအမှတ်ပြု ဂိုဏ်းသာလျှင် အခွင့်အရေးကောင်းရမြဲ ဖြစ်သည့်အတိုင်း) ထေရဝါဒဂိုဏ်းက မင်းကိုမှီ၍ အခွင့်အရေးကို ရရှိအားကောင်းသောကြောင့်၊ မဟာသံဃိကဂိုဏ်းသားရဟန်းတို့သည် 'မဇ္ဈိမဒေသ' အပြင်ဘက်ဖြစ်သော အိန္ဒိယပြည်၏အနောက်မြောက်ဘက်ရှိ **'ဂန္ဓာရတိုင်း-ကသ္မီရတိုင်း'**သို့ ထွက်ခွါသွားကြပြီး မိမိတို့ဝါဒအားလျော်စွာ သာသနာပြု၍၊ ကြီးထွား-ပြန့်ပွားလာခဲ့ကြ၏။ ထိုနောက်ကာလ၌ (အသောကမင်းလက်ထက်၌) ထေရဝါဒဂိုဏ်း မထေရ်များက ထိုဒေသများသို့ သွားရောက်သာသနာပြုကြသော်လည်း၊ 'မဟာသံဃိကဂိုဏ်း'က အခွင့်အရေး အထူးရရှိ၍၊ အမြစ်တွယ်ကာ-ကြီးထွား ပြန့်ပွားနေသောကြောင့်

www.burmeseclassic.com

ထေရဝါဒဂိုဏ်းမှာ ကောင်းစွာအခွင့်မရ-အရာမရောက်ပဲ ရှိလေသည်။

ဒုတိယသင်္ဂါယနာတင်သည်မှ တတိယသင်္ဂါယနာတင်သည်အထိ နှစ်ပေါင်း ၁၃၅-နှစ်အတွင်း၌* ထေရဝါဒဂိုဏ်းကြီးမှ ဂိုဏ်းငယ်-၁၁-ခု ကွဲသွားပြီး၊ မဟာသံဃိက•မဟာသင်္ဃီတိဂိုဏ်းမှ ၅-ဂိုဏ်းကွဲသွားသဖြင့် မူလဂိုဏ်းကြီး-၂-ခုနှင့် ထပ်ပေါင်းလျှင် ဂိုဏ်းပေါင်း '၁၈-ဂိုဏ်း'ဖြစ်လေ၏။ ထို၁၈-ဂိုဏ်းတို့တွင် မူလဖြစ်သည့် 'ထေရဝါဒဂိုဏ်းကြီး' တဂိုဏ်းသာလျှင်၊ ပထမသင်္ဂါယနာတင်ခဲ့တုန်းက သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော ပိဋကတ်တော်များကို ပြင်ဆင်ခြင်း, နုတ်ပယ်ခြင်း, ဖြည့်စွက်ခြင်း မပြုပဲ၊ မူလအတိုင်း ထားရှိကာ ယနေ့တိုင် ထိန်းသိမ်း-စောင့်ရှောက်လာခဲ့ကြ၏။ အခြားဂိုဏ်းတို့ကား ပိဋကတ်တော်များကို မူလအတိုင်းမထားပဲ အရပ်ဒေသသို့ လိုက်၍ရင်း၊ အခြားဘာသာအယူဝါဒသို့လိုက်၍ရင်း၊ လိုက်နာကျင့်သုံးရန် ခဲယဉ်းလှ၏-ဟုယူဆကာ၊ မိမိတို့ လိုရာသို့ ဆွဲ၍ မမှန်မကန် ယူ၍ရင်း၊ မိမိတို့ အလိုမရှိသည့်(ပိဋကတ်)အပိုင်းကို နုတ်ပယ်ခြင်း, လိုချင်တာတွေကို အသစ်ဖြည့်စွက်ခြင်း, ပြင်ဆင်ခြင်း-စသည်တို့ကို ပြုလုပ်ကြ၍ရင်း၊ မူလပိဋကတ်တော်အတိုင်း မဟုတ်တော့ပဲ အပြောင်းကြီး ပြောင်းလဲသွားခဲ့ပေ၏။ သာသနာနှစ် ၂၃၅-ခုနှစ်၌ ထေရဝါဒဂိုဏ်းက အသောကမင်းကြီးလက် ထက်တွင် တတိယသင်္ဂါယနာကို တင်ပြီးသည့်နောက်၌ ထေရဝါဒဂိုဏ်းကြီးမှ ကွဲထွက်သွားသည့် 'သဗ္ဗတ္ထိဝါဒ' (သဗ္ဗ•'ရုပ်နာမ်' တရားအလုံးစုံသည်+အတ္ထိ=ကာလ-၃-ပါးလုံး ၌အမြဲတည်ရှိ၏-ဟု ယူသောဝါဒ) ဂိုဏ်းက ကြီးမှူး၍၊ 'သဗ္ဗတ္ထိဝါဒဂိုဏ်း'သည် တိုးတက်-ကြီးထွားလာကာ၊ 'မဟာသင်္ဃီတိဂိုဏ်းကြီး'နှင့် အခြားဂိုဏ်းကွဲများကို လွှမ်းမိုး သွားလေ၏။ မဟာသင်္ဃီတိဂိုဏ်းကြီးနှင့် အခြားဂိုဏ်းကွဲတို့သည် မထင်ရှားတော့ပဲ၊ တဖြေးဖြေး တိမ်မြုပ်ပျောက်ကွယ် သွားကြလေ၏။ ယင်း'သဗ္ဗတ္ထိဝါဒဂိုဏ်း'ကား 'မဟာယာနဗုဒ္ဓဘာသာ'

www.burmeseclassic.com

www.burmeseclassic.com


ပေါက်ပွားရာ ဂိုဏ်းကြီးဖြစ်၏။

အသောကမင်းကြီးနတ်ရွာစံပြီး၍ မောရိယမင်းဆက် ပြတ်ပြီးနောက်၌၊ **'ဗြာဟ္မဏအယူဝါဒ'**ကို အားပေးသည့် **'သုင်္ဂမင်းဆက်'**တက်လာသည့်အခါ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယနိုင်ငံ၌ တဖြေးဖြေး-မှေးမှိန်ဆုတ်ယုတ်လာပြီး၊ ဗြာဟ္မဏဝါဒအရ 'ယဇ်ပူဇော်ခြင်း'ပြုလုပ်မှုသည် ခေတ်စားလာခဲ့၏။ ထိုအခါ ထေရဝါဒဂိုဏ်းသည် အိန္ဒိယပြည် မဇ္ဈိမဒေသမှ တောင်ဘက်နယ်များသို့ ရွှေ့ပြောင်းသွားရသဖြင့်၊ **'တောင်ပိုင်းဗုဒ္ဓဘာသာ'**-ဟု ခေါ်တွင်လာ၏။ ထိုဂိုဏ်းသည် သီဟိုဠ်,မြန်မာ, ယိုးဒယား-စသည့် တောင်ပိုင်းရှိနိုင်ငံများ၌ သာသနာပြုခဲ့၏။ သဗ္ဗတ္ထိဝါဒဂိုဏ်းသည်လည်း အိန္ဒိယပြည်၏မြောက်ဘက်နှင့် အနောက်မြောက်ဘက်ရှိ **'မထုရာပြည်, ကသ္မီရတိုင်း, ဂန္ဓာရတိုင်း'**သို့ ပြောင်းရွှေ့သွားခဲ့ရသဖြင့် **'မြောက်ပိုင်းဗုဒ္ဓဘာသာ'**-ဟု ခေါ်တွင်လာ၏။ ထိုအခါတွင် ထိုမြောက်ပိုင်းရှိ တိုင်းပြည်တို့၌အုပ်စိုးနေသော **'ကနိဋ္ဌကမင်း'**က ချီးမြှောက်သဖြင့် 'သဗ္ဗတ္ထိဝါဒဂိုဏ်း'သည် ကြီးထွားလာပြီး သာသနာပြုလေရာ **'တိဗက်, နီပေါ,ဘူတန်,တရုပ်,ကိုရီးယား,ဂျပန်'**-စသည့် နိုင်ငံများသို့ ရောက်ရှိသွားလေ၏။

ပါဠိကျမ်းဂန်များထဲ၌ 'အယုတ်,အလတ်,အမြတ်'-၃-မျိုးရှိသော သတ္တဝါတွေ မိမိတို့အလို-ဆန္ဒ-အဇ္ဈာသယအတိုင်း ကျင့်သုံးနိုင်ရန်အလို့ငှါ၊ (၁) 'ကာလတိုအတွင်း' ၌ ဗုဒ္ဓဟောပြော ပြသသည့်အတိုင်း ကျင့်ကြံ၍ နိဗ္ဗာန်ရောက်လိုသူတို့အတွက် **သာဝကယာန**=သာဝကဗောဓိကျင့်စဉ်၊ (၂) 'အတော်ရှည်လျားသည့်ကာလ'အတွင်း၌ ဆရာ=ဗုဒ္ဓမပါရှိပဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ကျင့်၍ နိဗ္ဗာန်ရောက်လိုသူတို့အတွက် **'ပစ္စေကဗုဒ္ဓယာန'**=ပစ္စေကဗောဓိကျင့်စဉ်၊ (၃) 'ကာလအရှည်ဆုံး'ကျင့်ကြံ၍ ဆရာမပါပဲ ကိုယ်ပိုင် ဉာဏ်ဖြင့် ဗုဒ္ဓ=ဘုရားအဖြစ်ကို ရရှိကာ၊ သတ္တဝါအများကို

www.burmeseclassic.com


ကယ်ချွတ်လိုသည့် 'မဟာ လူသားဗုဒ္ဓ'ဖြစ်လိုသူတို့အတွက် 'သမ္မာသမ္ဗုဒ္ဓ(ဗုဒ္ဓ)ယာန' =သမ္မာသမ္ဗောဓိကျင့်စဉ်-ဟူ၍ 'ယာန=ကျင့်စဉ်-၃-မျိုး'တွင် တမျိုးမျိုးကို *'ထေရဝါဒဂိုဏ်း'က လက်ခံ-လိုက်နာ ကျင့်သုံး၍၊ *'သဗ္ဗတ္ထိဝါဒဂိုဏ်း'ကမူကား ရှေ့ကျင့်စဉ် ၂-မျိုးသည် မိမိတဦးတည်းသာ နိဗ္ဗာန်သို့ သွားရောက်လိုသူများအတွက်-'တကိုယ်ကောင်းအကျင့်'ဖြစ်၍ 'ယုတ်ညံ့' (ဟိန)ဖြစ်ပြီး၊ မိမိနှင့်အတူ သတ္တဝါအများကို နိဗ္ဗာန်သို့ရောက်စေလိုသည့် အကျင့်မြတ်ဖြစ်သော 'ဗုဒ္ဓယာန'=ဘုရားဆုပန်ကျင့်စဉ် (ဝါ) 'မဟာယာန'=အမြတ်ဆုံးကျင့်စဉ်ကိုသာ လက်ခံကျင့်သုံးလေ၏။ ဤသို့လျှင် 'သဗ္ဗတ္ထိဝါဒဂိုဏ်း'သည် မိမိတို့ဂိုဏ်းကို ဂုဏ်တင်၍၊ 'မဟာယာန'-ဟုခေါ်ဝေါ်ပြီး၊ 'ထေရဝါဒဂိုဏ်း'ကိုမူ ယုတ်ညံ့၏-ဟု ရှုံ့ချ-နှိမ်ချ၍ 'ဟိနယာန'-ဟု ခေါ်ဝေါ်ကြလေသည်။ ထေရဝါဒဂိုဏ်းကမူ မိမိတို့ဂိုဏ်းကို 'ထေရဝါဒ'-ဟုသာ ခေါ်ဝေါ်သုံးစွဲလေသည်။

သာသနာနှစ်၂၀၀-ခန့်မှ ၁၆၀၀(ခရစ်နှစ်-၁၀၅၆)ခန့်အထိ ကာလအတွင်း၌ 'မဟာယာန'ဂိုဏ်းသည် ဝါဒအမျိုးမျိုးပါဝင်သည့် ကျမ်းစာအမျိုးမျိုးကို ပြောင်းလဲရေးသားလာခဲ့ကြ၏။ ဂိုဏ်းအမျိုးမျိုးလည်း ကွဲလာခဲ့ကြ၏။ ထူးခြားချက်တခုမှာ ဗုဒ္ဓ=ဘုရားထက်ပို၍ (ဗုဒ္ဓ=ဘုရားနှင့်တန်းတူထား၍) 'ဘုရားအလောင်း'ကို အရေးပေးလာခဲ့ကြ၏။ ရုပ်တုအမျိုးမျိုးကို ထုလုပ်ကိုးကွယ်လာခဲ့ကြ၏။ ဘုရားအလောင်းကို ဘုရားအနေဖြင့်ရှင်း၊ (တာဝရ)နတ်ဘုရားအနေဖြင့်ရှင်း ထားလာခဲ့ကြ၏။ အချုပ်အားဖြင့် ဘုရားရှင်ကို ကောင်းကင်ဘုံ၌ အမြဲတည်ရှိနေစေပြီးလျှင်၊ ကောင်းကင်ဘုံ၌ အမြဲတည်ရှိနေသည့်ဘုရားရှင်မှာ လူ့လောကနှင့် တိုက်ရိုက် မဆက်သွယ်နိုင်သဖြင့်၊ 'လူသားနှင့်ဘုရား'အကြား ဆက်သွယ်ပေးမည့်သူ လိုအပ်နေရာ၊ ထိုဆက်သွယ်ပေးမည့် သူအဖြစ်ဖြင့် 'ဘုရားအလောင်း'ကို ထားလာခဲ့ကြ၏။ (ယင်းစနစ်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com


ပင်၊ ဗုဒ္ဓဘာသာမဟုတ်သည့် အခြားဘာသာဝင်တို့က ဘုရားအလောင်း၏နေရာ၌ [ထာဝရဘုရားရှင်၏]'**တမန်တော်**'ဟုအမည်ပေးကာ သုံးစွဲကိုးကွယ်လာခဲ့ကြ၏။) ထို့နောက် 'တာရာ,စဏ္ဍီ'-စသည့် နတ်သား-နတ်သမီးရုပ်တို့ကို (ဟိန္ဒူဘာသာဝင်များကဲ့သို့) ကိုးကွယ်လာခဲ့ကြ၏။ ဂါထာ,မန္တရား,မန်တန်,အင်းအိုင်,လက်ဖွဲ့,မှော်ပညာ, ပယောဂပညာ, ဝိဇ္ဇာမိုရ်ပညာ,ဂန္ဓာရီပညာတို့ကိုလည်း လေ့လာလိုက်စား ပြုကျင့်လာခဲ့ကြ၏။ ပိဋကတ်တော်နှင့် ညီသည်-မညီသည်ကို ဂရုမစိုက်ပဲ၊ ဝိနည်းတော်ကို မလေးစား မလိုက်နာပဲ၊ ကမ္မဋ္ဌာန်းဘာဝနာကို အားမထုတ်တော့ပဲ၊ ရဟန်းအမည်ခံ ပုဂ္ဂိုလ်များသာ ဖြစ်လာကြ၏။ ထိုအခါမှစ၍ မဟာယာနဂိုဏ်းသား ရဟန်းအမည်ခံတို့သည် သိမ်ဝင်ခြင်း, ဉာတ်ကမ္မဝါစာဖြင့် ရဟန်းခံခြင်း, ဥပုသ်ပြုခြင်း-စသည့် ရဟန်းကျင့်ဝတ်များကို မလေ့လာ မကျင့်သုံးတော့ပဲ၊ သာမန်လူဝတ်ကြောင်များကဲ့သို့ နေထိုင်-ကျင့်ကြံကြလေသည်။

---

## ၇။ သာသနာပြုစေလွှတ်ရာ ကိုးတိုင်းကိုးဌာန အကြောင်း

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ မိန့်ကြားချက်အရ အသောကမင်းကြီးစေလွှတ်သည့် သာသနာပြုရဟန္တာမထေရ် ကြွရောက်ရာ မဇ္ဈိမဒေသ၏ အပြင်ဘက်ရှိ သာသနာမရောက်ရှိသေးသည့် 'ကိုးတိုင်း-ကိုးဌာန'အကြောင်းကို 'ပါရာဇိကဏ်အဋ္ဌကထာ-ဗာဟိရနိဒါန်းနှင့် မဟာဝင်အဋ္ဌကထာများ၌ ပြဆိုထားသည့်အတိုင်း ဖော်ပြပေအံ့။ ယင်း'ကိုးတိုင်း-ကိုးဌာန'တို့ကား (၁) ကသ္မီရနှင့်ဂန္ဓာရတိုင်း၊ (၂) မဟိသမဏ္ဍလတိုင်း၊ (၃) ဝနဝါသီတိုင်း၊ (၄) အပရန္တတိုင်း၊ (၅) မဟာရဋ္ဌတိုင်း၊ (၆) ယောနကတိုင်း၊ (၇) ဟိမဝန္တပဒေသ၊ (၈) သုဝဏ္ဏဘူမိ၊ (၉) သီဟိုဠ်ကျွန်းတို့ဖြစ်၏။ ယင်းတို့အကြောင်းကို အောက်တွင် 'တိုကျဉ်း-လိုရင်း'ပြဆိုပေအံ့---

www.burmeseclassic.com

www.burmeseclassic.com


## (၁) ဂန္ဓာရတိုင်းနှင့်ကသ္မီရတိုင်း

*ဂန္ဓာရတိုင်း။ ။ဂန္ဓာရတိုင်းသည် ယူဇနာ၃၀၀-ကျယ်ဝန်း၍၊ ရှေးမြို့တော်ကား 'Taxila'ခေါ် 'တက္ကသိုလ်ပြည်-မြို့ကြီး'ဖြစ်၏။ 'မဇ္ဈန္တိက'မထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ်၅-ပါးတို့သည် 'ပါဋလိပုတ်'မြို့တော်ကြီးမှ ကောင်းကင်ခရီးဖြင့်ဂန္ဓာရတိုင်းသားတို့အား 'အာသိဝိသောပမ-သုတ္တန်'ကို ရှေးဦးစွာဟောကြား၍၊ ရှစ်သောင်းသောလူတို့အား တရားထူးရစေ၍၊ လူများစွာတို့ကို ရဟန်းအဖြစ်သို့ ရောက်စေလျက် ဗုဒ္ဓသာသနာတော်ကို တည်ရှိ-ပြန့်ပွားအောင် လုပ်ဆောင်ကြလေ၏။

ဂန္ဓာရတိုင်းသည် အိန္ဒိယနိုင်ငံ၏အနောက်မြောက်ဘက်စွန်း၊ သိန္ဓုမြစ်၏အနောက်ဘက်(ယခု'အာဖဂါနိ-သ္တာန်'= အာဖဂနစ္စတန်ပြည်နယ်အတွင်း)မှာ တည်ရှိ၏။ ထိုသာသနာပြုမထေရ်များ ကြွရောက်ရာတိုင်းကို ပြဆိုရာအခန်း၌ (ပါရာဇိကဏ် အဋ္ဌကထာနှင့် မဟာဝင်အဋ္ဌကထာများထဲ၌) "ဂန္ဓာ ကသ္မီရ-ဂန္ဓာရံ၊ ဣသိ မဇ္ဈန္တိကော ယဒါ၊ တဒါ ကသ္မီရ-ဂန္ဓာရေ"-စသည်ဖြင့် ပြဆိုထားရာတွင် ဂန္ဓာရတိုင်းနှင့်နီးကပ်-စပ်လျက်ရှိသည့် 'ကသ္မီရတိုင်း'ကိုပါ တွဲဖက်ပြဆိုထားသောကြောင့် ဂန္ဓာရတိုင်းသည် ဟိမဝန္တာတောင်၏ အနောက်မြောက်စွန်း၌ ထင်ရှားစွာတည်ရှိနေသည့် ကသ္မီရတိုင်းနှင့်ကပ်လျက်ရှိကြောင်း သိသာထင်ရှား၏။ ဤဂန္ဓာရတိုင်းသည် 'အရှေ့မှ အနောက်မြောက်သို့၊ ၎င်းမှ အနောက်တောင်ဘက်သို့ (သမုဒ္ဒရာတိုင်အောင်) ကွေ့ကောက်စီးဆင်းသွားသည့် 'ဣန္ဒသ်'(Indas>Indo>Indu)ခေါ် သိန္ဓုမြစ်၏ အနောက်ဘက်၌ တည်ရှိ၍၊ ၎င်း၏အရှေ့ဘက်၌ ကသ္မီရတိုင်း တည်ရှိ၏။

"တရုပ်ပြည်ကို ဂန္ဓာရတိုင်း"-ဟုဆိုကြသည့်စကားမှာ စဉ်းစား-ဆင်ခြင်ဖွယ် ရှိ၏။ ပါရာဇိကဏ်အဋ္ဌကထာ၌ "မဇ္ဈန္တိကမထေရ်အမှူးရှိသည့် ရဟန္တာ၅-ပါးတို့ ဟိမဝန္တာအရပ်သို့ သာသနာပြုကြွရောက်ကြောင်း ပြဆိုရာအခန်း၌ 'ပဉ္စရဋ္ဌာနိ'-

www.burmeseclassic.com


ဟူသောအဋ္ဌကထာစကားကို သာရတ္ထဒီပနီဋီကာထဲ၌ "ပဥ္စရဋ္ဌာနီတိ ပဥ္စဝိဓ-စိနရဋ္ဌာနိ"-ဟုဖွင့်ဆိုထားရာ၊ ၎င်းစကားအရ **'စိန့်တိုင်း-၅-ရပ်(ဝါ)တရုပ်ပြည်'**-ဟု နိဿယ ပြန်ဆိုထားသောကြောင့်၎င်း၊ သက္ကတကျမ်းများ၌လည်း 'စိန'အရ 'စိန့်တိုင်း' (တရုပ်ပြည်)-ဟု ဆိုသည့်အပြင် ဟိန္ဒူ၊ဘင်္ဂါလီ-စသည့်မြေပုံများ၌လည်း၊ 'တရုပ် ပြည်နယ်'ကို 'စိန'('စ'ကို 'ch'နှင့်ရေးလေ့ရှိသဖြင့် china-ချိုင်းနား)-ဟု ပြဆိုထားသောကြောင့်၎င်း၊ 'စိန့်တိုင်း-၅-ရပ်'အရ 'တရုပ်ပြည်'ပါဝင်ကြောင်း ထင်ရှား၏။ ၎င်းတရုပ်ပြည်အပါအဝင် စိန့်တိုင်း-၅-ရပ်သည် အိန္ဒိယပြည်မှ အရှေ့မြောက်ဘက်အရပ်၌ တည်ရှိကြောင်း သက္ကတကျမ်းများ၌ ပြဆိုထားသည့်အပြင်၊ အထူးသဖြင့် **'ဂန္ဓာရတိုင်း'** သည် သာသနာပြုကြွရာတဌာန၊ တရုပ်ပြည်အပါအဝင် 'စိန့်တိုင်း'လည်း သာသနာပြုကြွရာတဌာန-ဟုပြဆိုထားသောကြောင့် 'စိန့်တိုင်း'၌ပါဝင်သည့် တရုပ်ပြည်နှင့် ဂန္ဓာရတိုင်း(၂-ခု)တို့အကြား၌ ဟိမဝန္တာတောင်တန်းကြီးတခုလုံး ကွာခြားပြီး၊ အလွန်ဝေးကွာစွာ တည်ရှိကြောင်း ထင်ရှားလှ၏။

တက္ကသိုလ်ပြည်(မြို့တော်) ။ ။ ဂန္ဓာရတိုင်းမြို့တော်-၎င်းအမည်၏ အဓိပ္ပါယ်မှာ 'ပါဠိနည်း၊ သက္ကတနည်း'အရ ၂-မျိုးကွဲပြား၏။ *ပါဠိနည်းအရ ယောက်ျားတို့တတ်အပ်သည့် အထက်တန်းပညာရပ်များကို သင်ကြားရာ(ကြံစည်လုပ်ဆောင်ရာ) ဌာနဖြစ်၍၊ ပါဠိကျမ်းများထဲ၌ **'တက္ကသိလာ=တက္ကသိုလ်'**-ဟု ခေါ်ဆို၏။ *သက္ကတနည်းအရ 'တက္ခ(takṣa)+ရှိလာ(śilā) [ပါဠိ၌-တက္ခ=တစ္ဆ+ သိလာ]-ဟုပုဒ်ခွဲပြီး ကျောက်တုံးများကို ဆစ်ရာ(ရွေရာ), ထုလုပ်ရာဌာနမြို့ဖြစ်၍၊ 'takṣa-śilā'မှ 'တက္ခ. သိလာ'၊ ၎င်းမှ 'တက္ကသိလာ=တက္ကသိုလ်'-ဟု ခေါ်ဆို၏။ ကျောင်းသုံးမြေပုံများ၌ရေးသားသည့်'Taxila'ပုဒ်မှာ သက္ကတပုဒ်မှ ပျက်ယွင်းလာသည့်ပုဒ်-ဟုမှတ်ရာ၏။ ယင်းမြို့တော်၏တည်ရာသည်ကား အိန္ဒိယတိုင်းသားများအခေါ် 'ပေဇ

www.burmeseclassic.com

ဝါရ'(Peśavāra)=ပေဆာဝါရ=ပေချဝါရ (ပေချဝါရ်>ပေချဝါ>ပက်ချဝါ)နယ်ထဲ၌ ပါဝင်၏။ ယင်း'ပေချဝါ(ပက်ချဝါ)'မြို့တော်သည် သာသနာနှစ် ၁၅၆-ခုနှစ်မှ ၅၀၀-အတွင်း 'စန္ဒဂုတ်မင်း,အလိစန္ဒာမင်း,မိလိန္ဒမင်း'တို့လက်ထက်မှာ တက္ကသိုလ်မြို့တော်မှ ရွှေ့ပြောင်းတည်ထောင်သည့် မြို့တော်ဖြစ်ဟန်တူ၏။ ၎င်းမြို့သည် အိန္ဒိယပြည်၏ အနောက်မြောက်နယ်ခြားအတွင်း၌ တည်ရှိ၏။

*ကသ္မီရတိုင်း။ ။ဂန္ဓာရတိုင်းသည် 'သိန္ဓုမြစ်'၏ အနောက်ဘက်၌တည်ရှိ၍၊ ကသ္မီရတိုင်းကား ထိုမြစ်၏အရှေ့ဘက်၌ 'ဂန္ဓရတိုင်း'နှင့် နီးကပ်-စပ်လျက် တည်ရှိ၏။ ကသ္မီရတိုင်း (ယခု ကက်ရှမီးယား)၏ ရှေးမြို့တော်ဟောင်း သိရီနဂရ (ယခု ဆရင်းနဂါး-ဟုခေါ်)သည့် ဟိမဝန္တာတောင်၏ အနောက်မြောက်ဘက်စွန်း၊ 'ပဉ္စာပ=ပန်ဂျပ်'နယ်၏အရှေ့မြောက်ဘက်စွန်းနှင့် စပ်လျက်ရှိသော 'ကသ္မီရ-ဇမ္မူနယ်'ဖြစ်၏။ [မဇ္ဈန္တိကမထေရ် အမှူးရှိသည့် ရဟန္တာအရှင်မြတ်တို့ သာသနာပြုကြွရာတိုင်းအရပ်ကို 'ဂန္ဓာရတိုင်းနှင့် ကသ္မီရတိုင်း'(၂-ခု)ကို တွဲဘက်၍ယူရမည်။] ၎င်းကသ္မီရတိုင်းကား-'သက, သာလိဝါဟန,ကနိသျှက'-ဟူသောအမည်တို့ဖြင့် ထင်ရှားကျော်စောသည့် (တူရကီပြည်၌ မွေးဖွားသည့်) မြောက်ပိုင်းဗုဒ္ဓဘာသာ၏ သာသနာ့ဒါယကာမင်းမြတ် စိုးစံ၍၊ သာသနာနှစ်-၆၄၃-ခု(အီစီ-၉၉)၌ 'ဝသုမိတ္တ၊ အဿဃောသ'မထေရ်တို့ ကြီးမှူးကျင်းပပြုလုပ်သည့် မြောက်ပိုင်းသာသနာ၏ 'စတုတ္ထသင်္ဂါယနာ'တင်ရာတိုင်း ဖြစ်၏။ ၎င်းသံဂါယနာတင်ရာမြို့ကား 'လာဟိုမြို့'၏အရှေ့တောင်၊ သိမလာ(=သိမ်လ=စိမ်လ)မြို့၏အနောက်ဘက်အနီး 'ဇာလန္ဓရ'(ဇလန္ဓာ)မြို့ဖြစ်၏။

*(၂)မဟိသမဏ္ဍလတိုင်း။ ။၎င်းတိုင်း၏အမည် 'မဟိသမဏ္ဍလ'ကို စူဠဝံသဇာတ်ထဲ၌ 'မဟိသကရဋ္ဌ'-ဟု ခေါ်ဆို၏။ ရှေးမြို့တော်ဟောင်းအမည်ကား 'သာကလမြို့'ဖြစ်၏။ တည်ရာအားဖြင့် 'မဟိသူရ(>maisūra?>)မိုက်ဆိုး'နယ်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှာ တည်ရှိ၏။ ၎င်းတိုင်းသို့ 'အရှင်မဟာဒေဝ'မထေရ်အမှူးရှိသည့် ရဟန္တာ အရှင်မြတ်ငါးပါးတို့ သာသနာပြုကြွရောက်ပြီး 'ဒေဝဒူတသုတ္တန်'ကို ဟောကြား၍၊ ၎င်းတိုင်းသား ရှစ်သောင်းတို့ကို တရားထူးရစေ၍၊ များစွာတို့ကို ရဟန်းပြုစေကာ၊ သာသနာတော် တည်စေခဲ့ရာတိုင်း ဖြစ်၏။

*(၃)ဝနဝါသီတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ကား 'ကောကဏ'(ယခုမြို့ အမည် အနဂုန္ဒီ)။ ၎င်းတိုင်းသည်-ယခု ဗုမ္ဗိုင်(ဗုံဗေ)နယ်တောင်ပိုင်းအစွန်း၊ 'ကာဏာ ရာ'ခရိုင် စီရင်စုနယ်ပယ်များ၌ တည်ရှိ၏။ ၎င်းတိုင်းကား 'အရှင်ရက္ခိတမထေရ်'အမှူး ရှိသော ရဟန္တာအရှင်မြတ်ငါးပါးတို့ သာသနာပြုကြွရောက်ပြီး ကောင်းကင်၌ ရပ် လျက် 'အနမတဂ္ဂသုတ်'တရားတော်ကို ဟောကြား၍၊ ၎င်းတိုင်းသား ခြောက်သောင်း တို့အား တရားထူးရစေ၍၊ များစွာတို့ကို ရဟန်းပြုစေကာ၊ သာသနာတော် တည်စေခဲ့ ရာတိုင်းဖြစ်၏။ ၎င်းတိုင်းသည် သာဝတ္ထိပြည်နှင့် ယူဇနာနှစ်ရာဝေးကြောင်း ကျမ်းဂန်ထဲ၌ဆို၍၊ တရုတ်ဘုန်းတော်ကြီး 'ဟူယင်ဆန်'၏မှတ်တမ်း၌ ဤဒေသမှာ ကျောင်းပေါင်းတစ်ရာ၊ သံဃာပေါင်းတစ်ထောင် တွေ့ရှိရကြောင်း ဆိုထား၏။

*(၄)အပရန္တ=သုနာပရန္တတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည် ကား 'သုပ္ပါရက'(ယခုမြို့အမည် 'ဆိပါရ်')ဖြစ်၏။ ရှေးအရံမြို့တော်အမည်ကား '**ဝါဏိ ဇဂါမ**'ဖြစ်၏။ ၎င်းတိုင်းသည် 'နမ္မဒါမြစ်နှင့် ပစ္ဆိမယာဉ်'ခေါ် 'အနောက်ယာဉ်တောင်' အတွင်း ဗုမ္ဗိုင်(ဗုံဗေ)မြို့၏မြောက် 'ထာနာ'(သာန)စီရင်စုနှင့် 'သုရတ(စုရတ်)' ခရိုင် နယ်ပယ်များ၌ တည်ရှိ၏။ ၎င်း'**အပရန္တ**'တိုင်းသည် ဘုရားရှင် ပါဒစက်တော် နှစ်ဆူချ ခဲ့ရာ၊ အသီတိမဟာသာဝက-မဟာပုဏ္ဏမထေရ်ဖွါးမြင်ရာ-သီတင်းသုံးရာ တိုင်းဖြစ် ၏။ ၎င်းတိုင်းကား 'အရှင်ယောနကဓမ္မရက္ခိတ'မထေရ်အမှူးရှိသော ရဟန္တာ အရှင်မြတ်ငါးပါး ကြွရောက်၍၊ 'အဂ္ဂိခန္ဓောပမသုတ္တန်'တရားတော်ကို ဟောကြားပြီး

www.burmeseclassic.com

www.burmeseclassic.com

အပရန္တတိုင်းသား ၃၇၀၀၀-တို့အား တရားထူးရစေ၍၊ များစွာတို့ကို ရဟန်းပြုစေ၍ သာသနာတော်တည်ရှိပြန့်ပွါးစေရာတိုင်း ဖြစ်၏။ 'အပရန္တ'တိုင်းဟူသည် ဇမ္ဗူဒိပ်ကျွန်းကြီး၏ အနောက်အရပ်မျက်နှာ၏ အဆုံးအပိုင်းအခြားဖြစ်သောတိုင်းဟု ဆိုလို၏။ [ဇမ္ဗူဒိပ်ကျွန်း-မဇ္ဈိမဒေသ၏အရှေ့ဘက် အစွန်ကျသည့်အရပ် ဒေသတိုင်းကို ပုဗ္ဗန္တတိုင်း၊ ဝိဒေဟတိုင်းဟူသည်ကို ဆောက်၍၊ ဤအနောက်ဘက် အစွန်ကျသည့်တိုင်းကို 'အပရန္တတိုင်း'ဟု ခေါ်ခြင်းဖြစ်၏။] 'အပရန္တတိုင်း'ကို 'သုနာပရန္တတိုင်း'ဟုလည်း ခေါ်၏။ ဇမ္ဗူဒိပ်ကျွန်း၏ အနောက်ဘက်အစွန်ကျရာ၊ 'အာရဗ (အာရေဗျ)'ပင်လယ်၏ အရှေ့ဘက်ကမ်းအနီးရှိတိုင်း-ဟုဆိုလို၏။ [ရင်းတိုင်းနှင့် နီးစပ်-ကပ်လျက်ရှိသည့် 'သုရဋ္ဌတိုင်း'လည်း သာသနာပြုစေလွှတ်ရာ ဤ'အပရန္တတိုင်း'၌ ပါဝင်ဖွယ်ရှိ၏။]

[ဇမ္ဗူဒိပ်ကျွန်း၏ အနောက်ဘက်ရှိပင်လယ်ကို 'အာရဗ'-ဟု အမှန်အတိုင်း မှတ်ရမည်။ ရင်း'အာရဗ'ကား တိုင်းပြည်၏အမည်ဖြစ်၏။ ရင်းတိုင်းပြည်၌ နေထိုင်သူလူမျိုးကို 'အာရဗီ'-ဟုခေါ်၍၊ (အဆုံး 'ဤ'ပစ္စည်း မပါဘဲ)'အာရဗ▪အာရပ်'လူမျိုးဟုလည်း ခေါ်ကြသေး၏။]

ဤ'အပရန္တ'တိုင်းအတွင်း၌ (အဋ္ဌကထာမှာ လာသည့်အတိုင်း) "နမ္မဒါမြစ်၊ သစ္စဗန္ဓတောင်၊ သုပ္ပါရကဆိပ်၊ ဝါဏိဇဂါမ"-ဤဌာနများ ပါဝင်၏။ 'နမ္မဒါမြစ်'သည် ဇမ္ဗူဒိပ်အလယ်ပိုင်းအတွင်းမှာ 'ဇဗလပူရ(=ဇပါန်ပူရ)မြို့,ပေန္ဒြာမြို့'များ၌ မြစ်ဖျားခံ၍၊(vindhya>viñjha)▪'ဝိဉ္ဈ,သပ္ပုရတောင်,အဇဏ္ဍတောင်ကြား'များမှ ဖြတ်သန်းလျက်၊ အရှေ့မှ အနောက်သို့ စီးဆင်းရာ 'ကဗယ်ကွေ့'အနီး (ယခု 'ဘရောချ်ခေါ်')'ဘရုကစ္ဆ'သို့စီးဆင်းပြီး၊ ရင်းမှအာရဗ(အာရေဗျ)ပင်လယ်သို့ စီးထွက်သွားသည့် မြစ် ဖြစ်၏။

['သစ္စဗန္ဓတောင်'မှာ ဇမ္ဗူဒိပ်ကျွန်း-အပရန္တတိုင်းအတွင်းမှာ ဘုရားရှင်၏

www.burmeseclassic.com


ခြေတော်ရာနှစ်ဆူရှိရာ၊ တစ်ဆူကို 'နမ္မဒါမြစ်'ကမ်းမှာ(နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ) ဘုရားရှင်ချထား၍၊ တစ်ဆူကိုမူ 'သစ္စဗန္ဓတောင်'၌ (သစ္စဗန္ဓမထေရ်၏ တောင်းပန်ချက်အရ) ဘုရားရှင်ချထားခဲ့ကြောင်း 'သာရတ္ထသင်္ဂဟ'အဋ္ဌကထာ၌ ပြဆိုထား၏။]

'သုပ္ပါရက'ဆိပ်ကမ်းမြို့သည် သာဝတ္ထိပြည်၏ အနောက်တောင်အရပ်၌ ယူဇနာ ၁၂၀-အကွာတွင် တည်ရှိ၏။ ၎င်းမြို့သည် 'ဗုမ္ဗိုင်(ဗုံဗေ)'မြို့၏မြောက်ဘက် 'ထာန'စီရင်စုအတွင်းမှာ တည်ရှိ၍၊ အင်္ဂလိပ်ရှေးဟောင်းမြေပုံ၊ 'ဟူယင်ဆန်'၏မြေပုံများ၌ 'ဆိုပါရာ'အမည်ဖြင့် ရေးသားထား၏။ 'ဝါဏိဇဂါမ'သည် 'ဥပရိပဏ္ဏာသ ပုဏ္ဏောဝါဒသုတ်'၏အဖွင့်၌ ကုန်သည်'မဟာပုဏ္ဏ'တို့၏ ရွာဖြစ်ပြီး၊ ဖော်ပြပါနယ်အတွင်းမှာပင် ရှိရာ၏။

**'ပစ္ဆိမယာဉ္ဇနှင့် မလယ'**။ ။'ပစ္ဆိမယာဉ္ဇ'ခေါ် အနောက်ယာဉ္ဇတောင်သည် စန္ဒကူးနံ့သာများထွက်သည့် 'မလယတောင်'နှင့် အတူတူပင်ဖြစ်၏။ ၎င်း 'အနောက်ယာဉ္ဇ'တောင်၌ တောင်ပိုင်းကို 'မလယ'၊ မြောက်ပိုင်းကို 'သတျ(သစ္စ)'ဟုခေါ်ကြောင်း သက္ကတ, ဗင်္ဂါလီအဘိဓာန်များ၌ ပြဆိုထား၏။

***(၅)မဟာရဋ္ဌတိုင်း**။ ။၎င်းတိုင်း၏ရှေးမြို့တော်ကား 'ကလျာဏပူရ' (ယခုမြို့အမည် 'ပဋ္ဌိရမဏ္ဍ')ဖြစ်၏။ ၎င်းတိုင်းသည် 'ဗုမ္ဗိုင်(ဗုံဗေ)'နယ်၏အလယ်ပိုင်း၌ တည်ရှိ၏။ 'အရှင်မဟာဓမ္မရက္ခိတမထေရ်' အမှူးရှိသော ရဟန္တာအရှင်မြတ်ငါးပါးတို့ သာသနာပြုကြွရောက်ပြီး၊ 'မဟာနာရဒဇာတ်,ကဿပဇာတ်'များကို ဟောကြား၍၊ ၎င်းတိုင်းသား ရှစ်သောင်းလေးထောင်တို့ကို တရားထူးရရှိစေ၍၊ များစွာတို့ကို ရဟန်းပြုစေကာ၊ သာသနာတည်ရှိထွန်းကားစေခဲ့ရာတိုင်း ဖြစ်၏။ ၎င်းတိုင်းထဲ၌ အသောကမင်းကြီး၏ ကောင်းမှုဖြစ်သည့် မြို့တွင်း၌ စေတီလေးဆူနှင့် မြို့ပြင်၌ စေတီငါးဆူရှိ၍၊

www.burmeseclassic.com


ကျောင်းပေါင်းတစ်ရာ ရှိ၏။ ထေရဝါဒ,မဟာယာနဂိုဏ်း နှစ်ပါးစုံရော သံဃာငါးထောင်ခန့် တွေ့ရှိရကြောင်း 'ဟူယင်ဆန်'၏မှတ်တမ်း၌ ဆိုထား၏။ (မဟာရဋ္ဌကျယ်ဝန်းသည့်တိုင်းကြီး)

*(၆) **ယောနကတိုင်း။** ။ရင်းတိုင်း၏အမည်မှာ '**ယောနက၊ ယဝန၊ တူရကီ**'-ဟုဖြစ်၏။ ၎င်းတိုင်း၏ရှေးမြို့တော်သည် '**သာကလ**'ဖြစ်၏။ ၎င်းတိုင်းသည်'ဟိမဝန္တာတောင်'၏အနောက်မြောက်ဘက်၊ အိန္ဒိယနိုင်ငံ၏အပြင်ဘက်၊ 'ဗက်တြီယာ'(Bacteria)နယ်။ ယခု ရုရှပိုင်-အနောက်'တာကီ-သ္တာန်'(Turkī-sthān)နယ်အတွင်း၌ တည်ရှိ၏။ ယင်းတိုင်းကား-သာသနာနှစ်-၅၀၀-ကျော်(ဘီစီ-၄၄-ခု)လောက်က ရဟန္တာအရှင်နာဂသိန်မထေရ်နှင့် အမေး-အဖြေ ပြုလုပ်ခဲ့သည့် '**မိလိန္ဒမင်းကြီး**'စိုးစံရာတိုင်းဖြစ်သည့်အပြင်၊ 'အရှင်မဟာရက္ခိတ'မထေရ်အမှူးရှိသည့် ရဟန္တာအရှင်မြတ်-၅-ပါးတို့ သာသနာပြု ကြွရောက်ပြီး၊ 'ကာလာမသုတ္တန်'တရားတော်ကို ဟောကြား၍၊ 'ယောနက'တိုင်းသား တသိန်း ကျော်တို့အား တရားထူးရစေ၍၊ များစွာတို့ကို ရဟန်းပြုစေကာ သာသနာတော်တည်ရှိ-ပြန့်ပွားစေခဲ့ရာ တိုင်းကြီးဖြစ်၏။

**ယဝနနှင့်တူရကီ။** ။'**ယဝန**'ပုဒ်,'**တူရကီ**'ပုဒ်တို့သည် '**ယောနက**'ပုဒ်နှင့် အနက်တူပုဒ်များ ဖြစ်၏။ 'တူရကီပြည်'သည် 'ယောနကတိုင်း'ဖြစ်၏-ဟု သက္ကတဘာသာ-မုတ္တာဝလီအဘိဓာန်၌ ဆိုထား၏။ ရွှေပြည်ဝန်မင်းကြီးကလည်း 'မဟာသုတသာကကျမ်း၌ 'ယဝန'ပုဒ်ကို 'တူရကီလူမျိုး'-ဟု မြန်မာပြန်ဆိုထား၏။

**မိလိန္ဒမင်း။** ။မိလိန္ဒမင်းသည် သာသနာနှစ်-၅၀၀-ခုမှာ ဖွားမြင်၍၊ 'သာကလမြို့'၌ ကျောင်းတော်ဆောက်လုပ်-လှူဒါန်းခဲ့သည့် မင်းဖြစ်ပြီး၊ အရှင်နာဂသိန်မထေရ်နှင့် အမေး-အဖြေပြုခဲ့သည့် မင်းဖြစ်၏။ မင်းကြီး၏မွေးဖွားရာအရပ်ကို အရှင်နာဂသိန်က မေးမြန်းသည့်အခါ၊ မင်းကြီးက '၎င်းယောနကတိုင်း-သာကလပြည်'မှ

www.burmeseclassic.com

www.burmeseclassic.com

ယူဇနာ ၂၀၀(၁၈=မိုင်-၁၆၀၀)ခန့်ဝေးသည့် **'အလသန္ဒကျွန်း'**ရှိ 'ကလသိရွာ'၌ ဖွားမြင်ကြောင်း ဖြေကြား၏။ ရှေးကခေါ်သည့်'အလသန္ဒကျွန်း'ကား မြေထဲပင်လယ်၏အရှေ့ဘက်စွန်း၌ တည်ရှိသည့်၊ ယခု အာရှတိုက်မြေပုံ၌ **'အလေစန္ဒြီ'**-ဟု ခေါ်ဆိုပုံနှိပ်-ရေးသားထားသည့် ကျွန်းငယ်ပင်ဖြစ်၏။ 'ကလသိရွာ'လည်း ၎င်းကျွန်းမှာပင်ရှိရာ၏။ ၎င်းရွာရှိကျွန်းကို ရှေးအခါက **'ဂရိလူမျိုး'(Greek)**တို့ ပိုင်ခဲ့ဘူး၍ ယခုအခါ'တူရကီလူမျိုး'တို့ ပိုင်ကြ၏။ မိလိန္ဒမင်းကြီးသည် 'အလိစန္ဒာ (အလိစန္ဒြ)မင်းများမှဆင်းသက်လာခဲ့၍၊ **'ဂရိ'**အမျိုးဇာတ်ပင်တည်း။ (ဟိန္ဒီဘာသာရာဇဝင်၌ 'မိလိန္ဒမင်း'ကြီးသည် 'ယဝန,ယောနက,တူရကီ-လူမျိုး'-ဟု ဆိုထားသည်ကို ဆင်ခြင်ရာ၏။)

**'အရှင်နာဂသိန်'**။ ။ မထေရ်ဖွားမြင်ရာအရပ်ကား အိန္ဒိယပြည်အတွင်း ဟိမဝန္တာတောင်အနီးရှိ'ကဇင်္ဂလ'မည်သော ပုဏ္ဏားရွာပင်တည်း။ ၎င်းရွာကို 'ကသ္မီရ-ဂန္ဓာရတိုင်း'အတွင်း၌ရှိသင့်၏။ (အချို့က မဇ္ဈိမဒေသ၏အပိုင်းအခြား နယ်နိမိတ်ဖြစ်သည့် 'ကဇင်္ဂလ'နိဂုံးရွာဖြစ်၏-ဟု ဆိုထားသည်ကို ဆင်ခြင်ရာ၏။)

***(၇) ဟိမဝန္တ-ပဒေသ=စိန့်တိုင်း-၅-ရပ်**။ ။ ဟိမဝန္တ-ပဒေသ=စိန့်တိုင်း၅-ရပ်၏တည်ရာအရပ်ကား ဟိမဝန္တာတောင်၏မြောက်ဘက်, အရှေ့ဘက်ရှိ **'ခိုတန်, ယရကန်,တိဗက်,ဘူတန်'**-စသည့်တိုင်းပြည်များနှင့် **တရုပ်ပြည်**များဖြစ်၏။ယင်းဒေသသို့ **'မဇ္ဈိမထေရ်,ကဿပဂေါတ္တထေရ်,အာဠကဒေဝထေရ်,ဒုန္ဒုဘိဿရထေရ်, သဟဿဒေဝထေရ်'**-အမည်ရှိ ရဟန္တာအရှင်မြတ်-၅-ပါးတို့ သာသနာပြုကြွရောက်ပြီး၊ 'ဓမ္မစကြာသုတ္တန်'တရားတော်ကို ဟောကြား၍၊ ဟိမဝန္တပဒေသ=ဟိမဝန္တာဝန်းကျင်-စိန့်တိုင်း-၅-ရပ်၌နေသူ သိန်းများစွာတို့ကို တရားထူးရစေ၍၊ မြောက်များစွာတို့ကို ရဟန်းပြုစေကာ သာသနာတော် တည်ရှိ-ပြန့်ပွားစေခဲ့ကြ၏။

**စိန့်တိုင်းနှင့်တရုပ်ပြည်**။ ။ပါရာဇိကဏ်အဋ္ဌကထာ၌ **'ပဥ္စရဋ္ဌာနိ'**၊ ၎င်း၏

www.burmeseclassic.com

www.burmeseclassic.com

အဖွင့် သာရတ္ထဒီပနီဋီကာ၌ 'ပဥ္စရဋ္ဌာနီတိ ပဥ္စဝိဓ စိနရဋ္ဌာနီ'-ဟု မိန့်ဆိုချက်များအရ 'စိန'ပုဒ်ကို 'စိန့်'တိုင်း-ဟုဘာသာပြန်ကြ၏။ ၎င်း'စိန့်တိုင်း'အရ ('စ'ကို'ch'ဟုရေး၍၊ china-ချိန-ချိုင်းနား)=တရုပ်ပြည်ကိုယူ၍၊ 'စိန့်တိုင်းနှင့်တရုပ်ပြည်' အတူတူဟု ဆိုကြ၏။ အမှန်အားဖြင့် 'တရုပ်ပြည်'အပါအဝင်၊ 'စိန့်တိုင်း'-ဟု မှတ်ယူရမည်။ ၎င်းစိန့်တိုင်းသည် အိန္ဒိယပြည်မှ၎င်း၊ 'အနဝဒတ်'(အနောဒတ်)အိုင်မှ၎င်း-အရှေ့မြောက်အရပ်၌ တည်ရှိကြောင်း သက္ကတကျမ်းစာများ၌ ဆိုထား၏။

တိဗက်ပြည်။ ။တိဗက်ပြည်သည် ဟိမဝန္တာ၏မြောက်ဘက်၊ 'သိန္ဓုမြစ်'ဝတောင်စီးဆင်းရာအရပ်၌ တည်ရှိ၍၊ တောင်ဘက်၌ တရုပ်ပြည် အနောက်တောင်ဖွန်း၊ ဟိမဝန္တာတောင်ကြားအဆုံး၊ မြောက်ဘက်၌ တရုပ်ပြည်နယ်စပ်အထိ၊ အနံ့ကျယ်-အရှေ့အနောက်အလျား-မိုင်-၃၂၀၀-ရှိ၏။ တိဗက်ပြည်သည် ထက်ဝန်းကျင်အရပ်၌ တောင်တို့ဖြင့် ပြည့်နှက်လျက်ရှိ၏။ ၎င်း'တိဗက်'ကို အိန္ဒိယတိုင်းသားများက 'တိဗ္ဗတ'-ဟုခေါ်ဆိုရေးသားကြ၏။ တိဗက်ပြည်၏မြို့တော်ကား 'လာသာ'(လာဆာ)ဖြစ်၏။ 'အနဝဒတ်အိုင်'သည် 'ကေလာသတောင်'၏အရှေ့တောင်ကျ၍၊ တိဗက်ပြည်တွင်းမှာတည်ရှိပြီး၊ ၎င်းကို တောင်ငါးလုံးတို့က ဝိုင်းဝန်းခြံရံထားပြီး၊ ဆီးနှင်းများဖွာ ကျရောက်သဖြင့် အလွန်အေး၏။ ၎င်းအိုင်သို့ 'နေပါလ'(နီပေါ)ပြည်နှင့် တိဗက်ပြည်သားတို့သည် လူစုလူဝေးများဖြင့် တနှစ်လျှင် တကြိမ်ထက်မနည်း သွားရောက်လေ့ရှိကြ၏-ဟု ထိုပြည်သားတို့ထံမှ သိရ၏။

*(၈) သုဝဏ္ဏဘူမိ။ ။တိုင်းအမည်-'သုဝဏ္ဏဘူမိ'။ ကျွန်းအမည်-ယခု'သုမာတြာ'(စုမာတြာ)-ဟု ခေါ်၏။ ၎င်းသည် သာသနာပြုကြွရောက်ရာ 'မူလသုဝဏ္ဏဘူမိ' ဖြစ်၏။ 'သုဝဏ္ဏဘူမိနယ်'အဖြစ် ပါဝင်သင့်သည့်အရပ်များကား "အရှေ့တောင်ဘက်လားသော် 'ဇာဝါ-ဂျာဝါး(Java)ကျွန်း', ဘိုရညိုကျွန်း။ အနောက်ဘက်လားသော်-

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယ သမုဒ္ဒရာ(ဗင်္ဂလားပင်လယ်အော်)။ အရှေ့ဘက်လားသော်-သိယ်ပူရား'ခြသေ့် မြို့'(ယခု စင်္ကာပူ)။ မြောက်ဘက်လားသော်-'မလယ'ခေါ် မလေးကျွန်း(ဝါ)ပသျှူးကျွန်း"-မှစ၍ မြန်မာနိုင်ငံထဲရှိ 'တနင်္သာရီ-ရာမညတိုင်း'အောက်ပိုင်းနှင့်တကွ၊ လာအို၊ 'ကမ္ဗောဒီယာ' ခေါ် 'ခမင်း'(ခမာ)နယ်အထိ သတ်မှတ်သင့်၏။

ဤသုဝဏ္ဏဘူမိတိုင်းကား-ဗင်္ဂလားပင်လယ်အော်၏အရှေ့ဘက်၌ တည်ရှိ၍၊ ရှေးအခါမှစ၍ ယခုတိုင်အောင် အိန္ဒိယပြည်မှ 'မဟာဇနကမင်း'စသည့်မင်း,သူဌေး, သူကြွယ်,ကုန်သည်-မှအစ၊ လူများစွာတို့ ရွက်လှေသင်္ဘော,စက်သင်္ဘောများဖြင့် ကူးသန်းသွားလာရာ-ရောင်းဝယ်ရာ ကျယ်ဝန်းလှသည့် တိုင်းကြီးဖြစ်၏။ သာသနာပြုရာ 'ကိုးတိုင်းကိုးဌာန'၌ ပါဝင်သည့် ယင်းဒေသသို့ 'အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်'အမှူးရှိသော ရဟန္တာအရှင်မြတ်ငါးပါးတို့ ကြွရောက်ရာ တိုင်းကြီးဖြစ်၏။ ထိုမထေရ်ငါးပါးတို့ ကြွရောက်ရာ၌၊ သုဝဏ္ဏဘူမိကျွန်းသို့ ရောက်သည့်နေ့မှာပင်၊ မင်းမျိုးမှ ဖွားမြင်သည့် 'သူငယ်'ကို ခါတိုင်းကဲ့သို့ ခဲစားရန် သမုဒ္ဒရာမှ ထွက်ပေါ်လာသည့် 'ရက္ခိုသ်-ဘီလူးမ'တဦးကို တွေ့မြင်၍၊ ကြောက်ရွံ့ထိပ်လန့်စွာဖြင့် အော်ဟစ်မြည်တမ်းကြကုန်သောလူတို့ကို မထေရ်တို့တွေ့မြင်လေသော်၊ ထိုဘီလူးမကို လူတို့မမြင်နိုင်သည့် အရပ်တိုင်အောင် ထွက်ပြေးစေပြီး၊ ထိုကျွန်းဝန်းကျင်၌ အစောင့်အရှောက်-အရံအတားများကို ထားပေးလေ၏။ ထိုအခါ စုဝေးရောက်လာကြသည့်လူများစွာတို့အား မထေရ်တို့က 'ဗြဟ္မဇာလသုတ္တန်'တရားတော်ကို ဟောကြား၍ ခြောက်သောင်းသော လူတို့အား တရားထူးကို ရရှိစေ၍၊ များစွာတို့ကို ရဟန်းပြုပေးကာ၊ သာသနာတော် တည်ရှိ-ပြန့်ပွားစေလေ၏။

'မူလသုဝဏ္ဏဘူမိကျွန်း'သည် တည်ရာအားဖြင့် "အိန္ဒိယပြည်-'တာမလိတ္တိ (တာမြလိပ္တိ)သင်္ဘောဆိပ်မှ ယူဇနာ-၇၀၀(ရေမိုင်ဖြစ်၍-×၂=၁၄၀၀)ဝေး၏-ဟု ကျမ်း

www.burmeseclassic.com

www.burmeseclassic.com

ဂန်များ၌အဆိုရှိခြင်း၊ ကြီးကျယ်ခန့်နား၍ အနှစ်တထောင်ထက်မနည်း-ရှေးကျလှသည့် ဗုဒ္ဓသာသနိကအဆောက်အဦး,စေတီပုထိုး,ကျောင်းတိုက်ကြီးတွေ ပေါ်များခြင်း၊ အိန္ဒိယပြည်၏အရှေ့ဘက်-'ဗင်္ဂလားအော်'မှ ရွက်လှေသင်္ဘောဖြင့် ကူးသန်းသွားလာ-ဖြောင့်တန်းလွယ်ကူစွာ ရောက်ရှိနိုင်သည့် နေရာဌာနဖြစ်ခြင်း၊ အဆိုပါမထေရ်တို့ကြွသွားရာ စကားအစဉ်၌-"ဒိပသ္သ သမန္တတော အာရက္ခံ ထပေတွာ"(ကျွန်း၏ထက်ဝန်းကျင်မှ အစောင့်အရှောက်ကိုထား၍)-ဟူသောကျမ်းဂန်လာစကားကို ထောက်၍၊ ရေပတ်လည်ဝိုင်း-'ကျွန်း'သက်သက်သာ ဖြစ်၏-ဟု ယူဆရခြင်း"-ဟူသောအကြောင်းများကြောင့်၊ ဗင်္ဂလားအော်၏အရှေ့တောင်ဘက်၌ တည်ရှိသော'သုမာတြာ'ကျွန်းသည်ပင် 'မူလသုဝဏ္ဏဘူမိ'ဖြစ်သင့်၏-ဟု ဆိုခဲ့ခြင်းဖြစ်၏။ ထို့ပြင် အိန္ဒိယမှ သုဝဏ္ဏဘူမိ(တိုင်း)သို့ 'လောကရေး,သာသနာရေးအားဖြင့် များစွာကူးသန်း-ဆက်သွယ်မှုရှိခဲ့ကြပုံကို ယခုတွေ့မြင်ရသည့် သာသနာရေးအခြေအနေ၊ ရှေးဟောင်းအဆောက်အဦး,စေတီပုထိုးများကို ထောက်ထား၍၊ သုဝဏ္ဏဘူမိနယ်သည် 'သုမာတြာကျွန်း'မျှသာမဟုတ်ပဲ၊ ၎င်းကျွန်းကိုအရင်းခံ(ဗဟို)ထား၍၊ (သာသနာဆက်လက်ပြန့်ပွားလာခဲ့သော)အခြားနီးစပ်ရာ၊ 'ဂျာဝါကျွန်း၊ ဗာလီကျွန်း၊ ဘိုရနီယိုကျွန်း၊ သိယံပူရ=စင်္ကာပူကျွန်း၊ ယခု'မလေး'ခေါ်၊ ရှေးက'မလ္လာယု'ခေါ်'ပသျှူးကျွန်း၊ 'ကမ္ဗောဒိယာ'ခေါ်'ခမာပြည်'၊ 'လာအို'ခေါ်'လောပြည်'၊(Indo-cina>Indo-china>['c'ကို'ချ/အို'၂-သံထွက်နိုင်သဖြင့်]အင်ဒို=ချိနှ>['i'ကို အင်္ဂလိပ်တို့က 'အိုင်'သံထွက်၍]'အင်ဒို-ချိုင်းနား'နယ်၊ ယိုးဒယား=ထိုင်း၊ တနင်္သာရီ၊ မြန်မာပြည်အောက်ပိုင်း၊ ရာမညတိုင်း(သထုံနယ်)တို့သည် 'သုဝဏ္ဏဘူမိ'နယ်များ ဖြစ်သင့်၏-ဟု ပြဆိုခဲ့ပေသည်။ [ကြီးမား-ရှည်လျားသည့် တောင်တန်းကြီးများ၏ အနီး၌တည်ရှိသည့် 'သထုံပြည်'ကို 'မူလသုဝဏ္ဏဘူမိ'-ဟု အချို့ယူဆထားကြသည်မှာ အထောက်အထား အခိုင်အလုံ မရှိချေ။]

www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် ရှေးဟောင်း'နာလန္ဒာတက္ကသိုလ်ကြီး'ကို အိန္ဒိယရှေးဟောင်းသုတေသနဌာနက တူးဖော်တွေ့သမျှကို မှတ်တမ်းတင်ထားသည့်စာအုပ်ထဲ၌ ဖော်ပြသည့် "ဝင်္ဂတိုင်း(ဗင်္ဂလားပြည်)၌ အုပ်စိုးသည့်'ပါလမင်းဆက်'ဝင် တတိယမြောက်မင်းဖြစ်သော၊ ခရစ်နှစ်၉၀၀ (သာသနာနှစ်၁၄၄၄)ခုလောက်က အုပ်စိုးခဲ့သည့် **'ဒေဝပါလမင်း'**ရေးထိုးခဲ့သည့် 'ကြေးပုရပိုက်'ထဲ၌ 'သုဝဏ္ဏ - ဒွီပ=သုဝဏ္ဏဒီပ'ခေါ် 'သုမာတြာ' ကျွန်း၏ဘုရင်'**သိရီဗလပုတ္တဒေဝ**'မင်းသည် နာလန္ဒာတက္ကသိုလ်ကြီး တည်မြဲစေရန်, အထောက်အပံ့ဖြစ်စေရန်, ပညာသင်ရဟန်းတော်များ ချမ်းသာစေရန်အလို့ငှါ၊ 'သိရိနဂရ'ခေါ် 'ပါဋလိပုတ်'ခရိုင်နိုင်ငံအတွင်း 'ရာဇဂဟ. ဂယာ'စီရင်စုများ၌ရှိသော ရွာ၅-ရွာတို့ကို ပေးလှူရာ၊ ၎င်းရွာ၅-ရွာအတွက် မိမိပိုင်ဆိုင်သည့် 'သုဝဏ္ဏဘူမိ'၌ ရှိသော ရွာ၅-ရွာကို အစားထိုး၍၊ ထိုအခါက 'ပါဋလိပုတ်'ခရိုင်နိုင်ငံကို စိုးပိုင်သည့် 'ဒေဝပါလမင်း'အား ဖလှယ်ပေးကြောင်း"-ဖော်ပြထားသည့် ယင်း'ပုရပိုက်စာ'အရ ၎င်း၊ ၁၉၃၅-ခု ဖွန်လထုတ်'မဟာဗောဓိအသင်းဂျာနယ်'ထဲပါ-ဒေါက်တာဘရောင်းရေးသားချက်၊ ၁၉၄၇-ခုနှစ်ရိုက် 'ပါက္ကာ(ဒါကာ=ဒကာ)တက္ကသိုလ်-ပါမောက္ခ-ဒေါက်တာ'ရေး'၏ရေးသားချက်အရ၎င်း-(ကလကတ္တားမြို့မှ အနောက်တောင်-မိုင် ၂၃၀-အကွာရှိ) 'တာမလိတ္တိ'(တာမြလိပ္တိ)သင်္ဘောဆိပ်မြို့နှင့် 'သုမာတြာ(သုဝဏ္ဏဘူမိ)အကြားမှာ ယူဇနာ ၇၀၀-ခန့်=ရေမိုင်အားဖြင့်(၇၀၀×၂)=မိုင်၁၄၀၀-ခန့်ကွာဝေး၏-ဟူသောလက္ခဏာအရ၊ 'သုမာတြာကျွန်း'သည်သာ 'မူလသုဝဏ္ဏဘူမိ'ဖြစ်၏-ဟု အကြောင်းခိုင်လုံစွာဖြင့် မှတ်ယူအပ်၏။

သို့ဖြစ်၍ 'မူလသုဝဏ္ဏဘူမိ'ဖြစ်သည့် 'သုမာတြာကျွန်း'၌ ဗုဒ္ဓသာသနာတည်ရှိခိုင်မြဲ-ပြန့်ပွားစေပြီးနောက်၊ ၎င်းကျွန်းမှတဆင့်၎င်း၊ နာလန္ဒတက္ကသိုလ်ကြီးတည်ရာ အိန္ဒိယပြည်အရှေ့ပိုင်းနှင့် အိန္ဒိယပြည်တောင်ပိုင်း(အထူးသဖြင့် အရှေ့ဘက်ပင်လယ်

www.burmeseclassic.com


ကမ်းရှိ(ကာဠိပုရ'နယ်),သီဟိုဠ်ကျွန်းတို့နှင့် ဆက်သွယ်မိခဲ့ခြင်းကြောင့်၊ အထက်ပေါ် ပြပါ (ကျွန်သုဝဏ္ဏဘူမိ)နယ်ပယ်များ၌ (အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်း၌)ဗုဒ္ဓသာသနာတော်တည်ရှိ-ထွန်းကားလာခဲ့ကြောင်း မှတ်ယူအပ်၏။ ['သုမာတြ'အမည်ဖြစ်လာပုံကား-ရှေးအခါက အိန္ဒိယတိုင်းသား 'သုမိတြ'(ပါဠိ-သုမိတ္တ)မည်သော ကုန်သည်ကြီးတဦးသည် ဤကျွန်းသို့ ရှေးဦးစွာရောက်ရှိလာခဲ့ပြီး၊ မြို့အဖြစ်စတင်တည်ထောင်နေထိုင်ခဲ့သောကြောင့်၊ ၎င်းပုဂ္ဂိုလ်၏'သုမိတြ'အမည်ကိုစွဲ၍ ဤကျွန်းကို 'သုမိတြ'-ဟု မှည့်ခေါ်ခဲ့ရာမှ၊ (မိ>မာ)အနည်းငယ်ပြောင်းလဲ၍၊ 'သုမာတြာ'-ဟု(ဘာသာဗေဒနည်းအရ)ခေါ်တွင်လာခြင်းဖြစ်၏။]

*ယဝဒွီပ=(ပါဠိ ယဝဒီပ)။ ။'Yava>Java>ဂျာဝါကျွန်း-ဟုခေါ်တွင်လာခြင်းမှာ'ယဝ•မုယောစပါး+ဒွီပ•ကျွန်း'=မုယောစပါး ပေါများသည့်ကျွန်း-ဟု အဓိပ္ပါယ်ရှိ၏။'Y>J'-J ကို 'ဂျာ'ဟု အသံထွက်ရသောကြောင့်၊ 'Java'-မှ 'ဂျာဝါး'-ဖြစ်လာ၏။

*အင်ဒို-ချိုင်းနား။ ။'Indo-china'---အင်္ဂလိပ်'o'ကို 'အို/ဩ'-ဟု အသံနှစ်မျိုးထွက်၍၊ ပါဠိ,သက္ကတပုဒ်-'စိန'၌ 'စိ'ကို 'ci/chi'-ဟု ၂-မျိုးရွတ်ဆိုရေးသားကြပြီး၊ 'i'ကို အင်္ဂလိပ်တို့က 'အိုင်'ဟုအသံထွက်သောကြောင့်၊ 'ဣန္ဒော'စိန•ဣန္ဒိစိန'မှ 'အင်ဒို-ချိုင်းနား'ဟုဖြစ်လာသည်။ အိန္ဒိယ(Indo)နှင့်စိန=china•တရုပ်(၂-မျိုးစလုံး)၏လူမျိုး,ယဉ်ကျေးမှု,ဘာသာစကား(၂-မျိုး)ရောနှောခြင်းရှိသည့်လူမျိုးတို့၏ နေထိုင်ရာဒေသ-ဟု ဆိုလိုသည်။

*(၉)သီဟဠတိုင်း(သီဟိုဠ်ကျွန်း)။ ။ယင်းတိုင်းအမည်ကို 'သီဟဠ,တမ္ဗပဏ္ဏိ, လင်္ကာဒီပ'ဟု ခေါ်၏။ [မြန်မာတို့က 'သီဟိုဠ်'ဟုရင်း၊ ပါဠိ-'သီဟ'သက္ကတ-သိံဟ>သိယ်(ခြင်္သေ့)ပုဒ်နောင် 'လ•ဠ'ပစ္စည်းဆက်၍၊'သယိုဠ်'ဟုလည်း ခေါ်၏။] မြို့

www.burmeseclassic.com


တော်ဟောင်းအမည်ကား 'တမ္ဗပဏ္ဏိ၊ အနုရာဓ'ဖြစ်၍၊ ယခုမြို့တော်အမည်ကား 'ကောလမ္ဗ=ကိုလမ္ဗို'-ဟုခေါ်၏။ ၎င်းကျွန်းသည် အိန္ဒိယပြည်၏တောင်ဘက်၌ ရေလက်ကြား အနည်းငယ်ခြားထားသော၊ စတုရန်းမိုင်ပေါင်း ၂၅၀၀၀-ရှိသည့် ကျွန်းဖြစ်၏။(သီဟိုဠ်သရက်စေ့ ပုံသဏ္ဌာန်ရှိ၏။) ၎င်းကျွန်းပေါ်၌ရှိသော စေတီကြီး၁၆-ဆူတို့မှာ-(၁)မဟိယင်္ဂဏ၊ (၂)နာဂဒီပ၊ (၃)ကလျာဏီ၊ (၄)စက်တော်ရာ၊ (၅)ဒိဝါ. ဂုဟာ၊ (၆)ဒီဃဝါပီ၊ (၇)မုတိယင်္ဂဏ၊ (၈)တိဿဝိဟာရ=တိဿမဟာရာမ၊ (၉)ဒက္ခိဏာသာခါ-မဟာဗောဓိ၊ (၁၀)မရိစိဝဋ္ဋိ-ကုန္တ၊ (၁၁)ဟေမမာလီ၊ (၁၂)ထူပါရာမ=ထူပါရုံ၊ (၁၃)အဘယဂိရိ၊ (၁၄)ဇေတဝန၊ (၁၅)သိလာ၊ (၁၆)စိရ-စေတီတော်တို့ဖြစ်၏။

**သာသနာနှစ် ၂၃၆-ခု၌** အသောကမင်းကြီး၏သားတော် **'အရှင်မဟိန္ဒ'** အမှူးရှိသောရဟန္တာအရှင်မြတ်ငါးပါးတို့သည်၎င်း၊ ထို့နောက် သမီးတော်**'သင်္ဃမိတ္တာ'** ထေရီမအမှူးရှိသောထေရီမများသည်၎င်း၊ သီဟိုဠ်ဘုရင်**'ဒေဝါနမ္ပိယတိဿမင်း'** လက်ထက်၌ သာသနာပြုကြွရောက်ခဲ့သည်မှစ၍၊ ဗုဒ္ဓသာသနာတော်သည် တည်တံ့-ခိုင်မြဲ-ထွန်းကားလာခဲ့ရာမှ ယခုထက်တိုင် ကမ္ဘာ့နိုင်ငံများစွာသို့ ထေရဝါဒသာသနာကို အဓိကဖြန့်ချီရာ ဗဟိုဌာနကြီးသဖွယ်အဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိပေသည်။

[၎င်းတိုင်းအကြောင်း အသေးစိတ်ကို **'သီဟိုဠ်ဗုဒ္ဓသာသနာနှင့် ပါဠိစာပေသမိုင်း'**မည်သောကျမ်းစာအုပ်၌ ကြည့်ရှုပါလေ။]

---

## ၈။ ။အိန္ဒိယနိုင်ငံအတွင်းရှိ တိုင်းကြီး၁၆-တိုင်းအကြောင်း

'ဝိသာခုပေါသထသုတ်-ပါဠိတော်'လာ၊ အိန္ဒိယနိုင်ငံတွင်းရှိ တိုင်းကြီး၁၆-တိုင်းအကြောင်းကို လေ့လာသိရှိစေရန်အတွက် ဆက်လက်၍ အကျဉ်းမျှပြဆိုပေအံ့။

www.burmeseclassic.com

www.burmeseclassic.com


ယင်းတိုင်းကြီး၁၆-တိုင်းတို့ကား--(၁)အင်္ဂတိုင်း၊ (၂)မဂဓတိုင်း၊ (၃)ကာသိတိုင်း၊ (၄)ကောသလတိုင်း၊ (၅)ဝဇ္ဇီတိုင်း၊ (၆)မလ္လတိုင်း၊ (၇)စေဒိတိုင်း၊ (၈)ဝံသတိုင်း၊(၉)ကုရုတိုင်း၊ (၁၀)ပဉ္စာလတိုင်း၊ (၁၁)မစ္ဆတိုင်း၊ (၁၂)သူရသေနတိုင်း၊ (၁၃)အဿကတိုင်း၊ (၁၄)အဝန္တီတိုင်း၊ (၁၅)ဂန္ဓာရတိုင်း၊ (၁၆)ကမ္ဘောဇတိုင်း။ ထိုတိုင်း၁၆-တိုင်းတို့တွင်-

***(၁)အင်္ဂတိုင်း။** ။ယင်းတိုင်း၏ ရှေးမြို့တော်ဟောင်းအမည်ကား **'စမ္ပါ' ကာလစမ္ပါ(စမ္ပါနဂရ=စမ္ပါနဂိုရ်)**ဖြစ်၏။ ရှေးအရံမြို့အမည်ကား-'ဘဒ္ဒိယမြို့' ဖြစ်၏။ ယင်းတိုင်းသည် ဗိဟာရ်နယ်၏အရှေ့မြောက်ပိုင်း, ဂင်္ဂါမြစ်၏တောင်ဘက်၌ တည်ရှိ၏။ 'စမ္ပါ'ပုဒ်သည် 'စကားပန်း'ကိုဟောရာ၊ 'စကားပင်တော'၌ တည်ထောင်ထားသည့် 'နဂရ=မြို့'ဖြစ်ခြင်းကြောင့်၊ တနည်း-ယခုအခါ 'စာန္ဒန်'-ဟုခေါ်သည့်'စမ္ပါမြစ်'ကမ်းအနီး၌ တည်ထောင်ထားသည့် မြို့ဖြစ်ခြင်းကြောင့်၊ **'စမ္ပါနဂရ=စမ္ပါနဂိုရ်'**ဟု ခေါ်၏။ ယင်းစမ္ပါမြစ်သည် 'အင်္ဂတိုင်းနှင့်မဂဓတိုင်း'၂-ခုအကြား၌ တည်ရှိ၍၊ ယင်းမြစ်အတွင်းရှိ 'နဂါးဘုံ(ပြည်)မှာ 'စမ္ပေယျနဂါးမင်း'နေထိုင်ကြောင်း-ဇာတ်အဋ္ဌကထာထဲ၌ ပြဆိုထား၏။

***(၂)မဂဓတိုင်း။** ။ယင်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား **'ရာဇဂဟ (ရာဇဂြိုဟ်ပြည်(မြို့)**ဖြစ်၏။ အရံရှေးမြို့အမည်ကား-'နာလန္ဒာမြို့'ဖြစ်၏။ ယင်းတိုင်းသည် ဗိဟာရ်(=ဝိဟာရ)နယ်၏မြောက်ပိုင်း၌ တည်ရှိ၏။ ရာဇဂြိုဟ်မြို့တော်၏တောင်ဘက်၌ **'ဗိမ္ဗိသာရမင်းကြီး'**က ဘုရားရှင်အား လှူဒါန်းခဲ့သည့် **'ဝေဠုဝန်ကျောင်းတော်'**နှင့် ဆေးဆရာဇီဝကလှူဒါန်းခဲ့သည့် **'အမ္ဗဝန်ကျောင်းတော်ကြီး'**ရှိ၏။ ဘုရားရှင်-၅-ဝါတိုင်တိုင် သီတင်းသုံးခဲ့ရာ ရာဇဂြိုဟ်မြို့တော်၏ထက်ဝန်းကျင်-၃-ယူဇနာအတွင်း၌ ကျောင်းတိုက်ကြီးပေါင်း၁၈-ခု ခြံရံလျက် ရှိ၏။ မြို့တော်၏တောင်အရပ်၌ **အရှင်မဟာကဿပမထေရ်** အမိန့်ခံပြု၍ ၇-ပြည်ထောင်မင်းတို့ ဝေစုရရှိခဲ့သည့်

ဓာတ်တော်များကို တပေါင်းတည်းပြု၍၊ **အဇာတသတ်မင်းက** တည်ထားခဲ့သော‘**ဓာတုနိဓာနစေတီတော်ကြီး**’တည်ရှိ၏။ ယင်းမြို့တော်သည် အကျယ်၃-ဂါဝုတ် ရှိ၍၊ ထက်ဝန်းကျင်၌ တောင်၅-လုံးခြံရံလျက် ရှိ၏။ ၎င်းမြို့တော်သည် ‘**ဂယာဒိစတြိတ်**’ အတွင်း၌ တည်ရှိ၏။

‘**ပါဋလိပုတ်မြို့(ပြည်)**’။ ။ ပါဋလိပုတ်မြို့(ပြည်)သည် အဇာတသတ်မင်းက ဝဇ္ဇီတိုင်းသား-ဝေသာလီမြို့(ပြည်)ကို တိုက်ရန်ရည်ရွယ်၍ ‘ခံတပ်မြို့’အဖြစ်ဖြင့် အသုံးပြုခဲ့သောနေရာဖြစ်ခဲ့ပြီးနောက်၊ ‘**အသောကမင်းကြီး**’လက်ထက်၌ မင်းနေပြည်တော်ဖြစ်လာခဲ့၏။ ၎င်းမြို့သည် မဂဓတိုင်း၏ ဒုတိယမြို့တော်ဖြစ်၏။ အသောကမင်းကြီးသည် အဇာတသတ်မင်းကြီး၏ ‘**ဓာတုနိဓာနစေတီတော်ကြီး**’၌ အဇာတသတ်မင်းဌာပနာထားခဲ့သော ဓာတ်တော်များကို ထိုစေတီ၌ ကိုးကွယ်ရုံမျှ ချန်ထားခဲ့ပြီး၊ (ဘုရားရှင်၏သပိတ်တော်အပြည့် ဓာတ်တော်များကို နန်းတော်၌ ကိုးကွယ်ထားရှိ၍) ကျန်ဓာတ်တော်အားလုံးကို ထုတ်ယူပင့်ဆောင်ကာ၊ မိမိပိုင်နိုင်ငံတော်-ဇမ္ဗူဒိပ်ကျွန်း (အများအားဖြင့် အိန္ဒိယနိုင်ငံအတွင်း)ရှိ-မြို့ပေါင်း၈၄၀၀၀-တို့၌ စေတီပေါင်း၈၄၀၀၀ တို့ကို ဓာတ်တော်ဌာပနာထည့်၍ တည်ထားစေခဲ့၏။ ထိုသပိတ်အတွင်းရှိ ဓာတ်တော်များကိုလည်း၊ (မင်းကြီးနတ်ရွာစံသည့်အခါ)သီဟိုဠ်ကျွန်း၌ သာသနာပြုနေသော သားတော်**အရှင်မဟိန္ဒ**မထေရ်က (မင်းကြီး၏)မြေးတော်‘**သုမနသာမဏေ**’အား ကြွရောက်-ပင့်ယူစေပြီး၊ သီဟိုဠ်ကျွန်းတွင် တယူဇနာ-တယူဇနာကွာအရပ်တိုင်းမှာ သီဟိုဠ်ဘုရင်အား စေတီတော်တဆူစီ တည်ထား-ကိုးကွယ်စေ၍ ထည့်သွင်းဌာပနာစေသည့်အပြင်၊ သပိတ်တော်မူ နန်းတွင်း၌ထား၍ ကိုးကွယ်စေလေ၏။ [ဘုရားရှင်-စသည့် သူတော်စင်တို့သုံးစွဲ-ပြောဆိုသည့် **ပါဠိဘာသာ**ကို မဂဓတိုင်း၌ သုံးစွဲ၍စင်ကြယ်လှသော ‘(သုဒ္ဓ)**မာဂဓဘာသာ**’-ဟုခေါ်၏။ နှောင်းခေတ်၌သုံးစွဲသည့် မာဂဓ

www.burmeseclassic.com

www.burmeseclassic.com


ဘာသာကား (အသောကကျောက်စာများပါ စကားကဲ့သို့)ဒေသသုံးဘာသာတွေ ရော နှောပါရှိသဖြင့် မိဿက-မာဂဓီဘာသာမျိုး ဖြစ်၏။]

*နာလန္ဒာမြို့ကား အရံမြို့ဖြစ်၏။ ၎င်းမြို့၌ ဘုရားရှင်လက်ထက်က 'ပါဝါရိကသူဌေး'နေထိုင်ပြီး၊ သူဆောက်လုပ်လှူဒါန်းခဲ့သည့် 'ပါဝါရိကာရုံကျောင်းတော်ကြီး'တည်ရှိခဲ့၏။ ၎င်းမြို့သည် တတိယသင်္ဂါယနာတင်ပြီးနောက်၊ သောင်းပေါင်းများစွာသောရဟန်းတော်များ သီတင်းသုံးရာမြို့လည်းဖြစ်၏။ (၎င်းမြို့၌ပင် မြို့အမည်ကို အစွဲပြု၍၊ နောင်ခေတ်တွင် အလွန်ပင်ကျော်ကြားသည့် 'နာလန္ဒာတက္ကသိုလ်ကြီး' တည်ရှိခဲ့၏။) ယခု ၎င်းမြို့တော်ဟောင်းနေရာကို အိန္ဒိယအစိုးရ ရှေးဟောင်းသုတေသနဌာနကတူးဖော်ရာ၊ ရှေးက 'သက္ကာဒိစ္စ၊ ဗုဒ္ဓဂုတ္တ၊ တထာဂတဂုတ္တ၊ ဗလာဒိစ္စ'-စသည့်မင်းများတောင်းမှုတော်-ရှေးဟောင်းကျောင်းကန်အဆောက်အဦကြီးများ ပေါ်လာကြောင်း တွေ့ရှိရ၏။ ရာဇဂြိုဟ်မြို့ဟောင်းနှင့် နာလန္ဒာမြို့တို့အကြား-(ပါဠိကျမ်းဂန်လာအတိုင်းပင်) တယူဇနာ-၈-မိုင်ကွာဝေး၏။

'ဥရုဝေလာ'။ ။'ဗုဒ္ဓဂယာ-မဟာဗောဓိ'၏တည်ရာဖြစ်သည့် 'ဥရုဝေလာ' အမည်ရှိတောအုပ်သည် ဘုရားအလောင်း ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့ရာ တောအုပ်ဖြစ်၏။ ၎င်းတောအုပ်သည် မဟာဗောဓိမှ အရှေ့ဘက်အနီး၊ 'နေရဥ္ဇရာမြစ်'၏ အရှေ့ဘက်ကမ်းမှာတည်ရှိ၏။ *'မဟာဗောဓိ'ကား ဘုရားရှင်'သဗ္ဗညုတဉာဏ်တော်'ကိုရရှိရာ-ဘုရားဖြစ်ရာဌာနမြတ်ဖြစ်၏။ မဟာဗောဓိပင်၏အနီး၌ 'မဟာဗောဓိစေတီတော်ကြီး'ကို အသောကမင်းကြီးက ရှေးဦးစွာတည်ထားခဲ့ပြီး၊ နောက် အနှစ် ၂၀၀၀-ကြာ၍ ပျက်စီးလာသဖြင့်၊ မြန်မာနှစ်-၁၂၄၉-ခု(အေဒီ-၁၈၈၈)လောက်တွင် မြန်မာပြည်-ဘုရင်မင်းတုန်းမင်းကြီးက ထပ်မံပြင်ဆင်စေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

'ဂယာမြို့'။ ။'ဂယ'မည်သောမင်းက တည်ထောင်ခဲ့သဖြင့် (ဝါ)ထိုမင်း၏မြို့တော်ဖြစ်သဖြင့် (ဝါ)'ဂယာမြစ်'၏အနီး၌တည်ရှိသဖြင့် 'ဂယာမြို့'-ဟုခေါ်၏။မဟာဗောဓိပင်တည်ရှိရာဌာနသည် 'ဂယာမြို့'နှင့်နီးကပ်စွာ တည်ရှိသောကြောင့်၊ ၎င်းဌာနကို 'ဗုဒ္ဓဂယာ'-ဟုရင်း၊ 'ဗောဓိဂယာ'-ဟုရင်း၊ 'ဗောဓဂယာ'-ဟုရင်း ခေါ်ဆို၏။

***(၃)ကာသိတိုင်း**။ ။ ၎င်းတိုင်း၏ရှေးမြို့တော်အမည်ကား **'ဗာရာဏသီ'** (ပြာကတဘာသာဖြင့်-ဗာဏာရသ။ အင်္ဂလိပ်လို-Banaras)ဖြစ်၏။ ၎င်းမြို့တော်သည် ရှေးပဝေသဏီကာလမှစ၍၊ ယနေ့တိုင်အောင် ထင်ရှားကျော်စောသည့် မြို့ဖြစ်၏။ ၎င်းမြို့သည် ဂင်္ဂါမြစ်၏မြောက်ဘက်အနီး၌၊ ရာဇဂြိုဟ်မြို့၏အနောက်ဘက်၌ တည်ရှိ၏။ယခုအခါ 'သက္ကတ၊ ဟိန္ဒီ'ဘာသာများကို အထူးသင်ပေးရာ တက္ကသိုလ်ကြီးရှိသည့် မြို့ဖြစ်၏။

***(၄)ကောသလတိုင်း**။ ။ ၎င်းတိုင်း၏ရှေးမြို့တော်အမည်ကား **'သာဝတ္ထိမြို့'**(ပြည်)ဖြစ်၏။ ယခုမြို့တော်အမည်ကား 'သေဟတ်မဟတ်'ဖြစ်၏။ ၎င်းတိုင်းသည်'ကာသိတိုင်း၊ သက္ကတိုင်းတို့၏အကြား၊ 'သရဗူမြစ်,အစိရဝတီမြစ်'များ စီးဆင်းရာ ထက်ဝန်းကျင်အရပ်၊ ဟိမဝန္တာတောင်နှင့်စပ်လျက်ရှိ၏။ ၎င်းသာဝတ္ထိမြို့၌ ဘုရားရှင်သည်၂၅-ဝါတိုင်တိုင် သီတင်းသုံးခဲ့၏။ ၎င်းမြို့တော်၏တောင်မျက်နှာအရပ်၌ 'အနာထပိဏ်သူဌေး'ဆောက်လုပ်လှူဒါန်းသည့် **'ဇေတဝန်ကျောင်းတော်ကြီး'**ရှိ၍၊ မြို့၏အရှေ့မျက်နှာအရပ်၌ 'ဝိသာခါ'ကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းသည့် **'ပုဗ္ဗာရုံကျောင်းတော်ကြီး'**ရှိ၏။ ပုဗ္ဗာရုံကျောင်းတော်ကြီးသည် လွန်ခဲ့သည့် အနှစ်တထောင်ကျော်ကာလကပင် 'အစိရဝတီမြစ်'ရေတိုက်စားရာတွင် ပါသွားခဲ့လေပြီ။

***(၅)ဝဇ္ဇီတိုင်း**။ ။၎င်းတိုင်း၏ ရှေးမြို့တော်ဟောင်းအမည်ကား **'ဝေသာလီမြို့'**(ပြည်)ဖြစ်၏။ ယခုမြို့အမည်ကား'ဝေဆရ ဗသာဗ'ဖြစ်၏။ ၎င်းတိုင်းသည် 'ဗိဟာ

www.burmeseclassic.com


ရ်နယ်မြောက်ပိုင်း၌ တည်ရှိ၏။ တာဝတီသာနတ်သားများကဲ့သို့ တင့်တယ်လှပသည့် 'လိစ္ဆဝီမင်း'သား၇၇၀၀-တို့နေထိုင်ရာ ပြည်ဖြစ်၏။ သာသနာနှစ်တရာမြောက်၌ ကာလာသောကမင်းလက်ထက်တွင် ဝဇ္ဇီတိုင်းသား ရဟန်းဆိုးတို့၏ အဓမ္မဝတ္ထု၊ အဝိနယဝတ္ထု(တရားမှား,ဝိနည်းမှား)၁၀-ပါးတို့ကို ကျင့်သုံးကြသည်ကို အကြောင်းပြု၍၊ အရှင်မဟာယသမထေရ်အမှူးရှိသည့် ရဟန္တာအရှင်မြတ်၇၀၀-တို့သည် 'ဝေသာလီမြို့(ပြည်)'၌ ဒုတိယသင်္ဂါယနာကို တင်ခဲ့ကြ၏။

*(၆)မလ္လတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-(ကုသဝတီ),(ကုသိနာရာ=ကုသိနာရုံ)ဖြစ်၏။ ယခုမြို့တော်အမည်ကား-'ကာဆိယာ'ဖြစ်၏။ ၎င်းတိုင်းသည် 'အ်ယောဓျာနယ်အရှေ့ပိုင်း၊ ဂေါရက္ခပူရ(ဂိုရ်ခ်-ပူရ်)[ဂေါ်ရခါးမြို့?]နှင့် ဗိဟာရ်နယ်မြောက်ပိုင်း၊ 'စာပရာ'(ချပ္ပရာ)စီရင်စုများ၌ တည်ရှိ၏။ 'ကာဆိယာ'၏အနောက်ဘက်-'ဗိရှန်ပုရ'ရွာငယ်သည်ပင် 'ကုသိရာရုံပြည်'ဖြစ်၏။ ၎င်းကုသိနာရုံပြည်သည် ဘုရားလောင်း 'မဟာသုဒဿနစကြာမင်း၊ ကုသမင်း'တို့လက်ထက်၌ 'ကုသာဝတီ'ပြည်-ဟု ခေါ်တွင်ခဲ့၏။ ၎င်းကုသိနာရုံပြည်သည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုရာပြည်လည်း ဖြစ်၏။

ဂေါ်ရခါးနှင့်နေဝါရီ။ ။နေပါလ်(နီပေါ)နိုင်ငံကို 'ရာဇပုတ္တ'အမျိုးဇာတ်ရှိသူ 'ဂေါ်ရခါး(ဂေါရက္ခ?)လူမျိုးတို့မသိမ်းပိုက်မီ၊ တိုင်းရင်းသား'နေဝါရီ'လူမျိုးတို့ပင် ပိုင်ဆိုင်ခဲ့ကြရာ၊ ခရစ်နှစ်'၁၇၆၇'ခုမှာ 'ဂေါ်ရခါး'တို့က 'နေဝါရီ'တို့လက်ထက်မှ သိမ်းယူကြပြီး၊ ယခုတိုင် အုပ်ချုပ်လျက်ရှိကြ၏။ ၎င်းဂေါ်ရခါးတို့သည် ဟိန္ဒူဘာသာဝင်,ဟိန္ဒူဇာတ်ရှိ သူများဖြစ်၍ တိုင်းရင်းသား'နေဝါရီ'တို့ကား ဗုဒ္ဓဘာသာဝင်၊ သာကီဝင်အမျိုးဇာတ်ရှိသူများဖြစ်၏။ ၎င်းနေဝါရီလူမျိုးများအုပ်စိုးစဉ်အခါက၊ ဤ'ကုသိနာရုံပြည်'သည် 'နေပါလ'(နီပေါ)နိုင်ငံအတွင်းမှာ ပါဝင်၏။

www.burmeseclassic.com

www.burmeseclassic.com


နေဝါရီလူမျိုးနှင့်ဗမာလူမျိုးသည် အသွင်အပြင်အားဖြင့် အလွန်တူသည့် အပြင်၊ နေဝါရီစကားနှင့် ဗမာစကားတို့လည်း အလွန်နီးစပ်-တူညီမှုရှိကြောင်းသိရ၏။ ဥပမာ-"မီး၊အပူ၊လမ်း၊ထို၊(တကူး-စသည့်)လ၊ငါး"အမည်တို့မှာ ၂-ဘာသာလုံး၌ ထပ်တူတူကြ၏။ ဘာသာအယူဝါဒချင်းလည်း ထပ်တူဖြစ်၏။ ထို့ပြင် '**နေပါလ်**'**နိုင်ငံ**-ကပိလဝတ္ထုပြည်မှ ဗမာနိုင်ငံ-အညာ,ပဥ္စာတကောင်း'-စသည့်မြို့များသို့ ကုန်းကြောင်း ခြေလျင်ဖြင့် လွယ်ကူစွာသွားလာနိုင်ကြောင်း၊ ပထဝီအနေအထားအရ သိရ၏။ ဗမာများသည် ယင်းသာကီဝင်အမျိုးအနွယ်အဆက်မှ ဆင်းသက်လာခဲ့သည့် လူမျိုးများဖြစ်ကြောင်း ရှေးဆရာကြီးတို့၏ ရာဇဝင်ကျမ်းများ၌ ဆိုထားသည့်စကားမှာ ယုံကြည်ထိုက်၏။ ['**နေဝါရ**'မှ '**နေပါလ်**'သည်ရှင်း၊ '**နေဝါရီ**'မှ '**နေပါလီ**'သည်ရှင်း('ဝ'ကို 'ပ'ပြု၊ 'ရ'ကို'လ'ပြု၍)ဖြစ်လာကြောင်း ဘာသာဗေဒပညာအရ သိနိုင်၏။ ထို့ပြင်'**ဝါရ**' ပုဒ်သည် ဘေးအန္တရာယ်ကို တားမြစ်ခြင်း-အနက်ရှိ၍၊ '**ပါလ**'ပုဒ်သည် ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်း-အနက်ဟောကြသဖြင့်၊ ယင်း၂-ပုဒ်သည် အဓိပ္ပါယ် သဘောအားဖြင့်လည်း တူ၏-ဟုဆိုနိုင်သည်။

***(၇)စေဒိ=စေတိတိုင်း။** ။ ၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-'သဟဇာတိ'ဖြစ်၏။ ၎င်းတိုင်းသည် 'ကေပုရ'(ကပုရ်)ခရိုင်နယ်၏ အရှေ့တောင်အောက်-'သောဏာ'မြစ်လက်တက် 'ကန်တိုရ်'မြစ်အနီး၌ တည်ရှိ၏။ 'စေဒိတိုင်း=စေတိတိုင်း'ဟု ၂-မျိုးခေါ်နိုင်၏။ သို့သော် ၎င်းတိုင်းသည် ဇာတ်အဋ္ဌကထာ-စေတိယဇာတ်ထဲပါ 'စေတိယ'တိုင်းနှင့် တခြားစီဖြစ်၏။ ဇာတ်ထဲပါ'စေတိယ'တိုင်း-'သောတ္ထိယ'မြို့တော်ကား ကုရုတိုင်း-ဟတ္ထိပုရမြို့မှအနောက်၊ 'ရာဇပုတာနာ'နယ်၏မြောက်၊ ပဥ္စာပ်(ပန်ဂျပ်)နယ်အတွင်းမှာ တည်ရှိ၏။ 'စေဒိ=စေတိ'တိုင်း၏'သဟဇာတိ'မြို့ကား အရှင်သာရိပုတ္တရာ၏ညီတော် မဟာစုန္ဒထေရ် သီတင်းသုံးရာ မြို့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

✱(၈)ဝံသတိုင်း။ ။(သက္ကတပုဒ်'vatsa'-၌'t'ကို'ṁ'ပြု၍ ပါဠိပုဒ် 'vaṁsa' =ဝံသဖြစ်၏) ၎င်းတိုင်း၏ရှေးမြို့တော်အမည်ကား-'ကောသမ္ဗီ'မြို့(ပြည်)ဖြစ်၏။ ယခု မြို့အမည်ကား 'ကောဆမ်'ဖြစ်၏။ ၎င်းတိုင်းသည် ခရိုင်နယ်'ဖလာဟာဗာဒ်'၊ 'ကာဏ ပုရ်(ကွံပုရ်)၊ ဗတောပုရ်' ဒိစတြိတ်စီရင်စုနယ်များ၌ တည်ရှိ၏။ 'ကောသမ္ဗီ'မြို့(ပြည်)၌ 'ဃောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံ၊ ဗဒရိကာရုံ'ကျောင်းတော်ကြီးများရှိသည့် အပြင်၊ 'ဥဒေန'(ဥဒယန)မင်း၏မြို့တော်ဖြစ်၍၊ ထိုမင်း၏မိဖုရား 'သာမာဝတီ'နှင့် ခုဇ္ဇုတ္တရာဥပါသိကာမတို့ နေထိုင်ရာ မြို့ဖြစ်၏။

✱(၉)ကုရုတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-ဣန္ဒပတ္ထ၊ ဟတ္ထိနာပုရ(=ဟတ္ထိပုရ)'-ဖြစ်၏။ ယခုမြို့တော်အမည်ကား-'ဒိလ္လိ(ဒေလီ)'မြို့ဖြစ်၏။ ၎င်းတိုင်းသည် 'ပဉ္စာပ်(ပန်ဂျပ်)'နယ်၏အရှေ့ဟောင်အရပ်၌တည်ရှိ၏။ ၎င်းတိုင်းကို 'ဥတ္တရ-ကုရု'ဟုလည်းခေါ်၏။ 'ဣန္ဒပတ္ထ'မြို့(ဣန္ဒပတ္ထနဂိုရ်ပြည်-ဟုလည်းခေါ်)သည် 'ယမုနာ'မြစ်၏လက်ျာဘက်ကမ်း၌ တည်ရှိ၍၊ ယခု'ဒိလ္လိ'(ဒေလီ)မြို့ကား လက်ဝဲဘက် ကမ်း၌ တည်ရှိ၏။ နောက်မှ ရွှေ့ပြောင်းတည်ထောင်ဟန်တူ၏။

✱(၁၀)ပဉ္စာလတိုင်း။ ။ပဉ္စာလတိုင်းမှာ 'ဒက္ခိဏ-ပဉ္စာလတိုင်း၊ဥတ္တရ-ပဉ္စာ လတိုင်း'ဟု ၂-ခုရှိရာ၊ (ပဉ္စာလတိုင်းကို'ဒက္ခိဏပဉ္စာလတိုင်း'-ဟုခေါ်၍)ကျယ်ဝန်းသည့် တိုင်းကြီးဖြစ်၏။ (၁)၎င်း(ဒက္ခိဏပဉ္စာလ)တိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား- 'ကမ္ပိလ'ဖြစ်၍၊ ရှေးအခါမြို့များကား-'သင်္ကဿ၊ ဝသန္တပုရ၊ သောရေယျ၊ ကန္နကုဇ္ဇ' မြို့များဖြစ်၏။ ဂင်္ဂါမြစ်၏တောင်နယ်တလျှောက်၌ တည်ရှိသဖြင့် 'ဒက္ခိဏပဉ္စာလ'- ဟုခေါ်၏။ 'သင်္ကဿ(နဂိုရ်)'မြို့သည် ဘုရားရှင်တာဝတိံသာနတ်ပြည်မှ ဆင်းသက် ရာ မြို့ဖြစ်၏။ 'သောရေယျ'မြို့ကား အရှင်မဟာကစ္စည်းမထေရ်ကို ကာမစိတ်ဖြင့် ပြစ်မှားမိ၍၊ မိန်းမဖြစ်သွားခဲ့သော 'သောရေယျ'သူဌေးသား နေထိုင်ရာ မြို့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


'သက်သ(နဂိုရ်)'မြို့သည် သာဝတ္ထိမြို့(ပြည်)မှ ယူဇနာ-၃၀(မိုင်၂၄၀)ဝေးကွာ၍၊ မထုရာ(မဒုရာ)မြို့မှ ၄-ယူဇနာ(၃၂မိုင်)ကွာဝေး၏။ (၂)'ဥတ္တရပဉ္စာလတိုင်း'၏ရှေးမြို့တော်ဟောင်းအမည်ကား-'အဟိစ္ဆတြ'ဖြစ်၍၊ ယခုမြို့အမည်ကား-'ရာမပုရ'ဖြစ်၏။ ၎င်းတိုင်းသည် ဂင်္ဂါဖြစ်၏မြောက်ဘက်၌ တည်ရှိ၍၊ 'ဥတ္တရ-ပဉ္စာလတိုင်း'ဟုခေါ်၏။ ၎င်းတိုင်းသည် မြောက်ဘက်၌ ဟိမဝန္တာတောင်၊ တောင်ဘက်၌ ဂင်္ဂါမြစ်၏အနီးရှိ-'ရောဟိလခဏ္ဍ'နယ်အရှေ့ပိုင်း၊ အရှေ့ဘက်၌ 'ဝိလဘိတ်'၊ အနောက်ဘက်၌ ဂင်္ဂါမြစ်အနီးရှိ-'မူရာဒါဗာဒ'တိုင်အောင်သော စီရင်စုများအတွင်း၌ တည်ရှိ၏။

*(၁၁)မစ္ဆတိုင်း။ ။(သက္ကတဘာသာဖြင့်-'matsya'>ပါဠိဘာသာဖြင့် 'မစ္ဆ'တိုင်းဟုခေါ်၏။ သက္ကတ-'ဝေရာဋ္ဌ'=ပါဠိ-'ဝိရာဋ္ဌ'တိုင်း၊ (ယခု'ဗိုက်ရာဋ္ဌ')ဟုလည်းခေါ်၏။ ရှေးမြို့တော်အမည်ကား-'မစ္ဆပုရ'၊ ယခုမြို့အမည်ကား-'ဇယပုရ'(ဂျေပုရ်)ဖြစ်၏။ ၎င်းတိုင်းသည် 'ရာဇပုတာနာ'နယ်အရှေ့ပိုင်း၊ 'ဇယပုရ'(ဂျေပုရ်)ဒိစတြိတ် စီရင်စုနယ်ပယ်များ၌ တည်ရှိ၏။ 'ဒိလ္လီ'(ဒေလီ)မြို့၏အနောက်တောင်-မိုင်၁၅၀-အကွာ၌ တည်ရှိ၏။ ၎င်းတိုင်းသည် ဘုရားအလောင်း'မာတင်'ရသေ့ကြီးကို (မိစ္ဆာဒိဋ္ဌိ)ပုဏ္ဏားတို့က သတ်ခြင်းကြောင့်၊ နတ်များကအမျက်ထွက်၍တတိုင်းလုံးကို ပြာပူမိုးရွာသွန်း၍၊ ဖုံးလွှမ်းဖျက်ဆီးအပ်သော တိုင်းဖြစ်၏။

*(၁၂)သူရသေနတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်အမည်ကား-'ဥတ္တရ-မထုရာ'၊ ယခုမြို့အမည်-'မထုရာ(မဒုရာ)'ဖြစ်၏။ ၎င်းတိုင်းသည် 'အဂရာ'ခရိုင်နယ်အနောက်ပိုင်း၊ 'ရာဇပုတာနာ'နယ်အရှေ့ပိုင်း၊ 'ဘရတပုရ'ဒိစတြိတ်စီရင်စုနယ်များ၌ တည်ရှိ၏။ (ရဲရင့်ဖျပ်လတ်-သတ္တိဂုဏ်ထူးနှင့်ပြည့်စုံသည့် စစ်သည်များရှိသည့်မင်းသားများ နေထိုင်ရာအရပ်ဖြစ်၍၊ 'သူရသေန'တိုင်း-ဟုခေါ်၏။)

www.burmeseclassic.com

'ဥတ္တရ-မထုရာ'မြို့သည် ယခုအခါအမည်မပြောင်းလဲပဲ 'မထုရာ'ဟုပင် ခေါ်လျက် ရှိ၏။ 'ဝိသကိုးနတ်'၏မွေးဖွားရာအရပ်ဖြစ်၍၊ သူရသေနတိုင်း-'ဥတ္တရမထုရာ'မြို့သည် ဟိန္ဒူလူမျိုးတို့၏ အလွန်အရေးတကြီး ကိုးကွယ်ဆည်းကပ်-ပူဇော်ရာအရပ်ဖြစ်၏။ [ဟိန္ဒူလူမျိုးတို့၏အရေးတကြီး ဆည်းကပ်ပူဇော်ရာတို့မှာ'၇-ဌာန'ရှိရာ၊ ယင်းတို့မှာ-(၁)ကောသလတိုင်း-'အယောဇျာ'ခေါ် သာကေတမြို့၊ (၂)သူရသေနတိုင်း-'မထုရာ'မြို့၊ (၃)'ဟရိဒွါရ'ခေါ် 'မာယာပုရ'၊ (၄)ကာသိတိုင်း-ဗာရာဏသီမြို့၊ (၅)ဒမိဠတိုင်း-ကဉ္စိပုရမြို့၊ (၆)အဝန္တိတိုင်း-ဥဇ္ဇေနီပြည်-မြို့၊ (၇)သုရဋ္ဌတိုင်း- ဒွါရဝတီမြို့-တို့ဖြစ်၏။]

*(၁၃)အဿကတိုင်း။ ။ယင်းတိုင်းကို 'အဿက၊ ပတိဋ္ဌာန၊ ပေါတန'-ဟုခေါ်၏။ ယင်းတိုင်း၏ရှေးမြို့တော်အမည်ကား-'ပေါတလိ'ဖြစ်၏။ ယခုမြို့အမည်ကား-'ပေဟာန'ဖြစ်၏။ ယင်းတိုင်းသည် 'ဟိုက်ဒြာဗာဒ်'နယ် အနောက်မြောက်ပိုင်း။ 'ဩရန်ဂဗတ်(ဩရင်္ဂါဗာဒ်)၊ ဗီရ(ဘီရ်)'ဒိစတြိတ်စီရင်စုနယ်များ၌ တည်ရှိ၏။ ('နန္ဒိသေန'စစ်သူကြီး၏နည်းဥပါယ်-လမ်းပြအစီအမံအတိုင်း၊ 'ကလင်္ဂရာဇ်မင်း'နှင့်စစ်ထိုးရာ၊ ယင်းမင်းကိုအောင်နိုင်၍၊ ယင်း၏သမီးတော်၄-ယောက်ကို အရယူနိုင်သည့် 'အရုဏမင်း'အုပ်စိုးရာတိုင်းဖြစ်၏-ဟု စူဠကာလိင်္ဂဇာတ်၌ ပြဆိုထား၏။) ယင်းအဿကတိုင်းကို *သက္ကတဘာသာဖြင့် 'အၑ္မက(as'maka)'-ဟုခေါ်ဆိုရာ၊ ယင်းဝေါဟာရအရ-"ကျောက်ခဲကောင်းများစွာရှိသည့်အရပ်၌ တည်ထောင်သည့်တိုင်း"-ဟု ဆိုလို၏။ *'အဿက'-ဟူသော ပါဠိဝေါဟာရအရ-'မြင်းအတတ်ကျွမ်းကျင်၍ 'အဿက'အမည်ရှိသောမင်းသားတို့ စံနေရာမြို့'-ဟု ဆိုလို၏။ ယင်း'အဿကတိုင်း'ကို 'ပတိဋ္ဌာန၊ပေါတန'-ဟုလည်း ခေါ်လေရာ၊ ယခုအခါ 'ပိုက်တာန်'ဟုခေါ်၏။

www.burmeseclassic.com


**အဇန္တာ ဂုဟာ**။ ။၎င်း‘အသဿကတိုင်း’အနီး၊ ‘ဟိုက်ဒြာဗာဒ်’၊ ‘နိဇာမ်’မင်းပိုင်နယ်အတွင်း၌ တည်ရှိသော‘အဇန္တာဂုဟာ’(လိုဏ်ဂူ)သည် ရှေးအခါက ဗုဒ္ဓဘာသာကြည်ညိုသူ ‘ဂုတ္တအနွယ်’ဝင်မင်းများက ‘ဘီစီ၄၅၀’လောက်တွင် ပြုလုပ်ထားသည့် ဗုဒ္ဓသာသနိက-အဆောက်အဦဟောင်း-ဂူကျောင်း,ဘုရားဆင်းတု,စေတီကြီးများ၏ တည်ရာဌာနဖြစ်၏-ဟု ပညာရှင်တို့ ပြောဆိုကြ၏။ ဤနေရာ၌ အသောကမင်းကြီး တည်ထားခဲ့သောစေတီတော်များနှင့် ကမ္ပည်းကျောက်စာတိုင်များလည်း ရှိ၏။

*(၁၄)**အဝန္တိတိုင်း**။ ။၎င်းတိုင်း၏ရှေးဟောင်းမြို့တော်အမည်ကား-‘ဥဇ္ဇေနီ’(သက္ကတဘာသာဖြင့်-ဥဇ္ဇယိနီ၊ ဥဇ္ဇယနီ)ဖြစ်၏။ ယခုမြို့အမည်ကား-‘ဥဂျိုင်း’(ujjai)ဖြစ်၏။ ရှေးအရံမြို့အမည်ကား-‘ဝေဒိသ’ဖြစ်၏။ ‘ဥဇ္ဇေနီ’မြို့(ပြည်)ကား ‘စဏ္ဍပဇ္ဇောတ’မင်းပိုင်နိုင်ငံ၏ မြို့တော်ဖြစ်၏။ ‘ဥဇ္ဇေနီ’သည် ဓတေဒဂ်ရ-မဟာသာဝက ‘အရှင်မဟာကစ္စည်း’ဖွားမြင်ရာ၊ အသောကမင်းသား၏သားတော် အရှင်မဟိန္ဒဖွားရာ မြို့လည်း ဖြစ်၏။

*(၁၅)**ဂန္ဓာရတိုင်း**--အကြောင်းကား အထက်(ကိုးတိုင်းကိုးဌာန)၌ ဖော်ပြခဲ့ပြီးဖြစ်၏။

*(၁၆)**ကမ္ဗောဇတိုင်း**။ ။၎င်းတိုင်း၏ရှေးမြို့တော်အမည်ကား-‘ဣန္ဒပတ္ထ’ဂူစ္ဆရ’ ဖြစ်၏။ ယခုမြို့အမည်ကား-‘ကာဗုလ(ကဗူးလ်?)၊ ရာဂျောရီ’ဖြစ်၏။ ၎င်းတိုင်းသည်-‘**အာဖဂါနီ ဿတန်**’နယ်အရှေ့မြောက်ပိုင်း၊ ‘ကာဖိရိ ဿတန်’၏အရှေ့တောင်ဘက်၊ ‘ကာဗုလ’မြစ်အနီးရှိအရပ်ဖြစ်၏။ ၎င်းတိုင်းသည် ဘုရားရှင်ဟောကြားခဲ့သည့် ‘တိုင်းကြီး၁၆-တိုင်း’တွင် အပါအဝင်ဖြစ်ပြီး၊ ရှေးက ရောင်းဝယ်-ကူးသန်း-အသွားအလာများခဲ့ဘူးသည့် တိုင်းကြီးဖြစ်၏။ ၎င်းတိုင်းသည် အလွန်ဝေးလှစွာသော အိန္ဒိယနိုင်ငံ၏အနောက်မြောက်ဘက်-‘ပစ္စန္တ’(ပစ္စန္တရာဇ်)အရပ်မှာ တည်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံ-ရှမ်းပြည်နှင့် အရှေ့ဘက်'ခမာပြည်=ကမ္ဘောဒီယာ'ကို'ကမ္ဘောဇ' တိုင်း-ဟုအများက ပြောဆိုရေးသားနေသည်မှာ မဟုတ်မှန်ချေ။ ခဲ့ဦးအံ့-(၁)ရင်းတိုင်းသည် 'မဒ္ဒတိုင်း'နှင့်ဆက်စပ်လျက်ရှိကြောင်း-သက္ကတကျမ်းများ၌ဆိုထားသည်ကိုရင်း (၂)'ဒွါရာဝတီမြို့-ပြည်မှ ကမ္ဘောဇတိုင်းသို့အသွား-ခရီးလမ်းအကြား၌ 'ဝါလုကန္တာရ=သဲကန္တာရ'ရှိကြောင်း သာသနာတော်ကျမ်းများ၌ ဆိုထားသည့်အတိုင်း၊ ယခုအခါ အိန္ဒိယမြေပုံများ၌ တွေ့ရှိရသည့် 'ရာဇပုတနာ'(နယ်)အတွင်း၌ 'မရု'မည်သော သဲကန္တာရ-(မရုဘူမိ)ရှိကြောင်း ပြဆိုထားသည်ကိုရင်း၊ (၃)ရင်းကမ္ဘောဇတိုင်းသည် ဂန္ဓာရတိုင်းနှင့်နီးကပ်လျက် တည်ရှိ၏-ဟု အိန္ဒိယနိုင်ငံ ကမ္ဘည်းကျောက်စာဝန်များက ဆုံးဖြတ်ကြသည်ကိုရင်း-ထောက်ရှု၍ (အဆိုပါအချက်များနှင့် ပြည့်စုံသည့်) ရင်းတိုင်းသည် အိန္ဒိယနိုင်ငံ၏အနောက်ဘက်၌ တည်ရှိကြောင်း ထင်ရှား၏။ ထို့ပြင်-(၄)'ခမင်း (ခမာ)'ပြည်နယ်ကို သိုးဆောင်းလူမျိုးများက 'Cambodia-ကမ္ဘောဒီယာ' -ဟု (နားကြား-အမှတ်မှားသဖြင့်)ရေးသားကြလေရာ၊ ၎င်းအရ-'ကမ္ဘောဇ'-ဟု အများက ပြန်ဆိုရေးသားကြသော်လည်း၊ 'ကမ္ဘောဒီယာ'အမည်ပင် မူလအမည်ရင်းမဟုတ်ပဲ၊ 'ကာဘုဇ'မည်သောမင်းသားက 'ခမာ'ပြည်ကို တည်ထောင်၍၊ သူ့ညီတော်'မလ္လ' မင်းသားက 'လာအို'ခေါ် လောပြည်ကို တည်ထောင်ကြောင်း အဆိုရှိသောကြောင့်၊ တည်ထောင်သူ၏အမည်ဖြင့် 'ကုဗုဇီယာ'(ဝါ)'ကာဗုဒီယာ(ဇ>ဒ)-(ဝါ)ကာဘုဇာ'-ဟူ၍ အမည်၃-မျိုးတွင် တမျိုးဖြစ်သင့်၏-ဟု ယူဆဘွယ်ရှိ၏။ ယိုးဒယားကျောင်းသုံးမြေပုံများ၌လည်း 'ခမာ'ပြည်နယ်ကို 'ကာဘုဇာ'-ဟု ရေးသားသည်ကိုလည်း ထောက်ရှုဆင်ခြင်လျှင် အမှန်ကိုသိမြင်လာမည်။

**'အာဖဂါနိသ္ထာန်'**။ ။(သက္ကတ-sthāna)တိုင်းပြည်သည် 'အာဖဂါနိ'လူမျိုးတို့၏ နေထိုင်ရာအရပ်ဒေသ ဖြစ်၏။ ထို့အတူ-'ကာဖိရိ. သ္ထာန၊ ကာဗုလိ. သ္ထာန၊

တူရကီ- သ္တာန၊ ပေလုစိ- သ္တာန၊ ဟိန္ဒူ- သ္တာန'-ဟူသော သက္ကတအမည်များကို သိနားလည်ရာ၏။

---

## ၉။ အဘိဓာန်ကျမ်းလာ အိန္ဒိယနိုင်ငံဆိုင်ရာ တိုင်း(၂၁)တိုင်း

အဘိဓာန်ကျမ်းလာ(အိန္ဒိယနိုင်ငံဆိုင်ရာ)တိုင်းကြီး(၂၁)တိုင်းတို့ကား (၁)ကုရု၊ (၂)သက္က၊ (၃)ကောသလ၊ (၄)မဂဓ၊ (၅)သိဝိ၊ (၆)ကလိင်္ဂ၊ (၇)အဝန္တိ၊ (၈)ပဉ္စာလ-'ဒက္ခိဏပဉ္စာလနှင့် ဥတ္တရပဉ္စာလ'-ဟု နှစ်ပိုင်းရှိ၊ (၉)ဝဇ္ဇီ၊ (၁၀)ဂန္ဓာရ၊ (၁၁)စေဒိ=စေတိ၊ (၁၂)ဝင်္ဂ၊ (၁၃)ဝိဒေဟ၊ (၁၄)ကမ္ဗောဇ၊ (၁၅)မဒ္ဒ၊ (၁၆)ဘဂ္ဂ၊ (၁၇)အင်္ဂ၊ (၁၈)သီဟဠ၊ (၁၉)ကသ္မီရ၊ (၂၀)ကာသိ၊ (၂၁)ပဏ္ဍု-တိုင်းတို့ဖြစ်၏။

ထို(၂၁)တိုင်းတို့တွင် "**ကုရု၊ ကောသလ၊ မဂဓ၊ အဝန္တိ၊ ပဉ္စာလ၊ ဝဇ္ဇီ၊ ဂန္ဓာရ၊ စေဒိ=စေတိ၊ ကမ္ဗောဇ၊ အင်္ဂ၊ သီဟဠ၊ ကသ္မီရ၊ ကာသိ**"တိုင်း (၁၄)တိုင်းတို့ကို အထက်ပါ 'ကိုးတိုင်းကိုးဌာနနှင့် တိုင်းကြီး-၁၆တိုင်း'တို့၌ ဖော်ပြခဲ့ပြီးဖြစ်၏။ ယခု ကျန်တိုင်းများဖြစ်သည့် '**သက္က၊ သိဝိ၊ ကလိင်္ဂ၊ ဝင်္ဂ၊ ဝိဒေဟ၊ မဒ္ဒ၊ ဘဂ္ဂ၊ ပဏ္ဍု**' ဟူသော ၈-တိုင်းအကြောင်းတို့ကို နောက်ထပ် လေ့လာသိရှိစေရန်အတွက် အကျဉ်းမျှ ဆက်လက်ပြီး ပြဆိုပေအံ့။

*(၁)**သက္ကတိုင်း**။ ။၎င်းတိုင်းကို '**သကျ၊ သာကိယ**'-ဟုလည်းခေါ်၏။ ၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား '**ကပိလဝတ္ထု**'ဖြစ်၏။ ယခုမြို့အမည်ကား 'နဂရခါဆိ'ဖြစ်၏။ အရံမြို့ကား '**ဒေဝဒဟ၊ နေပါလ**'ဖြစ်၏။ ၎င်းတိုင်းသည်'အယောဈာ'နယ် အရှေ့ပိုင်း၊ 'ဗသ္တိ'(ဗစတိ)စီရင်စုမြောက်-'နေပါလ'နယ်အတွင်း၌ရှိသော၊ 'လုမ္ဗိနီ'(ဥယျာဉ်)၏ အနောက်မြောက် ၁၃-မိုင်အကွာတွင် 'တိလောက်ရှာကောဋ္'

www.burmeseclassic.com


အရပ်မှာ တည်ရှိ၏။ ၎င်းတိုင်းသည် ဟိမဝန္တာအနီး-နေပါလပြည်နယ်သို့ တစိတ်တဒေသပါဝင်၍၊ အနောက်ဘက်(နှင့်)အရှေ့ဘက်ရှိ မလ္လတိုင်းတို့၏အကြား၌၊ အယောဓျာနယ်အရှေ့ပိုင်း 'ဗဿိ'စီရင်စုမြောက်ဘက်၌ တည်ရှိ၏။ ၎င်းတိုင်း၏အရံမြို့ကား-'ဒေဝဒဟ'ဖြစ်၍၊ ကပိလဝတ္ထုမှ အရှေ့တောင် ၁၇-မိုင်အကွာ၌ တည်ရှိ၏။ လုမ္ဗိနီသည် ကပိလဝတ္ထုနှင့် ဒေဝဒဟအကြားမှာ၊ 'နေပါလ'နယ်အတွင်းမှာ တည်ရှိ၏။ ၎င်းလုမ္ဗိနီ၌ အသောကမင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်တိုင်ရှိ၏။

*(၂)သိဝိတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-'စေတုတ္တရ အရိဋ္ဌပူရ'မြို့ဖြစ်၏။ ယခုမြို့အမည်ကား 'သိဝိ'ဖြစ်၏။ ၎င်းတိုင်းသည် ပဉ္စာပ=ပန်ဂျပ်ပြည်နယ်မှ အနောက်တောင်ဘက်-'ဗေလုစိ. သ္ထာန်'(Beluchi-sthan)နယ်အစပ်၌တည်ရှိ၏။

*(၃)ကလိင်္ဂတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-'ဒန္တပူရ တောသလိ၊ သောဘဝတီ'ဖြစ်၏။ ၎င်းတိုင်းသည် 'မဒရာသ်'နယ်-အရှေ့မြောက်ပိုင်း၊ ဂေါဒါဝရီမြစ်နှင့် မဟာနဒီမြစ် ၂-ခုတို့အကြား၊ 'ဇဂန္နာထ'(ပုရီ)မြို့နယ်၊ ဂေါဒါဝရီမြစ်အထက်၌ ကပ်လျက်တည်ရှိ၏။ ။'မဒရာသ်'မြို့တော်ကို ဟိန္ဒူလူမျိုးတို့က 'မဒရာသ်'ဟုခေါ်၍၊ ကလယ်လူမျိုးတို့က 'မဋ္ဌရဋ္ဌ'ဟု ခေါ်၏။

*(၄)ဝင်္ဂတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-'ဝင်္ဂ'မြို့ဖြစ်၏။ ယခုမြို့အမည်ကား-'ကလကတ္တား'ဖြစ်၏။ ၎င်းတိုင်းသည် 'ဗင်္ဂလာ'နယ်(Banga-la) 'စဋ္ဋကောင်း'(ယခု စစ်တကောင်း)နယ်များဖြစ်၏။ ၎င်းတိုင်းနှင့်မြို့တော်သည် (သီဟဗာဟုမင်း၏ ဘိုးတော်၊ ဝိဇယဗာဟုမင်း၏ ဘေးတော်) 'ဝင်္ဂရာဇ်'မင်းစံနေရာဖြစ်၏။ (၎င်းဝင်္ဂတိုင်းကို 'သမ. တဋ'တိုင်းဟုလည်း ခေါ်၏။) 'သမတဋ'-၏အဓိပ္ပါယ်ကား ညီညွတ်-ညီညာ-ပြေပြစ်သော(သမ)+ကမ်းပါးမြေ(တဋ) ရှိရာအရပ်-ဟု ဆိုလို

www.burmeseclassic.com

၏။ ၎င်းဝင်္ဂတိုင်းကို ဟိန္ဒီအဘိဓာန်များ၌ 'ဗင်္ဂါလာ'ဟုခေါ်၍၊ ယခု 'ဗင်္ဂလား'ဟုခေါ်ကြ၏။ 'ကလကတ္တား'မြို့သည် ဝင်္ဂတိုင်း၏ နောက်မြို့တော်သစ်ဖြစ်၏။ (ဗင်္ဂလားပြည်သား)='ဗင်္ဂါလီ'လူမျိုးတို့က ၎င်းမြို့ကို 'ကလိကာတာ'ဟု တမျိုးခေါ်ကြရာ၊ အဓိပ္ပါယ်မှာ ၎င်းမြို့၏တောင်ဘက်၌ 'ကာလီဃဋ'မည်သော ရွာကြီးရှိပြီး၊ ၎င်းအမည်ကိုယူ၍ ဤသို့ ခေါ်ဆိုခြင်းဖြစ်၏။

***(၅)ဝိဒေဟတိုင်း။** ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား- 'မိထိလာ၊ ဇနကပုရ'ဖြစ်၏။ (ယခုမြို့အမည်ကား'တိရဟုတ=တေရဟုတ်'-ဖြစ်၏။) ၎င်းတိုင်းသည် 'ဗိဟာရ်'နယ်မြောက်ပိုင်း၊ တေရဟုတ်နယ်အရှေ့ပိုင်း၌ တည်ရှိ၏။ ၎င်းတိုင်းသည် ရှေးက'မခါဒေဝ=မဃဒေဝ၊ မဟာဇနက၊ မဟောသဓသုခမိန်'တို့၏နေထိုင်ရာ ဖြစ်၏။ အလွန်ကြီးကျယ်ပြန့်ပြော စည်ကားခဲ့ဖူး၏။ ၎င်းတိုင်း၏အရှေ့ဘက်၌ 'ဒါဂျီလင်'မြို့ရှိရာ၊ ၎င်းမြို့သည် ဗင်္ဂလားနယ်မြောက်ပိုင်း၌ တည်ရှိ၍၊ တိဗက်ပြည်သို့သွားရာ တောင်စခန်းမြို့ဖြစ်၏။

***(၆)မဒ္ဒတိုင်း=ပဉ္စနဒတိုင်း။** ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား- 'သာကလ'မြို့ဖြစ်၏။ ၎င်းတိုင်းသည် 'ပဉ္စာပ=ပဉ္စာပ်'(ပန်ဂျပ်)ပြည် အနောက်တောင်စွန်း၊ 'ဧရာဝတီ'မြစ်ခေါ် ရာဝိမြစ်နှင့် 'စန္ဒဘာဂါ'ခေါ် 'ချီနပ်'မြစ်တို့၏အတွင်းနယ် အရပ်မှာ (အိန္ဒိယပြည်၏ အနောက်မြောက်အရပ်မှာ) တည်ရှိ၏။ ၎င်းတိုင်းကို မြန်မာဇာတ်ဝတ္ထုများ၌-'မဒ္ဒရဋ္ဌ=မဒ္ဒရဋ္ဌ=မဒ္ဒရာဇ်'တိုင်း(ပြည်)-ဟု ရေးသားလေ့ရှိ၏။ မဒ္ဒတိုင်းမှ သိဝိတိုင်းသို့ ယူဇနာ ၃၀-ဝေး၏။ မဒ္ဒတိုင်း'သာကလ'မြို့မှ ဟိမဝန္တာအဝင်ရောက် ၁၅-ယူဇနာဝေး၏။ [၎င်းမဒ္ဒတိုင်းသည် (၁)'စေတ'အမည်ရှိမင်းသားတို့၏နေထိုင်ရာတိုင်းဖြစ်၍ 'စေတ'တိုင်းဟုလည်း ခေါ်၏။ (၂)၎င်းမဒ္ဒတိုင်းသည် 'ပဉ္စာပ=ပန်ဂျပ်(မြစ်-၅သွယ်ရှိပြည်နယ်တွင်ရှိ၏-ဟူသောစကားအရ) မြစ်-၅သွယ်ရှိပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com


ကို'ပဉ္စနဒီ>ပဉ္စနဒ'-ဟုခေါ်သဖြင့်၊ မဒ္ဒတိုင်းကို'ပဉ္စနဒ'တိုင်းဟုလည်းခေါ်၏။]

*(၇)ဘဂ္ဂတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-'သုံ့သုမာရ-ဂိရ'ဖြစ်၏။ မိကျောင်းသဏ္ဌာန်နှင့်တူသည့်တောင် ရှိခြင်းကြောင့် ၎င်းမြို့ကို 'သုံ့သုမာရဂိရ'-ဟုခေါ်၏။ ['သုံ့သုမာရ'ပုဒ်ကို မြန်မာဘာသာကျမ်းများ၌ 'သံသုမာရ'-ဟုရင်း၊ 'သုသုမာရ'-ဟုရင်း ရေးသားလေ့ရှိ၏။]

*(၈)ပဏ္ဍုတိုင်း။ ။၎င်းတိုင်း၏ရှေးမြို့တော်ဟောင်းအမည်ကား-'တာမလိတ္တိ'(သက္ကတဘာသာအရ-'တာမြလိပ္တိ၊ တမောလိတ္တိ') ဖြစ်၏။ ယခုမြို့အမည်ကား 'တမလုက်'ဖြစ်၏။ ၎င်းတိုင်းသည်-'ဗင်္ဂလား'နယ်အနောက်တောင်ပိုင်း၊ မေဒိနီ-ပုရ' (မိဒန-ပုရ်)ဒိစတြိတ်နယ်များ၌ တည်ရှိ၏။ ၎င်းတိုင်းသည် အရှင်အာနန္ဒာ၏ခမည်းတော် 'အမိတောဒန'သာကီဝင်မင်း၏သားတော် 'ပဏ္ဍု'-သာကီဝင်မင်းတည်ထောင်သည့် တိုင်းပြည်ဖြစ်၏။ 'တာမလိတ္တိ'သည် အသောကမင်းကြီးက သီဟိုဠ်ကျွန်းသို့ 'ဒက္ခိဏသာခါ'-မဟာဗောဓိပင်ကို တင်ပို့ရာဆိပ်ကမ်းဖြစ်၏။

---

## ၁၀။ ထေရဝါဒသာသနာ အိန္ဒိယ၌ ဆုတ်ယုတ်ပျက်စီးခြင်း

'တတိယသံဂါယနာ'တင်ပြီးနောက်ပိုင်း၌ ရဟန်းဆိုးတို့သည် ဗြာဟ္မဏ (ဟိန္ဒူ)ဘာသာ, ဂျိန်းဘာသာတို့နှင့် ပူးပေါင်းလိုက်ကြသဖြင့် ထေရဝါဒရဟန်းများမှာ အနည်းစု ဖြစ်သွားရလေသည်။ ထို့ကြောင့် ပင်မထေရဝါဒဗုဒ္ဓသာသနာတော်ကို မဇ္ဈိမဒေသ၏ ပြင်ပဒေသ ၉-ခုသို့ ဖြန့်ချိခဲ့ရလေသည်။ ယင်းသို့ ပြင်ပသို့ဖြန့်ချိခဲ့သော်လည်း "ဝစ္ဆိပုတ္တကဂိုဏ်း, မဟာသံဃိကဂိုဏ်း, သမ္မိတိယဂိုဏ်း,စေတိယဂိုဏ်း, သဗ္ဗတ္ထိဝါဒဂိုဏ်း"တို့သည် ထေရဝါဒသာသနာနောက်သို့ အစဉ်တစိုက်လိုက်၍ နှောင့်ယှက်ဖျက်ဆီးခဲ့ကြ၏။ အဆိုပါဒေသ ၉-ခုတွင် သီဟိုဠ်ကျွန်းနှင့် သုဝဏ္ဏ

ဘူမိ=(သထုံပြည်)မှတပါး၊ ကျန် ၇-နေရာလုံးမှာ များမကြာမီပင် 'မဟာသင်္ဃိကဂိုဏ်း' စသည့် ဂိုဏ်းကွဲများ၏ လွှမ်းမိုး-ဝါးမျိုခြင်းကို ခံကြရ၏။ သုဝဏ္ဏဘူမိရှိ ထေရဝါဒသာသနာသည် 'သဗ္ဗတ္ထိဝါဒဂိုဏ်း,တန္တရ-မန္တရဂိုဏ်း'များ၏ လွှမ်းမိုးမှုကြောင့် အလွန်အားနည်းသွားလေ၏။ သီဟိုဠ်ရှိ-ထေရဝါဒသာသနာမှာ အသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒထေရ်, သမီးတော် သင်္ဃမိတ္တာထေရီမတို့ ဦးဆောင်၍ စနစ်တကျ အောင်မြင်စွာသာသနာပြုခဲ့သဖြင့် နောင်အခါတွင် 'ဝေတုလ္လဂိုဏ်း, ဝဇ္ဇီပုတ္တကဂိုဏ်း, မဟာသင်္ဃိကဂိုဏ်း'တို့က အစဉ်တစိုက် နှောင့်ယှက်ခဲ့ကြသော်လည်း ကြံ့ကြံ့ခံနိုင်ခဲ့သောကြောင့်၊ 'သီဟိုဠ်ကျွန်းကား ထေရဝါဒသာသနာတော်၏ နောက်ဆုံးခံတပ်ကြီး'ဟု ဆိုရပေမည်။ ထို့အပြင်-မဇ္ဈိမဒေသရှိ 'မူလမဟာဗောဓိပင်'မှာ နောင်တွင် ဖျက်ဆီးခံရမည်ကို သိမြင်ကြသဖြင့် အသောကမင်းကြီးနှင့်မထေရ်မြတ်တို့က 'မဟာဗောဓိ၏တောင်ကိုင်း'(ဒက္ခိဏသာခါ)ကိုဖြတ်ယူ၍ သီဟိုဠ်ကျွန်း၌ စိုက်ထားစေခဲ့ကြသည်။

အသောကမင်းကြီး ဇရာထောင်း၍ သေရာညောင်စောင်း၌လဲနေချိန်မှာ မင်းကြီး၏သားတော် အိမ်ရှေ့မင်း'ကုဏာလ'မင်းသားမရှိတော့ပြီဖြစ်၍၊ ၎င်း၏သားတော် 'သမ္ပဒိ'မင်းသားက ထီးနန်းသိမ်းပိုက်လေ၏။ သမ္ပဒိမင်းသည် ဂျိန်း-ဘာသာဝင်ဖြစ်၍၊ ၎င်းကို ဂျိန်းဘာသာဝင်အမတ်များနှင့် ဗြာဟ္မဏဘာသာဝင်-အမတ်ကြီးများက ထောက်ခံအားပေးကြ၏။

**သုင်္ဂမင်းခေတ်သာသနာ။** ။အသောကမင်းကြီးနောက် ၆-ဆက်မြောက်မင်း='သုင်္ဂပုဿမိတြ'အမည်ရှိ ဗြာဟ္မဏမျိုးစစ်သူကြီးသည် ဘုရင်ကိုသတ်၍ ထီးနန်းကို လုယူခဲ့၏။ ထိုသုင်္ဂမင်းသည် ဗြာဟ္မဏဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ကြေငြာလေ၏။ အသောကမင်းကြီးလက်ထက်က ပိတ်ပင်ခဲ့သော "ကြက်၊ ဝက်၊ ဆိတ်၊ နွား-စသည့်သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ်နတ်ပူဇော်မှု"-ကို တရားဝင်အားပေးလ

www.burmeseclassic.com

၏။ သုဂ်မင်းသည် အခါတပါး၌ 'အဿမေဓယဇ်'(မြင်းကိုသတ်၍ ယဇ်ပူဇော်ပွဲ)ကို ကျင်းပမည်ပြုရာတွင်၊ ယဇ်ပူဇော်မည့်မြင်းကို တန်ဆာဆင်၍ တိုင်းပြည်မြို့ရွာ အသီးသီးသို့ လွှတ်၏။ တိုင်းပြည်မြို့ရွာ အသီးသီးက ထိုမြင်းကို ကြိုဆို-ပူဇော်ကြရ၏။ ထိုသို့ပူဇော်ခြင်းသည် ထိုယဇ်ပူဇော်မည့်ဘုရင်၏ လက်အောက်ခံဖြစ်ကြောင်းအထိမ်းအမှတ်ကို ပြခြင်းဖြစ်၏။ သုဂ်မင်း၏ ယဇ်ပူဇော်မည့်မြင်းကို ပန်ဂျပ်ပြည် အလယ်ပိုင်းရှိ **'ဂရိတ်ဘုရင်'**များက ဖမ်းယူ-သိမ်းယူလိုက်ကြ၏။ ယင်းအပြုအမူမှာ စစ်ကြေငြာခြင်းပင်ဖြစ်၍၊ သုဂ်မင်းသည် ဂရိတ်စစ်သည်တို့ကို အောင်မြင်စွာတိုက်ခိုက်၍ 'အဿမေဓယဇ်ပူဇော်ပွဲ'ကို ကျင်းပလေ၏။

သုဂ်ခေတ်ကား ဗြာဟ္မဏတို့၏အယူဝါဒကို ပြန်လည်အသက်သွင်း၍ ရှေ့တန်းတင် မြှောက်စားသည့်ခေတ်ဖြစ်၏။ ထိုအချိန်မှစ၍**'သိဝလိင်ကိုးကွယ်မှု, ကရိရှုနာဘုရားကိုးကွယ်မှု, ဗိဿနိုးကိုးကွယ်မှု'**များ ကြီးကျယ်ထွန်းကားလာလေ၏။ ဗြာဟ္မဏ(ပုဏ္ဏား)တို့သည် ဗုဒ္ဓခေတ်မှစ၍ အသောကမင်းကြီးခေတ်အထိ အနှိမ်ခံဘဝ၌ တည်ရှိနေခဲ့ရသဖြင့်၊ ကျဆင်းနေသည့် မိမိတို့၏ဘာသာရေးအခြေအနေကို မြင့်မားစေရန် အာဏာကို အရယူလိုက်တော့၏။ ဗြာဟ္မဏတို့ အာဏာရပြီးသည်နှင့် တပြိုင်နက်၊ ထိပ်ဆုံးရန်သူကြီးဖြစ်သည့် ဗုဒ္ဓဘာသာကို ဖိနှိပ်တော့၏။ "ဘုန်းကြီးခေါင်းတစ်လုံး ဖြတ်ယူဆက်သပါက ဆုငွေတစ်ထောင်ပေးမည်"-ဟု ကြေငြာလေရာ၊ ဗုဒ္ဓဘာသာရဟန်းမှန်သမျှသည် 'မဂဓတိုင်း, ကောသလတိုင်း'စသည့် မဇ္ဈိမဒေသ၌ မနေဝံ့သဖြင့်၊ တိုင်းစွန်ပြည်ဖျားသို့ ထွက်ပြေးပုန်းရှောင်ကြရ၏။ ထေရဝါဒီရဟန်းများသည် 'ဝိဒိသာ'အနီးရှိ 'ဆံချည်စေတီ'တည်ရှိရာ 'စေတိယပဗ္ဗတ'သို့ ရွှေ့ပြောင်းသွားခဲ့ကြရ၏။ 'သဗ္ဗတ္ထိဝါဒီ'တို့ကား 'မထုရာ'မြို့အနီးရှိ 'ဉရုမုဏ္ဍ'(ဂေါဝဒ္ဓန)တောင်သို့ ရွှေ့ပြောင်းသွားခဲ့ကြရ၏။ အခြားသော ဂိုဏ်းဝင်သံဃာများသည်လည်း အလားတူ

www.burmeseclassic.com


ပင် သုင်္ဂမင်း၏ အာဏာစက်လွှတ်ကင်းရာသို့ ပြေးခဲ့ကြရ၏။

'သဗ္ဗတ္ထိဝါဒ'နှင့် 'မဟာသင်္ဃိက'ဂိုဏ်း-စသည်တို့သည် ဗြာဟ္မဏဘုရင်ကို သဘောကျကျေနပ်မှုရှိစေရန် ပါဠိတော်၏အနက်အဓိပ္ပါယ်တို့ကို ပြန်ဆင်ရုံသာမက၊ သက္ကတဘာသာဖြင့် သင်ယူပို့ချဟောပြောခဲ့ကြ၏။ ထို့ကြောင့် မြောက်ပိုင်းဗုဒ္ဓဘာသာ၏ပါဠိတော်ကျမ်းစာတို့ကို သက္ကတဘာသာဖြင့် ရေးခဲ့ကြ၏။ တောင်ပိုင်းဗုဒ္ဓဘာသာ(ထေရဝါဒ)၏ပါဠိတော်မှာ မူလအတိုင်း မာဂဓဘာသာ(ပါဠိဘာသာ)ဖြင့် ဆက်လက်ထိမ်းသိမ်းတည်ရှိနေ၏။

ဗြာဟ္မဏမျိုး-သုင်္ဂမင်းတို့သည် အသောကမင်းကြီး၏ နိုင်ငံတော်တဝှမ်းလုံးကို မအုပ်စိုးနိုင်၊ မဂဓတိုင်း, ကောသလတိုင်း-စသည့် မဇ္ဈိမဒေသတဝိုက်၌သာ ဩဇာအာဏာပြန့်နှံ့၏။ အသောကနိုင်ငံတော်၏ တောင်ဘက်နှင့်အနောက်ဘက်ရှိ တိုင်းပြည်များသည် သီးခြားခွဲထွက်ကြကုန်၏။ အနောက်ဘက်များရှိ **ကသ္မီရ-ဂန္ဓာရတိုင်း, ယောနကတိုင်း**(ဤခေတ်အခေါ် 'ကက်ရှမီးယား'နှင့် အနောက်ပါကစ္စတန်, အာဖဂန်)များကို **ဂရိတ်နွယ်ဝင်ဘုရင်များ**က အုပ်စိုးနေကြလေ၏။ ထိုဂရိတ်ဘုရင်များသည် ပြည်သူအများကိုးကွယ်သည့် ဗုဒ္ဓဘာသာကိုပင် လက်ခံကိုးကွယ်ကြလေရာ၊ ထိုဂရိတ်မင်းပေါင်းမှာ ၃၀-ခန့်မျှရှိ၏။ ထိုဂရိတ်ဘုရင်များအနက် **သာသနာနှစ်-၅၀၀** (အေဒီ-တရာစု)၌ ပေါ်ထွန်းခဲ့သော **မိလိန္ဒမင်းကြီး**ကား ပညာရှိဘုရင်တပါးဖြစ်၏။ ထိုမင်းသည် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မိမိကောင်းစွာမသိသည့် အချက်အလက်များကို **'အရှင်နာဂသိန်'**အမည်ရှိ ရဟန္တာမထေရ်မြတ်အား မေးမြန်းလျှောက်ထားရာ၊ မထေရ်မြတ်က ကောင်းစွာဖြေကြားပေး၏။ ယင်းအမေးအဖြေတို့ကို စုပေါင်းစီစဉ်ထားသည့်ကျမ်းသည် **'မိလိန္ဒပဉှကျမ်း'**မည်၏။

www.burmeseclassic.com

www.burmeseclassic.com


မိလိန္ဒမင်းကြီးနောက် နှစ်တရာ(အေဒီ ၂-ရာစု)ကျော်ကြာသောအခါ၊ ယောနကတိုင်း၌ 'သဗ္ဗတ္ထိဝါဒဂိုဏ်း,မဟာသင်္ဃိကဂိုဏ်း'-စသည် ဂိုဏ်းကွဲများ ထွန်းကားရာဌာန ဖြစ်သွားလေ၏။ အသောကခေတ်နောက်ပိုင်း၌ 'မဂဓ,ကောသလ'-စသည့်မဇ္ဈိမဒေသ၌ 'မဟာသင်္ဃိက,သဗ္ဗတ္ထိဝါဒ'-စသည့်ဂိုဏ်းကွဲများ အားကောင်းလွှမ်းမိုးနေသဖြင့်၊ ထေရဝါဒ-ပင်မဗုဒ္ဓသာသနာသည် မဇ္ဈိမဒေသမှ ပြင်ပ-အရပ်လေးမျက်နှာသို့ ပြောင်းရွှေ့ဖြန့်ချိခဲ့ရ၏။ ဗြာဟ္မဏနွယ်ဝင်-သုင်္ဂမင်းများသည် ရဟန်းသံဃာမှန်သမျှကို မဇ္ဈိမဒေသမှ မောင်းထုတ်ခဲ့၏။ 'မဟာသင်္ဃိက'-စသည့်ဂိုဏ်းကွဲများသည် 'မဟာရဋ္ဌတိုင်း,မဟိံသကတိုင်း'များသို့ ပြောင်းရွှေ့ကြလေ၏။ ထိုဂိုဏ်းကွဲများ ရောက်လာသည့်အခါ၊ ထေရဝါဒသည် ထိုဒေသများမှ ပျောက်ကွယ်ရလေ၏။ 'မြန်မာ,ယိုးဒယား,အင်ဒို-ချိုင်းနား'စသည့်အရှေ့ဘက်တလွှား၌ ထွန်းကားသည့်ထေရဝါဒသာသနာကို 'သမ္မိတိယ'စသည့်ဂိုဏ်းကွဲများက နောက်ကလိုက်၍နှောက်ယှက်-မှေးမှိန်အားနည်းစေခဲ့၏။ 'ကသ္မီရ-ဂန္ဓာရ'နှင့်'ယောနက'တိုင်းများရှိ ထေရဝါဒသာသနာကိုလည်း 'သဗ္ဗတ္ထိဝါဒ,မဟာသင်္ဃိက'-စသည့်ဂိုဏ်းကွဲများက နောက်ကလိုက်၍ နှောက်ယှက်-ဖျက်ဆီး-ကွယ်ပျောက်စေခဲ့၏။ ထို့ကြောင့် သာသနာနှစ်၆၀၀(-၁ရာစု)ရောက်သောအခါ၊ အိန္ဒိယပြည်မြောက်ပိုင်းနှင့် အနောက်(မြောက်)ဘက်ဒေသ တို့၌ ပင်မ ထေရဝါဒသာသနာ မရှိတော့ချေ။ 'မဟာသင်္ဃိကနှင့်သဗ္ဗတ္ထိဝါဒ'စသည့် ဂိုဏ်းကွဲများသာ ထွန်းကားလေတော့သည်။

**မြောက်ပိုင်းသာသနာ-သင်္ဂါယနာ။** ။သာသနာနှစ်-၆၀၀(AD-၁-ရာစု)ခန့်၌ 'တုရုရှက'နွယ်ဝင် 'သကမင်း'တို့သည် 'အာဖဂန်နစ္စတန်, ဗလူချီစတန်, ဂန္ဓာရ-ကသ္မီရ'-စသည့်အိန္ဒိယပြည်အနောက်မြောက်ပိုင်းစ၍၊ အိန္ဒိယပြည်အလယ်ပိုင်း 'မထုရာ'တိုင်အောင် ဝင်ရောက်လွှမ်းမိုးအုပ်စိုးကြကုန်၏။ ထိုမင်းဆက်ကို 'သကမင်း

www.burmeseclassic.com


ဆက်'ဟုရင်း၊ **'ကုရှာနမင်းဆက်'**ဟုရင်း ခေါ်သည်။ သကမင်းဆက်တွင် သာသနာနှစ်-၆၅၀-ခန့်၌ **'ကနိရှကမင်း'**သည် 'သဗ္ဗတ္ထိဝါဒဂိုဏ်း'၏ပိဋကတော်ကို သင်္ဂါယနာတင်ခဲ့၏။ သင်္ဂါယနာတင်ရခြင်း၏အကြောင်းမှာ-ကနိရှကမင်းသည် ပိဋကစာပေကို သင်ယူရာ၊ ဂိုဏ်းကွဲတခု-ဝါဒတခုစီ ကွဲပြားနေသည်ကိုတွေ့ရသဖြင့်၊ ထိုဂိုဏ်းကွဲ-ဝါဒကွဲများကို ညှိနှိုင်း၍ တညီတညွတ်-တမူတည်းဖြစ်စေရန် ဂိုဏ်းပေါင်းစုံသံဃာများကို စည်းဝေးစေ၏။ ထိုအစည်းအဝေး၌ 'သဗ္ဗတ္ထိဝါဒဂိုဏ်း'မှ **'ဝသုမိတြ'**ထေရ်ကို အကြီးအမှူးပြု၍ သင်္ဂါယနာတင်ကြကုန်၏။ ထိုသင်္ဂါယနာတင်ပွဲ၌ ပိဋကစာပေ-ပရိယတ်ကျွမ်းကျင်သည့် သံဃာတော်-၅၀၀-တို့သည် စုဝေးညှိနှိုင်း၍၊ 'သုတ်,ဝိနည်း, အဘိဓမ္မာ'တို့၏အဖွင့်- **'ဝိဘာသာကျမ်းများ'**ကို ပြုကြကုန်၏။ ထိုကျမ်းများကို တရုပ်ဘာသာသို့ ပြန်ဆိုခဲ့ကြ၏။ ဤသင်္ဂါယနာကို ပင်မထေရဝါဒဂိုဏ်းက လုံးဝအသိအမှတ်မပြုခဲ့ချေ။ အချို့သောဆန့်ကျင်ဘက်ဝါဒီတို့က ဤသင်္ဂါယနာကို 'စတုတ္ထသင်္ဂါယနာ'-ဟု အမည်ပေးကြ၏။ အမှန်စင်စစ် တတိယသင်္ဂါယနာမှ ထုတ်ပယ်ခံခဲ့ရသည့် **'သဗ္ဗတ္ထိဝါဒဂိုဏ်း'** သားတို့က ဦးဆောင်သည့်သင်္ဂါယနာဖြစ်၍၊ တတိယသင်္ဂါယနာ၏အဆက်မဟုတ်သဖြင့်၊ စတုတ္ထသင်္ဂါယနာ-ဟု မခေါ်သင့်ချေ။ 'သဗ္ဗတ္ထိဝါဒဂိုဏ်း' သည် တတိယသင်္ဂါယနာ၌ ပေါ်ပေါက်ခဲ့ပြီး၊ ယင်းဂိုဏ်းအပါအဝင် ဂိုဏ်းကွဲများက **'နာလန္ဒမြို့'**၌ စင်ပြိုင် သင်္ဂါယနာတင်ခဲ့ကြ၏-ဟု ဆိုသောကြောင့်၊ ဤ'ကနိရှက'မင်း လက်ထက်၌ပြုလုပ်သည့်**'သဗ္ဗတ္ထိဝါဒ-သင်္ဂါယနာ'**သည် ထိုဂိုဏ်းအတွက်'ဒုတိယသင်္ဂါယနာ'သာ ဖြစ်သင့်၏။ ဤသင်္ဂါယနာကို အချို့က **'ဂန္ဓာရတိုင်း-ဇလန္ဓရမြို့'**၌ ပြုလုပ်၏-ဟုဆို၍၊ အချို့က **'ကသ္မီရတိုင်း-ကုဏ္ဍလဝနမြို့'**၌ ပြုလုပ်၏-ဆိုသဖြင့်၊ ယင်းသင်္ဂါယနာတင်ရာနေရာ အတိအကျကို မညွှန်ပြနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com


## (၁၁) ✱သုင်္ဂမင်းများခေတ် (B.C.၁၈၄-AD.၈၀)

အသောကမင်းကြီး၏မိဖုရားငယ်တို့သည်ရင်း၊ အနွယ်တော်မင်းတို့သည်ရင်း အများအားဖြင့် ဟိန္ဒူဘာသာဝင်များဖြစ်၍၊ ဟိန္ဒူသာသနာကို အစဉ်အဆက် ချီးမြှောက်ကြလေ၏။ အသောကမင်းကြီး ဘီစီ ၂၃၂-ခုနှစ် နတ်ရွာစံပြီးနောက်၊ ၎င်း၏ အနွယ်-'ကုလနမင်း၊ ဒသရထမင်း၊ သံပြတိမင်း၊ သာလိရှုကမင်း၊ ဒေဝ-ဝရမင်း၊သတဓနုမင်း၊ဗြိဟဒြမင်း'-ဟူသော မင်း ၇-ဆက်တို့သည် ဘီစီ ၁၈၄-ခုအထိ မင်းပြုကြလေ၏။ ထိုမင်းတို့သည် တန်ခိုးကြီးမင်းများ မဟုတ်ကြသဖြင့်၊ အသောကမင်းကြီး၏ အင်ပါယာကြီးမှာ တစတစနှင့် ပျက်စီးလာပြီး အစိတ်စိတ်ကွဲ နိုင်ငံငယ်များဖြစ်သွားလေ၏။

**✱သုင်္ဂမင်းဆက်(B.C.၁၈၄-AD.၈၀)**။ ။အသောကမင်းကြီး၏အနွယ်-နောက်ဆုံးမင်းဖြစ်သည့်'ဗြိဟဒြမင်း'ကို ၎င်း၏စစ်သူကြီး 'ပုရှမိတြ'က သတ်ဖြတ်၍ ထီးနန်းကိုလုယူပြီး၊ မိမိ၏အနွယ်ကို 'သုင်္ဂဝံသ=သုင်္ဂမင်းဆက်'ဟုခေါ်တွင်စေ၏။ ပုရှမိတြမင်းသည် ဗုဒ္ဓသာသနာတော်ကို အများဆုံးဖျက်ဆီးခဲ့၏။ သုင်္ဂမျိုးနွယ်မင်းတို့သည် ဗုဒ္ဓဘာသာကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးကြလေရာ၊ ကျောင်းကန်ဘုရား အဆောက်အဦများ ပျက်စီး၍၊ သံဃာတော်များစွာ သေကြေကြလေ၏။ ပုရှမိတြသည် 'ရှိဝ'ခေါ်နတ်ဘုရားကို ကိုးကွယ်သည့် ဗြာဟ္မဏ-ဟိန္ဒူဘာသာဝင်ဖြစ်ပြီး၊ 'အသောကမင်းကြီးသည် ဟိန္ဒူဘာသာကိုစွန့်၍ ဟိန္ဒူဘာသာဝင်တို့ကို နှိပ်စက်ခဲ့သည်မှာ ဗုဒ္ဓဘာသာရဟန်းတို့၏ ဟောချွတ်မှုကြောင့်ဖြစ်၏"-ဟု ယူဆမြီးလျှင်၊ ပါဋလိပုတ်ပြည်မှ ပန်ဂျပ်နယ် ဂျာလန္ဒာမြို့အထိ ကျောင်းစေတီတို့ကို မီးရှို့ဖျက်ဆီးသည့်အပြင်၊ ရဟန်းတော်များစွာကိုလည်း ရက်စက်စွာ သတ်ဖြတ်လေ၏။ 'ရဟန်းခေါင်းတလုံးဖြတ်၍ ဆက်သပါက-ဆုငွေ-၅၀၀ိ ပေးမည်'ဟု ကြေငြာ၍၊ ရဟန်းတော်

www.burmeseclassic.com

www.burmeseclassic.com

တွေကို သတ်ဖြတ်စေခဲ့၏။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ကို ရာဇပရိယာယ်အမျိုးမျိုးဖြင့် ဟိန္ဒူဘာသာထဲသို့ တစတစသိမ်းသွင်းခဲ့လေသည်။

ပုရှမိတြမင်းကြီး မောရိယနန်းတော်၌ စိုးစံနေစဉ်မှာ-**ဂရိတ်စစ်သားတို့သည် ပန်ဂျပ်**ပြည်နယ်ကို ဝင်ရောက်တိုက်လေ၏။ ဂရိတ်ဘုရင်မိလိန္ဒ (သက္ကတအလို 'မိနန္ဒာ')မင်းကြီးသည် '**အယုဒ္ဓယမြို့**'ကိုကျော်၍၊ အိန္ဒိယပြည် အလယ်ပိုင်းဖြစ်သည့် '**ရာဇပုတ္တန**'နယ်ကိုပါ သိမ်းပိုက်လေ၏။ ထို့နောက် တရွေ့ရွေ့နှင့် '**ပါဋလိပုတ်**'နယ်စပ်သို့တိုင်အောင် ရောက်ရှိလေ၏။ '**မဂဓတိုင်း**'၌ ပုရှမိတြမင်းသည် ဗုဒ္ဓသာသနာတော်ကို မည်သို့ပင် ဖျက်ဆီးစေကာမူ၊ မြောက်ဘက်နယ်တို့၌ကား သာသနာတော် ထွန်းပလျက်ပင် ရှိ၏။ 'ပုရှမိတြမင်း'နှင့် သားတော်'အဂ္ဂိမိတြ'တို့သည် စစ်ရေး၌ အလွန်ကျွမ်းကျင်သဖြင့်၊ 'မဂဓနယ်စပ်'အထိ ကျူးကျော်ဝင်ရောက်လာသည့်'မိလိန္ဒ' မင်းကြီးအား ပန်ဂျပ်နယ်သို့ အောင်မြင်စွာ ပြန်လည်တိုက်ခိုက်နိုင်ခဲ့လေ၏။

[မိလိန္ဒမင်းကြီးကား ဗုဒ္ဓသာသနာတော်ကို လွန်စွာကြည်ညိုသူ၊ ပိဋကစာပေ၌ အထူးကျွမ်းကျင်သူဖြစ်ပြီး၊ ဗုဒ္ဓတရားတော်နှင့်ပတ်သက်၍ မိမိနားမလည်-သံသယရှိသည့်အချက်များကို ရဟန္တာမထေရ်**အရှင်နာဂသိန်**အား မေးမြန်းရှင်းလင်းစေရာ၊ ထိုပုဂ္ဂိုလ်ကြီး၂-ဦးတို့၏အမေး-အဖြေများကို စုစည်း၍ ကျမ်းစာအဖြစ်ပြုလုပ်ခဲ့ရာ၊ ယခုအခါ ပါဠိဘာသာဖြင့် '**မိလိန္ဒပဥှကျမ်း**'-ဟု ထင်ရှားစွာရှိနေပေ၏။ ထိုကျမ်းကို များမကြာမီပင် တရုပ်ဘာသာသို့ ပြန်ဆိုခဲ့၏။]

ထို့နောက်'**အဂ္ဂိမိတြမင်း**'နန်းစံပြီး၍၊နတ်ရွာစံသော် '**သုင်္ဂအင်ပါယာ**'ကြီးသည် တဖြေးဖြေးအားနည်းလာတော့၏။ **AD.**၈၀-၌ သုင်္ဂမင်းဆက်ဝင် နောက်ဆုံးမင်း'ဒဆမ်'ကို 'ဝါသုဒေဝမင်း'အမည်ရှိ '**ကာန္ဒမင်း**'ကသတ်ဖြတ်၍ နန်းတက်လေ၏။ အဆိုပါ မင်းများအုပ်ချုပ်စဉ်ကာလ၌ အိန္ဒိယပြည်တွင်းသို့ တိုင်းတပါးသားတို့က

www.burmeseclassic.com


အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ခဲ့ကြ၏။ 'ဂရိလူမျိုး'တို့က ဝင်ရောက်တိုက်ခိုက်ပြီးနောက်၊ '**အာရှအလယ်ပိုင်း**'မှ '**သကလူမျိုး**'တို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြန်၏။ သကလူမျိုးတို့သည် '**ဟိန္ဒူကုရှ်တောင်**'ကို ကျော်လွှန်၍၊ 'တက္ကသိုလ်မြို့၊မထုရာ၊မာလဝနှင့်ဂုဂျရက်ပြည်နယ်'တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့်၊ သုဂ်အင်ပါယာကြီးတစိတ်တဒေသဆုံးရှုံးလက်လွှတ်ရလေ၏။ ထို့နောက် **B.C.**၈၀-ခန့်၌ '**ကုရှန်လူမျိုး**'တို့သည် အာရှအလယ်ပိုင်းမှဝင်ရောက်လာပြီး ဂရိ နှင့် ပါရဒ်လူမျိုးတို့ ပိုင်ဆိုင်သည့် အိန္ဒိယမြောက်ပိုင်းနယ်ပယ်အချို့ကို တိုက်ခိုက်သိမ်းပိုက် မင်းပြုခဲ့ကြပြန်လေ၏။

---

## ၁၂။ ။*ကနိရှကမင်းလက်ထက် (AD.၈၁-၁၂၀)

'ကုရှန်မင်း'တို့တွင် 'ကနိရှကမင်း'သည်တန်ခိုးအကြီးဆုံးဖြစ်၏။ သူသည်ခရစ်နှစ်၈၁-မှ၁၂၀အထိ(ပါကစ္စတန်၏မြို့တော်)'**ပေရှဝါမြို့**'၌ စိုးစံ၏။ သူ၏အင်ပါယာမှာ 'ကရှာဂရ-ယာကရန္ဒ၊ ခိုတန်၊ ကာဗူလ်၊ ဂန္ဓာရ၊ ကသ္မီရ၊ ဆင်းဒ်နှင့်ဗာရာဏသီမြို့'သို့တိုင်အောင် ကျယ်ပြန့်လေ၏။ ဤမင်းသည် အရင်က ဗုဒ္ဓဘာသာဝင်မဟုတ်သော်လည်း၊ '**မဟာယာန်**'ဘုန်းကြီးများ၏ တစတစဟောချွတ်မှုကြောင့်၊ နောင်တွင် ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုလေးစားသည့် သာသနာ့ဒါယကာကြီးဖြစ်လာခဲ့လေ၏။ ဤမင်းလက်ထက်၌ '**အသဃောသ, နာဂဇုန, ဝသုမိတြ**'-ဟူသော(မဟာယာန)ဗုဒ္ဓဘာသာကျမ်းတတ်ရဟန်းများ ပေါ်ထွန်းခဲ့၏။ ကနိရှကမင်းကြီးသည် အလှူဒါနအလွန်ရက်ရောပြီး၊ သံဃာတော်တို့အား အလွန်ကြည်ညိုလေ၏။ သူသည် '**ပေရှဝါမြို့**'၌ စေတီတော်ကြီးတဆူကို တည်ဆောက်စေပြီး အမြဲကိုးကွယ်ဆည်းကပ်လေ၏။ ထိုစေတီသည် ထိုခေတ်၌ အလှပဆုံး-အခိုင်ခန့်ဆုံး-အကောင်းဆုံးဖြစ်၍၊ အလွန်ကျော်စောထင်ရှား၏။ ဤခေတ်၌ မဂဓတိုင်းမှာ သာသနာတော်မှေးမှိန်နေသော်

လည်း၊ ဟာရာဏသီမှ-ကသ္မီရတိုင်အောင် နယ်ပယ်အသီးသီး၌ကား သာသနာတော် အလွန်ထွန်းပလျက် ရှိ၏။

**မဟာယာန်သင်္ဂါယနာတင်ခြင်း။** ။အသောကမင်းကြီးနတ်ရွာစံပြီးနောက်၊ ဟိန္ဒူမင်းများနှင့် ဗုဒ္ဓဘာသာမင်းများ အချင်းချင်း ရှုံးလိုက်-နိုင်လိုက် ထပ်ပြန်တလဲလဲ တိုက်ခိုက်ကြလေရာ၊ အိန္ဒိယနိုင်ငံကြီးတခုလုံးမှာ နှစ်ပေါင်းများစွာ မငြိမ်မသက်ဖြစ်နေရလေ၏။ ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းဝင်ရောက်လာသည့် ရဟန်းများနှင့် မူလရှိရင်းဗုဒ္ဓဘာသာရဟန်းတော်တို့၏ အချင်းချင်း အယူဝါဒကွဲမှုကြောင့်၊ ဗုဒ္ဓသာသနာတော်၌ ဂိုဏ်းကြီး ၁၈-ဂိုဏ်းနှင့် ဂိုဏ်းကွဲငယ်များ ၄၀-ခန့် ကွဲပြားလာလေ၏။ ထိုသို့ဂိုဏ်းအမျိုးမျိုးကွဲပြားမှုကြောင့်၊ **'ထေရဝါဒ'(မူလ)ဂိုဏ်း**(ဟီနယာန-ဟုလည်းခေါ်)နှင့် **'မဟာယာနဂိုဏ်း'**-ဟူ၍ အဓိကဂိုဏ်းကြီး ၂-ခုပေါ်ထွန်းလာခဲ့၏။ **'အသောကမင်းကြီး'**က ထေရဝါဒသို့လိုက်ခဲ့ပြီး၊ **'ကနိရှကမင်း'**က အယူဝါဒသစ်(မဟာယာန)သို့လိုက်ပါသွားသဖြင့်၊ 'မဟာယာန-သာသနာတော်ကြီး'မှာ တနေ့တခြားစည်ပင်ပြန့်ပွားလာလေ၏။ 'ကနိရှကမင်း'သည် မဟာယာနသာသနာတော်ကြီး ကြာမြင့်စွာတည်စေရန်၊ **'ကသ္မီရပြည်'**၌ ကျောင်းကြီး-ကျောင်းငယ်တို့ကိုဆောက်လုပ်စေပြီး၊ **'ဝသုမိတြ'**အမျိုးရှိတဲ့ မဟာယာနဘုန်းကြီးငါးရာတို့ဖြင့် (မဟာယာန)သင်္ဂါယနာကို တင်လေ၏။ ဤသင်္ဂါယနာတင်ပွဲကြီး၌ ၁၈-ဂိုဏ်းသားတို့သည် ညီညွတ်ကြကုန်၏-ဟုဆို၏။ ဤသို့ညီညွတ်ရခြင်းမှာ အလွန်အားနည်းနေသည့် ထေရဝါဒီရဟန်းတော်တို့မှာ အင်အားကြီးမားလှတဲ့ မဟာယာန်ဘုန်းကြီးတို့၏ အလိုသို့လိုက်ကြရသောကြောင့်ဖြစ်သည်-ဟုဆို၏။ ဤသင်္ဂါယနာကို အိန္ဒိယရာဇဝင်တို့၌ စတုတ္ထသင်္ဂါယနာ-ဟုဆိုကြသော်လည်း အမှန်စင်စစ် 'ကနိရှကမင်း'လက်ထက်က 'ကသ္မီရပြည်'၌ တင်သည့်သင်္ဂါယနာကို 'မဟာယာန-သင်္ဂါယနာ'ဟုသာ မှတ်ယူအပ်၏။

www.burmeseclassic.com

www.burmeseclassic.com


အင်္ဂလိပ်ဘာသာဖြင့်ရေးသည့် ရာဇဝင်ထဲ၌ဆိုထားသည်ကား-'ကနိရှကမင်းသည် (မဟာယာန)ဗုဒ္ဓဘာသာထွန်းကား-ပြန့်ပွားရေး'ကို အမြဲအားထုတ်ခဲ့၏။ အသောကမင်းကြီးကဲ့သို့ပင်၊ ကနိရှကမင်းကြီးကလည်း ဗုဒ္ဓသာသနာတော်ကြာမြင့်စွာ တည်စေရန် သင်္ဂါယနာတင်ပြီးနောက်၊ 'တိဗက်,တရုပ်,နီပေါလ်,အာသန်'-စသည့်ပြည်တို့သို့(မဟာယာန်)သာသနာပြုဘုန်းကြီးများကို စေလွှတ်ခဲ့လေရာ၊ ထိုတိုင်းပြည်တို့၌ ယခုတိုင်(မဟာယာန)ဗုဒ္ဓသာသနာတော် တည်လျက်ရှိနေခြင်းဖြစ်၏။ (ဤစကားစုဖြင့် အသောကမင်းကြီးလက်ထက်က တရုပ်ပြည်သို့ သာသနာပြုများ မရောက်ခဲ့သည်မှာ ထင်ရှား၏။ အသောကမင်းကြီးစေလွှတ်သည့် သာသနာပြုမထေရ်တို့သည် **ကသ္မီရတိုင်း**၊ ယင်းတိုင်းနှင့်စပ်လျက်ရှိသည့် **ဂန္ဓာရတိုင်း**သို့သာကြွရောက်ခဲ့၏။ "ဂန္ဓာရတိုင်း-ဟူသည် တရုပ်ပြည်မဟုတ်"။ ဤသို့ မှတ်ယူအပ်၏။) ကနိရှကမင်းလက်ထက်၌ ရေးသား-ပြန့်ချိခဲ့သည့် '**မဟာယာန-ကျမ်းစာ**'များကို တိဗက်နှင့်တရုပ်ပြည်၌သာ အများအားဖြင့် အသုံးပြုလျက်ရှိ၏။

**မဟာယာန-ဟူသည်**။ ။(၁)ဝိနည်းပိဋကကို သင်ယူ-လိုက်နာခြင်း မပြုပဲ၊ (သာမည)အကျင့်သီလကို ဖြူစင်စွာ ကျင့်ကြံအားထုတ်လျှင်၊ နိဗ္ဗာန်သို့ရင်း,ထာဝရဘုရားထံသို့ရင်း ရောက်နိုင်၏-ဟု အယူရှိကြ၏။ (၂)ဘုရားရှင်ကိုယ်တော်တိုင်က ရုပ်တုဆင်းတုတော်များကို (ထိုခေတ်ကမရှိသေး၍)ကိုးကွယ်ရန် မဟောကြားခဲ့သော်လည်း၊ ရှင်လူအပေါင်းတို့၏ စိတ်ဓာတ်ကို ကြည်လင်စေသည်သာမက၊ နိဗ္ဗာန်သို့ရောက်စေတတ်သည့်တရားမှာ ရုပ်ပွားတော်တို့ကို ကိုးကွယ်-ဆည်းကပ်ခြင်းမှတပါး၊ အခြားနည်းလမ်းမရှိ-ဟု အယူရှိကြ၏။ (၃)သူတို့သည် ဘုရားရုပ်တုတော်များကို ကိုးကွယ်ဆည်းကပ်သည်သာမက၊ ပါရမီနုစဉ်ကာလကပင်ဖြစ်ခဲ့သော '**ဗောဓိသတ္တဘုရားအလောင်း**'၏ရုပ်တုများကိုပါ ကိုးကွယ်ဆည်းကပ်ကြလေ၏။ (၄)မဟာယာနတို့အဘို

www.burmeseclassic.com

ဂေါတမဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီးသော်လည်း၊ **ထာဝရဘုရား-ကဲ့သို့ ဖြစ်နေဟန်လက္ခဏာ**၏။ သူတို့၏အကြောင်းပြချက်ကား-လေးသင်္ချေနှင့်ကမ္ဘာတသိန်း ပတ်လုံး ပါရမီများကိုဖြည့်ကျင့်ခဲ့ရာမှ ရရှိအပ်သောဘုရားရှင်၏ဘဝသည် မည်သည့် နည်းနှင့်မျှ ပရိနိဗ္ဗာန်ပြုမသွားခဲ့တန်ရာ။ "အကြင်အခါ၌ ကမ္ဘာလောကဓာတ်ကြီးထဲရှိ ဗြဟ္မာနတ်လူအပေါင်းတို့၌ တရားရှိအံ့၊ ထိုအခါ ဘုရားရှင်သည် (လူ့ပြည်မှ)ကွယ်ပ၍ တနေရာမှ ရှုစားနေလတံ့၊ အကြင်အခါ တရားပျက်အံ့၊ ထိုအခါ ပြန်လည်၍ ပွင့်ပေါ် လတံ့"-ဟူ၍ ဟိန္ဒူဝါဒကဲ့သို့ (**ထာဝရဘုရားရှင်ဝါဒ**)အယူရှိကြလေ၏။ (ဟိန္ဒူဝါဒကို အတုယူ၍၊ ၎င်းနှင့်လိုက်လျောညီထွေဖြစ်စေရန်-ယှဉ်တွဲနေထိုင်နိုင်ရန် တီထွင်လာခဲ့ ဟန်ဖြစ်၏။) **ခရစ်နှစ် ၂၀၀-မှ ၉၀၀-အထိ** မဟာယာန်သာသနာသည် အိန္ဒိယပြည် ကြီးတခုလုံး၌ အလွန်စည်ပင် ပြန့်ပွားခဲ့ရာ၊ အရေးပါသည့်ကျောင်း၊ စေတီပုထိုး-စ သည်တို့ကိုလည်း ဤဂိုဏ်းသားတို့ကသာ အုပ်ချုပ်ခဲ့ရလေ၏။

ထိုခေတ်က ထုလုပ်ခဲ့သည့် သိန်းသန်းကုဋေမကသောဘုရားရုပ်တုတော်များ, ဘုရားလောင်းရုပ်တုတော်များ, 'အဝလောကိတေသွရ'(ဘုရားလောင်း)ရုပ်တုများ, တာရာဒေဝီနတ်သမီးရုပ်များကို ကျောင်းတိုင်း-ပုထိုးတိုင်း၌ ယခုတိုင် ထင်ရှားစွာတွေ့ မြင်ရလေ၏။ ဤ**မဟာယာန်-ဗုဒ္ဓသာသနာသည် 'ဗုဒ္ဓဝါဒနှင့်ဟိန္ဒူဝါဒ' ၂-ခုစလုံး ရောနှောထားသည့်သာသနာ**-ဟုဆိုက မှားမည်မဟုတ်ပေ။ သို့သော် ထေရဝါဒ- ဗုဒ္ဓသာသနာတော်၌လည်း ဘုရားရုပ်တုတော်များကို ကိုးကွယ်သည့်အလေ့အထရှိ နေ၏။ (သာမန်ပုထုဇဉ်တို့အဘို့ ဘုရားရှင်အား ကိုးကွယ်-ဆည်းကပ်-ကြည်ညိုသဒ္ဓါ 'ဖြစ်စေ-ပွားစေရန်အတွက် ကောင်းမြတ်သည့်အလေ့အထဖြစ်၏။) အသောကမင်း ကြီးလက်ထက်ကလည်း ဘုရားရှင်၏ရုပ်တုတော်များ လှူဒါန်းခဲ့ကြောင်း-ကျောက်စာ အချို့၌ တွေ့ရှိရ၏။ ရုပ်ပွားတော်ကို ကိုးကွယ်သည့်အလေ့အထမှာ ပရိနိဗ္ဗာန်ပြုတော်

www.burmeseclassic.com

မူသွားခဲ့ သည့်ဘုရားရှင်ကို အမြဲအမှတ်တရရှိစေရန်၊ ကြည်ညိုခြင်း ဖြင့် ကုသိုလ်ပွား များစေရန်၊ သာသနာတော်လည်း မတိမ်ကော-မပပျောက်စေရန် လွန်စွာထောက်ကူ ပြုပေး၍ မွန်မြတ်သည့်အလေ့အထဖြစ်၏။ ကမ္ဘာပေါ်ရှိ ဘာသာကြီးလေးရပ်တွင် ရုပ်တုကိုးကွယ်မှုကို ဆန့်ကျင်သော 'အစ္စလာမ်ဘာသာ' မှတပါး၊ ကျန်ဘာသာအားလုံး မှာ ရုပ်တုတော် ကိုးကွယ်သည့်အလေ့အထ ရှိကြကုန်၏။

---

## ၁၃။ ဂုပ္တမင်းများ

ထို့နောက် 'ဂုပ္တမင်းဆက်' ကိုတည်ထောင်သော၊ (၁)စန္ဒြဂုပ္တ-မည်သောမင်း သည် ပါဋလိပုတ်နေပြည်တော်၌ နန်းတက်လေ၏။ သူသည် ဟိန္ဒူဘာသာဝင်တဦး ဖြစ်သော်လည်း၊ မိဖုရားကြီး 'ကုမာရဒေဝီ' ၏ လိမ္မာပါးနပ်မှုကြောင့်၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သွားသည်-ဟူ၏။ မိဖုရားကြီးသည် ဗုဒ္ဓသာသနာတော်ကို လွန်စွာ ကြည်ညိုသဖြင့်၊ နိုင်ငံတော်အဝှမ်း၌ မဟာဒါန=အလှူကြီးကိုပေးလှူခဲ့သည်-ဆို၏။ ဘုရားရှင် တရားဦးဟောရာ-မိဂဒါဝုန်၌ 'ဓမ္မရာဇိက' ကျောင်းတော်ကြီးကို ဆောက် လုပ် လှူဒါန်းခဲ့၏။ ကျောက်စာနှင့်ရာဇဝင်အချို့၌-'ဟိုက်ဒြဘတ်နယ်ရှိ-'အဇန္တာ လိုဏ်ဂူကြီး' သည်ပင်လျှင်၊ ဤမင်း-မိဖုရားတို့၏ကောင်းမှုဖြစ်၏-ဟု ရေးသား ထား၏။

**(၂)ခရစ်နှစ်၃၄၀-ခုနှစ်၌** စန္ဒြဂုပ္တမင်းကြီးနတ်ရွာစံသော်၊ သားတော် 'သမုဒြဂု ပ္တမင်း' သည် ထီးနန်းကိုဆက်ခံလေ၏။ ဂုပ္တမျိုးမင်းတို့တွင် ဤမင်းသည် တန်ခိုးအာ ဏာအကြီးဆုံးဖြစ်၍၊ နိုင်ငံအကျယ်အဝန်းမှာ 'အရှေ့ကို ဗြဟ္မပုတြမြစ်အထိ၊ မြောက် ကို ဟိမဝန္တာတောင်အထိ' ဖြစ်လေ၏။ ဤမင်းသည် ဗုဒ္ဓဘာသာကို လုံးဝမလိုလား သည့် '**ဟိန္ဒူအယူသည်းမင်း**' ဖြစ်၍၊ တိုင်းပြည်ရှိ ပုရောဟိတ်ပုဏ္ဏားတို့၏စကားကို လိုက်နာပြီး၊ ဗုဒ္ဓဘာသာကို အနုနည်းဖြင့် ဖျက်ဆီးလေ၏။ ရဟန်းမခံရ၊ တရား

www.burmeseclassic.com


မဟာရ-စသည့်ဥပဒေကို ထုတ်ပြန်ထား၏။ သူသည် 'အသမေဓယဇ်ပူဇော်ပွဲ'ကို ၆-ကြိမ်တိုင် ပြုလုပ်ခဲ့၏။ သို့သော် ထိုအခါက အိန္ဒိယပြည်၏ပညာရေးသည် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ဗုဒ္ဓဘာသာပညာရှိကြီးများ၏ လက်ထဲ၌ရှိသောကြောင့် ဗုဒ္ဓသာသနာတော်မှာ အလွန်ဆုတ်ယုတ်မသွားခဲ့ချေ။

(၃)ထို့နောက် ထိုမင်း၏သားတော်'**ဒုတိယ. စန္ဒြဂုပ္တ. ဝိကြမာဒိတျမင်း**'နန်းတက်၏။ ဤမင်းသည် '**သကလူမျိုးတို့၏နိုင်ငံ**'သို့ အောင်မြင်စွာဝင်ရောက်တိုက်ခိုက်နိုင်ခဲ့လေ၏။ ဤမင်းသည် စာပေ၌ အလွန်ဝါသနာပါသူဖြစ်၏။ ဤမင်းလက်ထက်၌ ဗုဒ္ဓသာသနာမှာ နစ်နာမှုမရှိခဲ့ချေ။

(၄)ထို့နောက် ထိုမင်း၏သား '**ကုမာရ-ဂုပ္တမင်း**'သည် ခရစ်နှစ်၄၁၄-ခုနှစ်၌ နန်းတက်၏။ ဤမင်းသည် 'အသမေဓယဇ်'ကို ပူဇော်လိုသဖြင့်၊ ရဟန်းတော်တို့အား ရာဇပရိယာယ်အမျိုးမျိုးဖြင့် ချုပ်ချယ်လေ၏။ ဤမင်းလက်ထက်၌ (အာရှတိုက်အလယ်-မြောက်ပိုင်းနေ)'**ဟူဏ်း**'**အမည်ရှိလူမျိုး**'တို့သည် ဂုပ္တနိုင်ငံအတွင်းသို့ ဝင်ရောက် တိုက်ခိုက်သော်လည်း မအောင်မြင်ခဲ့ချေ။

(၅)ထို့နောက် ထိုမင်း၏သားတော်'**သ္ကန္ဒ-ဂုပ္တမင်း**'သည် **ခရစ်၄၅၅-ခုနှစ်**၌ နန်းတက်လေ၏။ ဤမင်းလက်ထက်၌ 'ဟူဏ်းလူမျိုး'တို့ ခဏခဏဝင်ရောက်တိုက်ခိုက်သော်လည်း မအောင်မြင်ခဲ့ချေ။ ထိုမင်းနတ်ရွာစံသော် သူ၏အင်ပါယာကြီးသည် တဖြေးဖြေးပျက်စီးသွားလေ၏။ ဂုပ္တမင်းတို့ခေတ်၌ အိန္ဒိယနိုင်ငံမှာ အကြွယ်ဝဆုံးအဆင့်သို့ ရောက်ခဲ့သည်သာမက၊ 'ဓာတုဗေဒပညာ,စိတ်ပညာ,ကဗျာလင်္ကာပညာ,နာဋကပညာ(အကပညာ),သင်္ချာပညာ,ဇောတိသပညာ,ဒဿနပညာ,ဗိသုကာပညာ'-တို့ အလွန်ထွန်းကားခဲ့သဖြင့်၊ '**ဂုပ္တခေတ်ကို ရွှေခေတ်**'-ဟု အိန္ဒိယရာဇဝင်၌ ဆိုထားပေ၏။ အင်္ဂလိပ်ဂုကြီးသည် စံနမူနာဖြစ်၏။

www.burmeseclassic.com

(ʻတရုပ်ဘုန်းတော်ကြီး ဖါဟီယန်ʼသည် ဒုတိယစန္ဒြဂုပ္တမင်းကြီးလက်ထက်-ခရစ်နှစ်၄၁၀-ခန့်၌ အိန္ဒိယပြည်သို့ ဘုရားဖူးရောက်လာခဲ့၏။ သူသည် ထိုခေတ်အိန္ဒိယနိုင်ငံ၏အခြေအနေကို အကျယ်တဝင့်ရေးသားခဲ့ရာ၊ ʻပြည်သူတို့ သက်သတ်လွတ်စားကြကြောင်း ဖေါ်ပြထား၏။) ဂုပ္တမင်းဆက်ပြတ်ပြီးနောက်၊ အိန္ဒိယပြည်၏ နိုင်ငံရေး အခြေအနေမှာ မငြိမ်မသက်-ဆူပူ-သောင်းကျန်းထကြွလေရာ၊ တမြို့-တနယ်-တပြည်-တမင်းဖြစ်ကာ၊ အစိတ်စိတ်ကွဲသွားခဲ့လေ၏။ **နှစ်ပေါင်း ၂၅၀-ခန့်အကွဲကွဲ**ဖြစ်၍၊ ရာဇဝင်လည်း ကွယ်ပျောက်လေ၏။

---

## ၁၄။ ။ဗင်္ဂလားပြည်မင်းများ(ရာဇသာသင်္ကာမင်း)

**ခရစ်နှစ်၆-ရာစုအလယ်လောက်တွင်-ʻပြဘာက-ဝဒ္ဓနʼ-အမည်ရှိမင်းတပါး**ပေါ်ထွန်းခဲ့ရာ၊ ထိုမင်းမှာ ʻရာဇယ-ဝဒ္ဓန,ဟရှဝဒ္ဓနʼ-မည်သောသားတော်၂-ပါးနှင့် ʻရာဇယ-ရှရီʼအမည်ရှိသမီးတော်တပါးရှိလေ၏။ ဤခေတ်တွင် **ʻဘင်္ဂလားပြည်-အလယ်ပိုင်း**၌ **ʻရာဇသာသင်္ကာʼ**(ရာဇဆာဆင်္ကာ)အမည်ရှိမင်းတပါးသည် (ယခုʻမရှိဒါဘဒ်ʼခေါ်မြို့အနားရှိ)ʻကဏ္ဏ-သုဝဏ္ဏʼမြို့တော်၌ ထီးနန်းစိုက်လေ၏။ ʻသာသင်္ကာʼသည် တပါးသောမင်းတို့၏နိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ရာ၊ မြောက်ဘက်ကို ʻဗာရာဏသီမြို့ʼအထိ၊ တောင်ဘက်ကိုʻဩရိဿʼနယ်အထိ အောင်မြင်သဖြင့်၊ သူ၏အင်ပါယာကြီးမှာ တစတစကျယ်ပြန့်လာလေ၏။ ဤမင်းသည် ʻသိဝʼခေါ် နတ်ဘုရားကိုကိုးကွယ်သည့် **ဟိန္ဒူ၊အယူသည်းမင်းဖြစ်၍၊** မဂဓပြည်နှင့်တကွ၊ သူ၏နိုင်ငံတော်တလျှောက်၌ နေထိုင်ကြသည့်ရဟန်းတော်တို့ကို အပြစ်အမျိုးမျိုးရှာ၍ သတ်ဖြတ်သည့်အပြင်၊ ဘုရားပွင့်တော်မူရာ **ʻမဟာဗောဓိပင်ʼကိုလည်း ခုတ်ဖြတ်ပြီး မီးရှို့လေ၏။**

ရာဇဝင်မှတ်တမ်း၌ရေးထားသည်မှာ-**"ခရစ်၆-ရာစုနှစ်က** သိဝဘုရားကို-ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com


သော, ဗုဒ္ဓဘာသာသနာတော်၏ရန်သူကြီးဖြစ်သော ဘင်္ဂလားပြည်အလယ်ပိုင်း၏ဘုရင် **'သာသင်္ကာ'**သည် ဗောဓိပင်ကို အမြစ်ရင်းက တူးဖော်ပြီး မီးရှို့ပစ်လေ၏။ သို့သော် မဂဓတိုင်း၏ဘုရင်'**ပူရဏဝမ္မန်**'သည် ထိုနေရာ၌ ဗောဓိပင်ပြန်လည်စိုက်ပျိုးပြီး၊ နောင်တွင် ဤသို့မဖျက်ဆီးနိုင်ရန် ကျောက်လက်ရမ်းကြီးဖြင့် ကာရံထား၏"-ဟုဆို၏။ ထို့ပြင် သာသင်္ကာသည် ဗုဒ္ဓဘာသာဘုရားကျောင်းကန်တို့၌ 'သိဝနတ်'နှင့် ကြင်ရာတော်'ပဗ္ဗတီ'နတ်သမီးတို့၏ ကာမစပ်ယှက်နေပုံ-လိင်ရုပ်ကြီးများကို ဌာပနာထားသည့်အပြင်၊ ကျောင်းကန်အချို့ကိုလည်း နတ်ကွန်းသဖွယ် အသုံးပြုပြီး၊ ယဇ်ပူဇော်ခြင်း-စသည့် ဟိန္ဒူအယူဆိုင်ရာအလုပ်များကိုပြု၍၊ ဗုဒ္ဓဘာသာကို အထူးနှိမ်နင်းလေ၏။ သို့ရာတွင် ဗုဒ္ဓဘာသာသည် ထိုမင်း၏အာဏာစက် မရောက်သည့်ပြည်နယ်တို့၌ ထွန်းကားလျက်ပင်ရှိ၏။

'ပြဘာကမင်း'နတ်ရွာစံသော်၊ သူ၏သားတော်ကြီး'**ရာဇယ-ဝဒ္ဓနမင်း**'နန်းတက်လေ၏။ 'မာလဝပြည့်ရှင်-ဒေဝပုတ္တမင်း'သည် 'သာသင်္ကာမင်း'နှင့် မဟာမိတ်ပြုပြီး၊ ရာဇယဝဒ္ဓနမင်း၏ယောက်ဖတော် 'ကာညကုဗဇ'မင်းကိုသတ်၍၊ နှမတော်'ရာဇယရှရီ'ကို ဇော်ကားလေ၏။ ထိုအကြောင်းကိုကြား၍ လွန်စွာအမျက်ထွက်သော 'ရာဇယ-ဝဒ္ဓနမင်း'သည် 'ကာညကုဗဇပြည်'သို့စစ်ချီ၍၊ 'ဒေဝပုတ္တမင်း'ကိုနှိမ်နင်းရာ'သာသင်္ကာမင်း'၏သတ်ဖြတ်မှုကြောင့် အနိစ္စရောက်လေ၏။

ထိုအခါ သူ၏ညီတော်'**ဟရှဝဒ္ဓန-သီလာဒိတျမင်း**'က ထီးနန်းဆက်ခံလေ၏။ ဤမင်းသည် 'ကာမရူပတိုင်း'ကိုစိုးစံနေသော 'ဗာဆကရ်-ဗာရ်မာ'နှင့် မဟာမိတ်ဖွဲ့ပြီး၊ **'သာသင်္ကာမင်း'**၏ပြည်သို့ စစ်ချီကာ၊ ၄-နှစ်တိုင် ကြောက်မက်ဖွယ်စစ်ပွဲကြီးကို ဆင်နွှဲရာ၊ နောက်ဆုံး၌ 'သာသင်္ကာမင်း'ကိုသတ်ပစ်နိုင်လေ၏။ ထို့နောက် တပါးသော နိုင်ငံတို့ကိုလည်း တိုက်ခိုက်အောင်မြင်သဖြင့်၊ သူ၏အင်ပါယာမှာ တနေ့တခြားကျယ်

www.burmeseclassic.com

www.burmeseclassic.com


ဝန်းလာလေ၏။ ဤမင်းလက်ထက်၌ တရုပ်ဘုန်းတော်ကြီး 'ဟူဝေဆင်' သည် အိန္ဒိယနိုင်ငံသို့ ဘုရားဖူးရောက်ရှိလာပြီး (ဖာဟီယန်နည်းတူ) ထိုခေတ်အကြောင်းနှင့် ဗုဒ္ဓဘာသာအကြောင်း မှတ်တမ်းကိုရေးသားခဲ့၏။ သူ၏မှတ်တမ်းအရ သိရသည်မှာ

"ဟရှဝဒ္ဓနမင်းကြီးသည် မင်းကောင်းတပါးဖြစ်ပြီး အလှူဒါနနှ၌ အလွန်ရက်ရော၏။ ပြည်သူတို့၏ ကြွယ်ဝချမ်းသာမှုနှင့် အကျင့်စာရိတ္တကောင်းမွန်မှုကို အမြဲလိုလား၏။ ဘာသာရေး၌ အယူမသီးပဲ၊ ဘာသာအားလုံးကို အညီအမျှထောက်ပံ့၏"- ဟုဆို၏။ ရာဇဝင်တခု၌ ဆိုထားသည်မှာ "ထိုမင်းကြီးသည် နတ်ရွာစံမည့်နှစ်တွင် ဗုဒ္ဓဘာသာကို လုံးဝသက်ဝင်ယုံကြည်သွားပြီး၊ 'ဟူဝေဆင်' အတွက် 'ကာညကုဗ္ဗ' မည်သောအရပ်၌ ကျောင်းကြီးတဆောင်နှင့် ဓမ္မာရုံကြီးတခုကို ဆောက်လုပ်လှူဒါန်းပြီး၊ ဟူဝေဆင်၏တရားကို အမြဲကြားနာခဲ့သည်"- ဟူ၏။ အခြားရာဇဝင်တခု၌ဆိုထားသည်မှာ "မင်းကြီးသည် 'ဟူဝေဆင်' ကြွရောက်ချီးမြှင့်သော 'သန္နောသ- ခေတ္တ' အမည်ရှိ ပွဲသဘင်ကြီးတခုကို ၇၅- ရက်တိုင်ဆင်ယင်ကျင်းပရာ၊ မင်းကြီးသည် ကျောင်းတော်ကြီးများ၊ ယာယီစေတီတော်များ၊ မန္တိုရ်များကို ကျယ်ပြန့်သည့်မြေအပြင်၌ ဆောက်လုပ်စေပြီး၍၊ ပထမရက်၌ မင်းကြီးသည် 'မဟာဒါန- အလှူကြီး' ကို ပေးလှူ၍၊ ဗုဒ္ဓရုပ်ပွားတော်ကို မိမိ၏ဦးခေါင်းထက်သို့ တင်၍၊ အခြွေအရံများစွာ ခြံရံလျက် ပင့်ဆောင်လေ၏။ နောက် ၂ ရက်တိုင် နေနှင့်သီဝဘုရားကို ပူဇော်၏။ နောက် ရက် ၂၀- တိုင်တိုင် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ပုဏ္ဏားများအား လှူဒါန်းကျွေးမွေး၏။ နောက် ၁၀- ရက်တိုင်တိုင် အာဇီဝကရဟန်းတို့အား ကျွေးမွေးလှူဒါန်း၏။ နောက် ရက် ၃၀- တိုင်တိုင် ဆင်းရဲသားတို့အား ကျွေးမွေးလှူဒါန်း၏။ ဤအလှူကြီးကို လှူပြီးနောက်၊ မိမိ၏ နောက်ဆုံးနေ့၌ မိမိ၏ပုလဲသွယ်နှင့် ရွှေဘယက်တန်ဆာ- စသည်တို့ကို ရဟန်းတော်များအား လှူဒါန်းပြီး၊ ရဟန်းခံလေ၏။

www.burmeseclassic.com


# ၁၅။ ။*ဗင်္ဂလားပြည်-ပါလမင်းများ

ဝင်္ဂတိုင်း=ဘင်္ဂလားပြည်ရှင် 'သာသင်္ကာမင်း'အနိစ္စရောက်သော် တိုင်းပြည်ကြီးလည်း အစိတ်စိတ်ကွဲသွားလေ၏။ ဤသို့ကွဲပြုပြီး အချင်းချင်း မသင့်မတင့်ဖြစ်နေသည်ကို မခံနိုင်ကြသည့်ပြည်သူတို့သည် (၁)**'ဂေါပါလဒေဝ'**အမည်ရှိ ပညာရှိကြီးအား မင်းမြှောက်ကြလေ၏။ 'ဂေါပါလဒေဝမင်း'နန်းတက်ပြီးနောက် နိုင်ငံအတွင်း၌ဆူပူ သောင်းကျန်းမှုကြီးသည် တဖြေးဖြေးငြိမ်းအေးသွားလေ၏။ ၎င်း၏မင်းဆက်ကိုလည်း 'ပါလဝံသ=**ပါလမင်းဆက်**'-ဟု ခေါ်တွင်စေ၏။

(၂)ဂေါပါလမင်းနတ်ရွာစံသော်၊ သားတော်**'ဓမ္မပါလ'**သည် ခရစ်**၈-ရာစု**ခန့်၌ နန်းတက်လေ၏။ ပါလမင်းတို့တွင် ဤမင်းသည် သူရသတ္တိနှင့်ပြည့်စုံသည့် မင်းဖြစ်၍၊ သူ၏အင်ပါယာမှာ ဘင်္ဂလားပြည်မှ ယခု**'အာဖဂန်နစ္စတန်'-ခေါ်သည့်ဂန္ဓာရတိုင်းသို့**အထိ ကျယ်ပြန့်လေ၏။ ဘီဟာနယ်၌ ကျော်စောထင်ရှားသည့် **'ဝိကြမသီလ (တက္ကသိုလ်)ကျောင်းတော်ကြီး'**ကို ဤမင်းလက်ထက်၌ တည်ဆောက်လေ၏။ ဤကျောင်းတော်ကြီးသည် အိန္ဒိယပြည်၌ နာမည်ကျော်ကြားခဲ့သည့်ကျောင်းတော်ကြီးများတွင် တခုအပါအဝင်ဖြစ်၏။ တိဗက်မှတ်တမ်းအရ-ထိုကျောင်းတော်ကြီးကို 'အတိရှ' ခေါ် 'ဒီပင်္ကရာဇျာန'အုပ်ချုပ်ခဲ့သည့်**၁၁-ရာစု**ခန့်၌ တက္ကသိုလ်ကြီးတခုဖြစ်ခဲ့၏။ ဤကျောင်းတော်ကြီးမှာ ပါလမင်းများလက်ထက်မှ အစပြု၍ မူဆလင်တို့ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးပစ်သည့်အထိ သံဃာတော်ပေါင်း ၆၀၀၀-ခန့်နေထိုင်ခဲ့ကြ၏။ ထို ၆၀၀၀-တို့တွင် မူဆလင်တို့ကသတ်ဖြတ်၍ ၄၀၀၀-မျှသေကြေပျက်စီးခဲ့၏။ ကျန်သံဃာတော် ၂၀၀၀-တို့သည် တိဗက်ပြည်သို့ ထွက်ပြေးခဲ့ရသည်-ဟူ၏။ ရာဇဝင်တခု၌ ရေးထားသည်မှာ-"ခရစ်၁၁-ရာစုတွင် နာလန္ဒာတက္ကသိုလ်ကျောင်းတော်ကြီးမှာ 'ဝိကြမသီလ'ကျောင်းတော်ကြီးလောက် တိုးတက်မှု မရှိတော့ပေ။ ဝိကြမသီလကျောင်း

www.burmeseclassic.com

www.burmeseclassic.com


တော်ကြီးသည်သာ မဂဓတိုင်း၏ပညာရေးပြဿနာကို ဖြေရှင်းပေးခဲ့သည်"-ဆို၏။ ယခုအခါ ၎င်းကျောင်းတော်ပျက်ကြီး၏ ကျောင်းနေရာသည် 'ရှီလဝရွာ'အနီး၌ တည်ရှိ၏။ နှောင်းခေတ်သမိုင်း၌ ရေးထားသည်မှာ-ယခု ရှီလဝရွာ၌ ဗလီကြီးတခုနှင့်အရိုးဂူ၂-ခုရှိ၏။ မူဆလင်တို့သည် ယင်းဗလီကြီးနှင့် အရိုးဂူတို့ကို 'ဝိကြမသီလကျောင်းတော်ကြီး'မှ ဖျက်ယူရရှိတဲ့ အုတ်ကျောက်တို့ဖြင့် ဆောက်လုပ်ခဲ့ကြောင်းကို ကျောက်စာပါနေသည့်ကျောက်ပြားများစွာ ယင်းဗလီ၌ရှိနေခြင်းက သက်သေခံနေ၏။

(၃)ထို့နောက် **'ဒေဝပါလမင်း'**နန်းတက်ခဲ့၏။ ဤမင်းလက်ထက်၌ **'ဟူဏ'လူမျိုးတို့၏**နိုင်ငံနှင့် **အာသန်,ဩရိဿ**နိုင်ငံတို့ကို အောင်မြင်စွာတိုက်ခိုက်-သိမ်းပိုက်နိုင်ခဲ့၏။ ဤခေတ်တွင် 'ဂျာဝါ'နှင့်'သုမတြာ'ကျွန်းဘုရင် 'ဗလပုတြဒေဝ'သည် သံတမန်တဦးကိုစေလွှတ်၍၊ နာလန္ဒာတက္ကသိုလ်ကြီး၏ဥပစာထဲ၌ ကျောင်းတော်ကြီးတဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့လေ၏။

(၄)ထို့နောက် **'မဟီပါလမင်း'**နန်းတက်လေ၏။ ထိုမင်းလက်ထက်၌ ပါလနိုင်ငံကြီးမှာ တဖြေးဖြေးဆုတ်ယုတ်လာလေ၏။ မဟီပါလသည် 'ပထမ-ပါလမင်းဆက်' ကိုဖျက်သိမ်း၍ **'ဒုတိယ-ပါလမင်းဆက်'**ကို တည်ထောင်လေ၏။ ဤမင်းလက်ထက်၌ တောင်ပိုင်းအိန္ဒိယပြည်မှ 'စောလမင်း'တို့က (ပါလ)နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရာ၌ 'ဩရိဿ'နယ်ကို ပေးအပ်လိုက်ရလေ၏။ မဟီပါလမင်းသည် **မဟာယာန်သာသနာ**ကို အထူးကြည်ညိုသောကြောင့် တိဗက်ပြည်သို့ မဟာယာန်ရဟန်းတော်များကို သာသနာပြုစေလွှတ်ပြန်လေ၏။ ထိုခေတ်က ဘင်္ဂလားပြည်မြောက်ပိုင်း **'ဒိနာစပူရ်'**ဒိစတြိတ်၊ 'မဟာပူရိ'ခေါ်သည့်အရပ်ရှိ **'မဟီပါလဒီဃီ'**ခေါ်သည့် ကျောင်းတော်ကြီးမှာ အလွန်စည်ပင်နေလေ၏။

www.burmeseclassic.com

မဟီပါလမင်းနတ်ရွာစံသော် 'ဝိဂြဟ-ပါလမင်း, ဒုတိယမဟီပါလမင်း,ရာမပါလမင်း,ရာဇပါလမင်း'-ဟူသောမင်း၄-ပါးတို့ ဆက်လက်စိုးစံပြီးနောက်၊ ခရစ်၉၀၀-ခန့်၌ မင်းဆက်ပြတ်သုဉ်းသွားလေ၏။ ဒုတိယပါလမင်းဆက်ဝင် မင်းတို့သည်လည်း (မဟာယာန)ဗုဒ္ဓဘာသာအယူရှိကြသဖြင့်၊ ဘင်္ဂလားပြည်မှ ဇာရာဇာသီမြို့အထိ သာသနာတော်ထွန်းပလျက်ပင် ရှိ၏။ မဟာယာန်ဘုန်းကြီးများရေးသည့် ကျမ်းတို့လည်း ဤခေတ်၌ များစွာပေါ်ထွန်းခဲ့လေ၏။

**သေနမင်းများ။** ။ပါလမင်းများနောက်တွင် 'သေနမင်း'တို့သည် အိန္ဒိယပြည်သို့ မူဆလင်တို့ ဝင်ရောက်တိုက်ခိုက်အောင်မြင်သည့် ခရစ်နှစ်၁၂-ရာစုအထိ စိုးစံခဲ့ကြ၏-ဟု ဆိုငြားသော်လည်း၊ ရှေးမင်းများကဲ့သို့ ဘုန်းတန်ခိုးမရှိတော့ပြီ။ စော်ဘွားများအဖြစ်ဖြင့်သာ နယ်ပယ်အနည်းငယ်မျှကို အုပ်ချုပ်ရလေ၏။ အိန္ဒိယပြည်၌ မင်းကောင်းမင်းမြတ်များ မရှိတော့ပြီ။ အိန္ဒိယရာဇဝင်တခု၌ရေးထားသည်မှာ--'ဂုတ္တမင်းတို့'လက်ထက်၌ ဗုဒ္ဓသာသနာတော်သည် မူလဖြစ်ရာနိုင်ငံတော်မှ ရှေးဦးစွာ ကွယ်ပခဲ့ရ၏။ သို့သော် ဘင်္ဂလားပြည်၏နောက်ဆုံးမင်းများဖြစ်သည့် 'ပါလမင်း'တို့သည် ဗုဒ္ဓဘာသာကို ကူညီထောက်ပံ့ခဲ့ကြ၏။ သေနမင်းတို့လက်ထက်၌ကား အထောက်အပံ့ မရရှိတော့သဖြင့် ဆောလျင်စွာ ကွယ်စပြုလေပြီ။ နောက်ဆုံးဝင်ရောက်တိုက်ခိုက်တဲ့ မူဆလင်တို့က ဗုဒ္ဓဘာသာဝင်အားလုံးကို ဘီဟာနယ်မှမောင်းထုတ်ပစ်ခဲ့ကြ၏။ ရာဇဝင်တခု၌ရေးထားသည်မှာ-'ဗုဒ္ဓသာသနာကွယ်ပျောက်ရခြင်း၏ အဓိကအကြောင်းရင်းများ'မှာ-ရဟန်းတော်များ ဝိနည်းဖောက်ဖျက်-အကျင့်ပျက်ခြင်း, အချင်းချင်းခိုက် ရန်ဖြစ်ခြင်း, မူဆလင်တို့က ဝင်ရောက်တိုက်ခိုက်-သတ်ဖြတ်ခြင်းတို့ကြောင့် ဖြစ်ပေသည်။

---

www.burmeseclassic.com

www.burmeseclassic.com


## ၁၆။ ။ဟိန္ဒူဝါဒီတို့က ဗုဒ္ဓဝါဒီတို့ကို နှိမ်နင်းခြင်း

'ပုရှမိတြ, သမုဒြဂုပ္တ, သာသင်္ကာ'-စသည့်(ဟိန္ဒူ)မင်းတို့သည် ဗုဒ္ဓသာသနာတော်ကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးခဲ့ကြ၏-ဟုဆိုငြားသော်လည်း သာသနာတော်ကား လုံးဝပျောက်ကွယ်မသွားသေး၊ မှေးမှိန်တလှည့် တောက်ပတခါ-ဆိုသလိုဖြစ်ပြီး၊ ဟိန္ဒူမင်းတို့လက်ထက်၌ ဟိန္ဒူဘာသာ ထွန်းလင်းတောက်ပြောင်၍၊ ဗုဒ္ဓဘာသာမှာ မှေးမှိန်ခဲ့လေ၏။ ဗုဒ္ဓဘာသာမင်းတို့၏လက်ထက်ရောက်ပြန်လျှင် ဗုဒ္ဓသာသနာတော်မှာ တောက်ပြောင်၍ ဟိန္ဒူဘာသာမှာ မှေးမှိန်ခဲ့ရလေ၏။ ဤသို့အားဖြင့် ဗုဒ္ဓဘာသာ၏အခြေအနေမှာ ဘုရင်၏အယူဝါဒအပေါ်၌မူတည်ပေ၏။ ခရစ်နှစ် ၇၅၀-ခုလောက်က 'ကုမာရိလဘဋ္ဋ'အမျိုးပြသည့်ဗြာဟ္မဏပုဏ္ဏားတို့သည် ဟိန္ဒူဝါဒကို စင်ပြိုင်တည်ထောင်ကြလေ၏။ ခရစ်၇၈၈-ခု၌မွေးဖွားသော ပုဏ္ဏားမျိုးအဘိဓမ္မာဆရာကြီး 'သင်္ကရာစာရယ'(ဆံကြာကျာရယ)ကလည်း 'သနန္တနဝါဒ'(ကမ္ဘာဦးဝါဒ)ကို ပြန်လည်ထူထောင်လေ၏။ ယင်းသို့တည်ထောင်၍ ဗုဒ္ဓသာသနာကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးလေ၏။ ထိုပုဏ္ဏား ၂-ဦးကြောင့် ဘင်္ဂလားပြည်ရှိ 'မဟာဝိဟာရ'ကျောင်းတော်ကြီးနှင့် ယင်းကျောင်းတော်ကြီးထဲ၌ နေထိုင်ကြသည့်သံဃာတော်တို့ ပျက်စီးခဲ့ကြရလေ၏။

'သင်္ကရာစာရယ'သည် 'သနန္တနဝါဒ=ကမ္ဘာဦးဝါဒ'ကိုတည်ထောင်၍၊ ဗုဒ္ဓဘာသာရဟန်းတို့ကို 'မတရားလက်နက်,ဓားလက်နက်,စကားလက်နက်'-ဟူသောလက်နက်၃-မျိုးဖြင့် နှိမ်နင်းပြီးလျှင်၊ အိန္ဒိယပြည်အလယ်ပိုင်းနှင့်တောင်ပိုင်းရှိ ဗုဒ္ဓသာသနာကို စတင်ဖျက်ဆီးလေ၏။ ထိုအချိန်၌ အိန္ဒိယပြည်-အလယ်ပိုင်းနှင့်တောင်ပိုင်းတို့ 'စောလမင်း'တို့အုပ်စိုး၍၊ ဘင်္ဂလားပြည်ကို 'သေနမင်း'တို့အုပ်ချုပ်ကြ၏။ ထိုမင်းတို့သည် ဟိန္ဒူဘာသာဝင်များဖြစ်၍ 'သင်္ကရာစာရယ'ကို (ရာမ-စသည်တို့ကဲ့သို့)'ဣသ

www.burmeseclassic.com

ရခိုင်ထာဝရဘုရား၏ 'အဝတာရ'(ဝင်စားသူ)တဦး-ဟုယုံကြည်ကြ၏။ ဗုဒ္ဓဘာသာကိုဖျက်ဆီးပုံကား-'သင်္ကရာစာရယ'သည် အိန္ဒိယပြည်တောင်ပိုင်း၌နေကြသည့်ရဟန်းတို့အား 'ဝါဒပြိုင်ပွဲ'သို့ တက်ရောက်ရမည်၊ မတက်ရောက်သည့်ရဟန်းများကိုသတ်မည်-ဟု 'ရာဇေန္ဒြ-စောလမင်း'၏အမိန့်ဖြင့် ဖိတ်ခေါ်သဖြင့် (ထိုအချိန်၌ သာသနာကိုထောက်ပံ့မည့်မင်း၏ အကူအညီကိုမရရှိသဖြင့် ပရိယတ္တိစာပေကို ကောင်းစွာမသင်ယူခဲ့ရသည့်)ရဟန်းတော်တို့သည် ကြောက်ကြောက်လန့်လန့်ဖြင့် ထိုဝါဒပြိုင်ပွဲသို့ တက်ရောက်ခဲ့ကြရ၏။ 'သင်္ကရာစာရယ'သည်ကား ဟိန္ဒူနှင့်ဗုဒ္ဓဘာသာကျမ်းအစောင်စောင်တို့ကို နှံ့စပ်စွာတတ်ကျွမ်းသူဖြစ်ပြီး၊ စကားအရာ၌လည်း ကြွယ်ဝလှ၏။ 'သင်္ကရာစာရယ'နှင့်'ရဟန်းတော်တို့'၏သဘောတူချက်မှာ-"ငါတို့၏ဟိန္ဒူတရားတော်သည် ဗုဒ္ဓတရားတော်လောက် အဆီအနှစ်နှင့်မပြည့်စုံငြားအံ့၊ ငါတို့သည် ဗုဒ္ဓဝါဒကို ခံယူကြမည်။ သင်တို့၏ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာလောက် အခြေအမြစ်မရှိငြားအံ့၊ သင်တို့အားလုံး ဟိန္ဒူဝါဒကို လက်ခံရမည်"-ဟုဆိုလေရာ၊ ရဟန်းတို့မှာ မင်းဒဏ်ကိုကြောက်၍ သဘောတူလိုက်ကြရ၏။ ဝါဒပြိုင်ကြရာ၌ ရဟန်းတော်တို့ ရှုံးကြသဖြင့်၊ ကတိအတိုင်း ၎င်းတို့ကို ဟိန္ဒူဘာသာသို့ဝင်စေ၍၊ ငြင်းဆန်သည့်ရဟန်းတို့ကို 'သင်္ကရာစာရယ'က အသင့်စုထားသည့်ဟိန္ဒူတို့ဖြင့် ဖမ်းစေပြီး၊ ပွက်ပွက် ဆူနေသည့်ထောပတ်အိုးကြီးထဲသို့ အရှင်လတ်လတ် ထည့်သတ်ကြသဖြင့်၊ ရဟန်းများစွာ သေကြရ၏။ ဤနည်းဖြင့် တခြားနေရာများစွာတို့၌လည်း ရဟန်းတို့ကိုဖျက်ဆီးလေ၏။ 'သနန္တန-ဝါဒ'ကို ဟောကြားသဖြင့်လည်း ဗုဒ္ဓဘာသာဝင်များစွာတို့ကို ဟိန္ဒူဘာသာသို့ ဝင်ရောက်စေလေ၏။ ယင်းသို့'သင်္ကရာစာရယ'က ဖျက်ဆီးပြီးနောက် မည်သည့်ဗုဒ္ဓဘာသာ-သာသနာပြုမင်းမှလည်း နန်းမတက်တော့သည့်အပြင် ဝင်ရောက်တိုက်ခိုက်လာသည့် မူဆလင်တို့၏ 'ဓား-မီးလက်နက်'တို့ဖြင့်သာ ဗုဒ္ဓသာသနာမှာ နိဂုံးချုပ်သွားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာ'-ဆိုတာ အမည်မျှသာကွဲလွဲ၍၊ သဘောတရားမှာ အတူတူပါပဲ-စသည်ဖြင့် အမြဲဝါဒဖြန့်လေ့ရှိကြသည့်ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာကို ရက်ရက်စက်စက် ဖျက်ဆီးခဲ့ကြလေ၏။ ယခုခေတ်ဟိန္ဒူများစွာတို့ကား ဗုဒ္ဓရုပ်ပွားတော်ကို ထာဝရ၏နဝမမြောက် 'အဝတာရ'(မဟ္ဒူတ-အဖြစ်ဝင်စားသူ)အနေဖြင့်သာ ရှိခိုးကြခြင်းဖြစ်၏။ ဟိန္ဒူနှင့်ဗုဒ္ဓဝါဒ၏အဓိကခြားနားချက်ကား-"ဟိန္ဒူတို့သည်(ဗြဟ္မာ, ဗိသဏိုး-ဟူသော)ထာဝရဘုရားကို ယုံကြည်၍၊ ဗုဒ္ဓဘာသာတို့ကား ထာဝရဘုရားကို လုံးဝမယုံကြည်ခြင်းပင် ဖြစ်၏။" ဟိန္ဒူတို့ ယုံကြည်သည့် 'ဣသရ' ခေါ် ထာဝရဘုရား-ဆိုသည်ကား 'တောတောင်ရေမြေသမုဒ္ဒရာနှင့်သက်ရှိ-သက်မဲ့ဟူသမျှကို ဖန်ဆင်းပေးသည့် ထာဝရဘုရား'ဖြစ်၍၊ ၎င်းဘုရားမှ စေလွှတ်လိုက်သော 'အဝတာရ'သည် ၉-ပါးရှိရာ ဂေါတမဗုဒ္ဓကား နဝမမြောက် 'အဝတာရ' ဖြစ်၏-ဟူ၍ ပုရာဏ်ကျမ်းများထဲ၌ (ဗုဒ္ဓတို့နှိမ့်ချ၍)ရေးသားထား၏။ 'အဝတာရ'၏ အဓိပ္ပါယ်မှာ-"လောကကြီး၌ သမ္မာဝါဒီတရားများ ကွယ်ပပြီး၊ မိစ္ဆာဝါဒီတို့၏ပါပတရားများ လွှမ်းမိုးနေသည့်အခါမှာ 'ဣသရ'ခေါ် 'ထာဝရဘုရား'သည် လောကသားတို့အား အမှန်တရား-ဟူသောတရားရေအေး အမြိုက်ဆေးကိုတိုက်ကျွေးရန် စေလွှတ်လိုက်သည့် 'မဟ္ဒူတ-တရားတမန်တော်'ကို အဝတာရ"-ဟု ဟိန္ဒူတို့က ခေါ်ဆိုသည်။

ဟိန္ဒူတို့သည် 'မည်သို့ပင် ဗုဒ္ဓဘုရား၌ ယုံကြည်သည်-ဆိုငြားလည်း၊ သူတို့သည် ကျွန်ုပ်တို့ကဲ့သို့ ရိုသေကြခြင်းမဟုတ်၊ နဝမမြောက်'အဝတာရ'အနေဖြင့်သာ ရှိခိုးပြီး၊ 'ရာမ,ရှိဝ,ဗိသဏိုး'-စသည် ဟိန္ဒူ(နတ်)ဘုရားများလောက် ယုံကြည်လေးစားခြင်းမရှိကြချေ။ သာဓကအဖြစ်ပြောရလျှင်-"ဟိန္ဒူဘုရားကျောင်းများ၌ 'အဝတာရ ၉-ပါး'တို့တွင် ဂေါတမဗုဒ္ဓရုပ်ပွားတော်မှတပါး၊ အဝတာရအားလုံးတို့၏ ရုပ်ပွားများသာ ရှိပြီး၊ ဂေါတမရုပ်ပွားတော်မှာ မည်သည့်ဟိန္ဒူဘုရားကျောင်း(မန္ဒိရ)မှာမှ မတွေ့မြင်ရချေ"။

www.burmeseclassic.com


## ၁၇။ ။အိန္ဒိယပြည်နှင့် မူဆလင်ဘာသာ

**ဟဂျရတ်-မူဟမ္မက်။** ။ခရစ်နှစ်၅၇၀-မတိုင်မီက အာရှတိုက်အနောက်ပိုင်း၌ တည်ရှိသည့် အာရပ်နိုင်ငံမှာ ယခုအခါကဲ့သို့ **'အစ္စလာမ်'**ဘာသာမထွန်းကားခဲ့သေးချေ။ ထိုနိုင်ငံ၌ ကျယ်ပြန့်သည့်သဲကန္တာရကြီးများ ရှိခြင်းကြောင့်၊ ကောက်ပဲသီးနှံ မဖြစ်ထွန်းနိုင်၍၊ ပြည်သူတို့သည် အများအားဖြင့် ဆင်းရဲမွဲတေကြရ၏။ ဘာသာအားဖြင့် အချို့က သစ်ပင်ကိုရှင်း, အချို့က အုတ်ကျောက်တို့ကိုရှင်း-စသည်အမျိုးမျိုးကိုးကွယ်ခဲ့ကြ၏။ သူတို့သည် အချင်းချင်းလုယက်ခြင်း, သတ်ဖြတ်ခြင်း-စသည့်မကောင်းမှု-ဒုစရိုက်တွေကို ပြုလေ့ရှိခဲ့ကြ၏။ ဤသို့ဖြစ်နေစဉ် **ခရစ်နှစ်၅၇၀-**ခုနှစ်၌ **'ဟဂျရတ်-မူဟမ္မက်'**ကို 'ကောရေစ်'အမည်ရှိသူဆင်းရဲမျိုး၌ မွေးဖွားခဲ့၏။ သူသည် ငယ်စဉ်က တကိုယ်တည်းဆိတ်ငြိမ်စွာ နေထိုင်လေ့ရှိ၏။ အရွယ်ရောက်သော် **'မက္ကာမြို့'**၌ရှိသော 'ဟေရာ'အမည်ရှိ တောင်ကြီး၏လိုဏ်ဂူထဲ၌ တကိုယ်တည်း တရားအားထုတ်လေရာ၊ ဉာဏ်အလင်းရောင်ကို ရရှိခဲ့သည်-ဆို၏။ **အသက်၄၀-**၌ သူသည် တိုင်းပြည်တွင် လှည့်လည်၍ တရားဟောသည်ကား-**"အလ္လာ**ကပေးသနားသည့် **'ကိုရန်'**(ကုရန်)ခေါ် ကျမ်းစာအုပ်သည်ရှိ၏။ အလ္လာအရှင်မြတ်နှုတ်ခပတ်ဖြစ်သည့် ဤ'ကိုရမ်'ကျမ်းစာ၌ ပါရှိသည့်အတိုင်းသာ ကျင့်ကြံအားထုတ်ကြလော့။(သင်တို့သည် 'အလ္လာသခင်'ကိုသာ ဝတ်ပြုကြလော့)သင်တို့မှာ အလ္လာမှတပါး ဝတ်ပြုစရာမရှိ၊တနေ့ ၅-ကြိမ်ရှိခိုးကြလော့။ ထိုသို့ရှိခိုးသော် အလ္လာသည် သင်တို့၏လိုအင်ဆန္ဒကို ပြီးစေလတ့်"-ဟူ၏။ ယင်းသို့ဟောကြားငြားသော်လည်း အာရပ်လူမျိုးတို့သည် သူ၏နောက်သို့ မလိုက်ခဲ့ကြချေ။ သူ၏မယားတဦးသာလျှင် ပွဲဦးထွက် အစ္စလာမ်ဘာသာထဲသို့ ဝင်လာခဲ့၏။ အချို့က သူ၏အသက်ကိုပင် သေကြောင်းကြံကြလေရာ မူဟမ္မက်သည် မက္ကာမြို့မှ**'မေဒိနာမြို့'**သို့ ထွက်ပြေးခဲ့ရ၏။ သူသည် ထိုမြို့၌ တပည့်လက်သား

www.burmeseclassic.com

www.burmeseclassic.com

များကို စုဆောင်းပြီး၊ အာရပ်ပြည်အနှံ့အပြား လိုက်လံတရားဟောခိုင်းလေ၏။ မကြာမီပင် အာရပ်ပြည်ကြီးတခုလုံး အစ္စလာမ်တရား၏အလိုသို့ လိုက်ပါသွားခဲ့လေ၏။ ခရစ်နှစ်၆၃၂-ခုနှစ် 'ဟဂျရတ်-မူဟမ္မက်'သည် မေဒိနာမြို့၌ ကွယ်လွန်ခဲ့လေ၏ (ဝါ) အလ္လာသခင်၏အာဏာတော်ကို နာခံသွားရလေ၏။

အစ္စလာမ်-အင်ပါယာ။ ။ထိုအခါက အာရပ်လူမျိုးတို့၏အဓိကအလုပ်ကြီးကား 'အစ္စလာမ်-အင်ပါယာ'ကို ချဲ့ထွင်ရန်ပင်ဖြစ်၏။ သူတို့သည် အစ္စလာမ်တရား၏ မျိုးစေ့များကို တကမ္ဘာလုံးပေါ်၌တင်၍ စိုက်ပျိုးလိုသဖြင့်၊ ထက်ဝန်းကျင်နိုင်ငံများသို့ တညီတညွတ်တည်း ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ပြီးနောက်၊ နှစ်၁၀၀-မျှကြာသော် မြောက်အာဖရိကတိုက်ရှိ-'အီရတ်,အီရန်,အီဂျစ်,ပါလက်စတိုင်း,တူရကီ,ဆစ်ဗရီးယား'-စသည့်နိုင်ငံတို့သည် အစ္စလာမ်တရား၏လွှမ်းမိုးခြင်းကို ခံခဲ့ရလေ၏။

အိန္ဒိယပြည်၌ ခရစ်နှစ်၇၀၀-ခုလောက်ကစပြီး၊ တပြည်လုံးကိုအုပ်ချုပ်မင်းလုပ်နိုင်သည့် မင်းကြီးမျိုး မရှိတော့ပြီ။ တမြို့-တနယ်-တပြည်တမင်း ဆိုသလိုဖြစ်ပြီး၊ အမျိုးမျိုးကွဲပြဲလျက်ရှိ၏။ ထိုသို့ဖရိုဖရဲ ပြိုကွဲနေစဉ်မှာ-(၁)အာရပ်ပြည်သား'ဟာဂျာဇ်'မည်သော မူဆလင်စစ်ဗိုလ်ကြီးသည် ခရစ်နှစ်၈-ရာစုကုန်ခါနီးတွင် 'သိန္ဓု'ဘုရင်ကို တိုက်ခိုက်ရာ၊ စစ်ရှုံး၍ ထွက်ပြေးခဲ့၏။ (၂)နောက်တဖန်-'မိုဟာမက်-ဘိန်ကာစင်'မည်သောအာရပ်လူငယ်စစ်ဗိုလ်တဦးသည် 'သိန္ဓုနယ်'ကို ၃-နှစ်တိုင်ထပ်မံ၍ဝင်ရောက်တိုက်ခိုက်ရာ၊ သိန္ဓုပြည်ဘုရင်(ဒါဟိရ်)ကျသွားခဲ့သဖြင့်၊ သိန္ဓုနယ်သည် မူဆလင်လက်အောက်ခံ ဖြစ်သွားခဲ့လေ၏။ (၃)ခရစ်နှစ်၁၀-ရာစုအလယ်လောက်တွင် 'ဆဗုတ္တဂိန်'အမည်ရှိသော အာဖဂန်နစ္စတန်ပြည်သား-ဂဇ္ဇနီမြို့စော်ဘွား မူဆလင်ဘာသာဝင်သည် 'ပန်ဂျပ်ပြည်နယ်'သို့ ဝင်ရောက်တိုက်ခိုက်ရာ၊ စစ်ရှုံး၍ အာဖဂန်ပြည်သို့ ပြန်ဆုတ်ပြေးရလေ၏။ သူသည် နောက်များမကြာမီ 'သိန္ဓုနယ်'သို့ဝင်ရောက်

www.burmeseclassic.com

တိုက်ခိုက်ရာ၊ **စစ်ရှုံး၍ ပြန်ပြေးခဲ့ရပြန်၏**။ (၄)'ဆဗုတ္တဂန်'အနီစွရောက်သော်၊ **သူ၏** ဒုတိယသား'**စူလတန်-မူဟာမက်**'သည် 'ဂဇနီမြို့'ကို သိမ်းပိုက်အုပ်ချုပ် မင်းလုပ်လေသော်၊ "အိန္ဒိယပြည်ရှိ မြို့ကြီးများ၌ ရွှေငွေရတနာတွေ ပေါများပုံနှင့် ကျောင်းဘုရားစေတီတို့၌ ရွှေငွေရတနာများစွာရှိကြောင်း" ကြားသိရ၍၊ သူ့ဘခင်နည်းတူ 'ပန်ဂျပ်ပြည်'ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လေ၏။

(၅)ခရစ်နှစ်၁၁၉၁-ခု၌ '**မူဟာမွက်-ဂေါရီ**'အမည်ရှိ အာဖဂန်စစ်ဗိုလ်ကြီးသည် အိန္ဒိယပြည်ထဲသို့ ဝင်ရောက်တိုက်ခိုက်ရာ၊ ၃-ပုံ၂-ပုံခန့်လောက်သောနယ်ပယ်များကို သိမ်းပိုက်နိုင်ခဲ့လေ၏။ ထိုစဉ်က 'ဒေလီမြို့'ကို အုပ်စိုးနေသည့် **(ပထဝီရာဇ) မင်းနှင့်** ဗာရာဏသီအပါအဝင် 'ကာနောဇ်'**(ကာသိကရာဇ်တိုင်း)**ကို အုပ်ချုပ်နေသည့်**(ဇယစန္ဒရ)**မင်း၊ ဤမင်း၂-ပါးတို့ အချင်းချင်းမသင့်မြတ်၍ တိုက်ခိုက်နေစဉ်မှာ-**'ဂေါရီ'**သည် စစ်သည်အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ရာ၊ ပထဝီရာဇမင်းကျဆုံးလေ၏။ (၆)မူဟာမွက်-ဂေါရီနှင့် သူ၏ဗိုလ်မှူးကြီး၂-ဦး(**ကုတ်ဘွဒ္ဒိန်နှင့်ဘတ်တီယာ-ခိလဂျီ**)တို့သည် 'ယူပီနယ်'သို့ ဝင်ရောက်လာပြီး၊ **ဗာရာဏသီပြည်ကိုဝင်**ရောက်၍ ကြောက်မက်ဖွယ်စစ်ပွဲကြီးကို ဆင်နွှဲရာ၊ ဗာရာဏသီမင်း(ဇယစန္ဒြ)ကျဆုံးလေ၏။ ယူပီနယ်အလယ်ပိုင်းသို့အထိ တောက်လျှောက်ဝင်ရောက်သိမ်းပိုက်လေရာ၊ စစ်လမ်းကျရာတလျှောက်လုံးရှိ ဗုဒ္ဓဘာသာကျောင်းကန်များနှင့် ဟိန္ဒူကျောင်းကန်များကိုဖျက်ဆီးခြင်း, ရဟန်း-ပုဏ္ဏားတို့ကို ရက်စက်စွာသတ်ဖြတ်ခြင်း, အပျိုချောကလေးများကို အဓမ္မစော်ကား-သိမ်းယူခြင်းစသည်တို့ကို ပြုကြလေ၏။ ထို့နောက်ကြွယ်ဝလှသည့် ဗာရာဏသီမြို့တွင်းသို့ တဟုန်တည်းဝင်ရောက်လာပြီး၊ ကြီးကျယ်လှသည့်ဘုရားရှိခိုးကျောင်းကြီးများကို ဖျက်ဆီး၍၊ ရဟန်း-ပုဏ္ဏားတို့ကို ရက်စက်စွာသတ်ဖြတ်လေ၏။ ဗာရာဏသီတမြို့လုံး ၁၅-ရက်တိုင် မီးဟုန်းဟုန်းတောက်ခဲ့လေ၏။ ကုဋေကုဋာမကသောဘဏ္ဍာများကိုလည်း လုယက်ယူသွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် '**မိဂဒါဝုန်**'သို့ ချီတက်သွားပြီး၊ များလှစွာသော ကျောင်းကန်စေတီပုထိုးများ, ဘုရားရုပ်ပွားတော်,ဘုရားအလောင်းရုပ်ပွားတော်,နတ်သမီးရုပ်များကို ချိုးဖွဲ့ဖျက်ဆီး မီးရှို့ကြပြီး၊ ရဟန်းပေါင်း-၁၆၀၀-တို့ကိုလည်း သတ်ဖြတ်ကြလေ၏။ မိဂဒါဝုန်တောကို 'သာရနာထ=ဆာရ်နာသ်'-ဟုခေါ်ပြီး၊ ယင်းအရပ်၌ ထိုစဉ်က ကျောင်း-၄၅,စေတီကြီးငယ်၅၂-ဆူ,ကမ္မဋ္ဌာန်းအားထုတ်ရာလိုဏ်ဂူပေါင်း၃၀-ခန့်ရှိ၏။ထို့နောက် ***ဗာရာဏသီမြို့**ရှိ များစွာသောစေတီပုထိုးများကို ဖျက်ဆီး၍၊ ၎င်းနေရာတို့၌ 'ဗလီ' ကျောင်းများကို ဆောက်လုပ်ကြလေ၏။ တိုက်ခိုက်လုယက်၍ရသည့်ပစ္စည်းများကို ကုလားအုပ်ပေါင်း-၁၄၀၀-နှင့် သယ်ဆောင်သွားကြလေ၏။ ***မိဂဒါဝုန်တောအရပ်**၌ (ဓမ္မစကြာတရားကို မဟောကြားမီ ဘုရားရှင်အား ပဉ္စဝဂ္ဂီတို့က ဦးစွာဆီးကြိုရာနေရာ၌ တည်ထားသော)**ကျောက်ခန္တီစေတီ**ကြီးသည် မူဆလင်တို့ဖျက်ဆီး၍ လုံးဝပျက်စီးသွားခဲ့ပေ၏။*ယင်းစေတီ၏မြောက်ဘက်ရှိ '**ကစ်တိုးကျောင်းတော်ကြီး**' သည်လည်း မူဆလင်တို့ ဖျက်ဆီး-မီးရှို့ကြသဖြင့် လုံးဝပျက်စီးသွားခဲ့ရ၏။ *ကျောက်ခန္တီစေတီလောက်ပင် အလွန်ကြီးမားသော'**ဓမ္မရာဇိကစေတီကြီး**'သည်လည်း (၁၂-ရာစုခန့်က)မူဆလင်တို့ဖျက်ဆီး၍ လုံးဝပျက်စီးသွားခဲ့ရ၏။ ထိုစေတီကြီးအနီးရှိ ကျောက်ဖြင့် ဆောက်လုပ်ထား၍ ကမ္ဘာတည်သရွေ့ မပျက်နိုင်သော'**နန္ဒိယကျောင်းတော်ကြီး**'သည်လည်း မူဆလင်တို့ဖျက်ဆီး၍ ပျက်စီးခဲ့ရ၏။ *ကာသိကရာဇ်ပြည့်ရှင် ဂေါဝိန္ဒစန္ဒြမင်း၏မိဖုရားကြီးက (ခရစ်၁၁၃၆-ခုက)ဆောက်လုပ်လှူဒါန်းခဲ့သော '**ဓမ္မစကြဇိနဝိဟာရ**'ခေါ် ကျောင်းတော်ကြီးသည်လည်း မူဆလင်တို့ဖျက်ဆီး၍ (ခရစ်၁၁၉၄-ခုက)ပျက်စီးခဲ့ရပေ၏။*ယင်းကျောင်းတော်ကြီး၏ အရှေ့ဘက်၌ရှိသည့် အဖျက်ဆီးခံရသည့် ကျောင်းများစွာတို့၏ တောင်ဘက်အနီး၌ရှိသော '**ဝတ်ကျောင်းတော်ကြီး**'နှင့် အမြင့်-၁၀၄-ပေရှိ-ကျောက်ဖြင့်ဆောက်ထားသည့် '**ဓမ္မေခစေတီကြီး**' တို့လည်း မူဆလင်တို့ဖျက်ဆီး၍ ပျက်စီးခဲ့ကြရပေ၏။

www.burmeseclassic.com

www.burmeseclassic.com


## ၁၈။ ။မူဆလင်တို့ဖျက်ဆီးခဲ့သည့် အခြားနေရာများ

**ကုသိနာရုံ။** ။ဖျက်ဆီး-မီးရှို့ခံခဲ့ရသော **'ကုသိနာရုံဘုရားကျောင်းတော်ကြီး'** ၏ အောက်တံခါး၂-ဘက်တွင် အခေါင်းကြီး၂-ခုရှိရာ၊ ယင်းတို့အထဲ၌ ရှေးဟောင်း တံခါးများတွင် တပ်ဆင်ခဲ့သော ရှေးဟောင်းပုံစံ သံပတ္တာများနှင့် မီးသွေးအစအနများ အပြင်၊ မီးရှို့အသတ်ခံရသည့်ရဟန်းတို့၏အရိုးတွေများစွာနှင့် မီးလောင်ပစ္စည်းများကို လည်း တွေ့ရှိရ၏။ ဤသို့စသည် မူဆလင်တို့က မီး-စသည်လက်နက်တို့ဖြင့် (ခရစ်၁၁ ၉၇-က)ဖျက်ဆီးခဲ့သော **'ကုသိနာရုံကျောင်း'**-စသည့် ကျောင်းကန်စေတီများကိုတွေ့ ရှိရ၏။ မူဆလင်တို့က ဝါဝါမြင်သမျှ လိုက်သတ်ကြသဖြင့်၊ တချို့ရဟန်းများ ဘုရား ရှင်ပရိနိဗ္ဗာန်ပြုရာ ဂူကြီးထဲသို့ဝင်ပြေးကြသည်တွင် အပြင်ဘက်မှ တံခါးများကို မီးရှို့ ၍ သတ်ကြပြန်လေ၏။

**သာဝတ္ထိပြည်။** ။အလွန်ထင်ရှားခဲ့သည့် **ဇေတဝန်ကျောင်းတော်ကြီးနှင့် ပုဗ္ဗာရုံကျောင်းတော်ကြီး**-စသည်တို့ တည်ရှိရာ **'သာဝတ္ထိပြည်'**ကြီးသည် တဖြေး ဖြေးဆုတ်ယုတ်လာခဲ့ရာ၊ ခရစ်၃-ရာစု၌ အိမ်ခြေ၂၀၀-ခန့်သာ ကျန်ရှိခဲ့ပြီး၊ ၆-ရာစုအ တွင်း **'သာသင်္ကာမင်း'**လက်ထက်၌ လုံးဝပျက်စီးသွားရလေ၏။ ယခုအခါ မြို့၏အ ရှေ့ဘက်မျက်နှာကို အစိရဝတီမြစ်ရေက တိုက်စားသွားခဲ့လေ၏။ တူးဖေါ်ကြည့်သော် ပုဗ္ဗာရုံကျောင်းတော်ကြီးနှင့်တကွ ဂန္ဓကုဋိတိုက်၄-လုံး၊ ညောင်စောင်းကြီးတခု၊ အရှင် သာရိပုတ္တရာ၏ ဓာတ်တော်စေတီတဆူ၊ အာနန္ဒာဗောဓိပင်နှင့်ရေတွင်း-ရေကန်များ ပေါ်ထွက်လာခဲ့ကုန်၏။ ဤသာဝတ္ထိပြည်သည်လည်း မူဆလင်တို့ဖျက်ဆီးမှုမှ မလွတ် ခဲ့ချေ။

**ပါဋလိပုတ်ပြည်။** ။**'ဘတ်တီယာ-ခိလဂျီ'**အမျိုးရှိသောမူဆလင်မြင်းစီးစစ် သားတို့သည် **ခရစ်နှစ်၁၁၉၇**-ခု၌ မဂဓတိုင်း-ပါဋလိပုတ်မြို့တော်ကြီးကို ဝင်ရောက်

www.burmeseclassic.com


တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး၊ ရဟန်းများကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည့်အပြင်၊ ကျောင်းကန်စေတီပုထိုးများ,ရုပ်တုတော်များကို ဖျက်ဆီးပစ်ကြလေ၏။ မူဆလင်ဓားဘေးမှ လွတ်သွားခဲ့သည့်ရဟန်းတို့သည် 'တိဗက်,နီပေါလ်နှင့် အိန္ဒိယပြည်တောင်ပိုင်းသို့ ထွက်ပြေးသွားခဲ့ကြရသည်။ မြောက်ပိုင်းအိန္ဒိယ-'ဘီဟာ'ခေါ်'မဂဓ'နယ်နှင့် တက္ကူ၊ ပတ္တနာ(ပါဋလိပုတ်ပြည်)တို့သည် ထိုအခါမှစ၍၊ ခရစ်နှစ်၁၅၄၁-အထိ မူဆလင်တို့၏ လက်အောက်၌ရှိခဲ့ကြသည်။ ဘီဟာမြို့၏နေရာတကာတွင် မူဆလင်အရိုးဂူကြီးများ(နှင့်ကျောက်ဗလီကြီးတခု)ကို တွေ့ရှိရာ၊ ၎င်းတို့ကို ဗုဒ္ဓဘာသာ-ဟိန္ဒူဘာသာတို့၏ အဆောက်အဦပျက်တို့မှ ရယူသည့်အုတ်ကျောက်တို့ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်၏။

ရာဇဂြိုဟ်ပြည်။ ။(ဝေဘူလ,ဝေဘာရ, ဣသိဂိရိ,ပဏ္ဍဝ, ဂိဇ္ဈကုဋ်-ဟူသောတောင်၅-လုံးကာရံထား၍ ခံတပ်ကြီးသဖွယ်ဖြစ်သော၊ ဘုရားရှင်လက်ထက်က လူပေါင်းကုဋေချီ၍နေထိုင်ရာ)ရာဇဂြိုဟ်ပြည်ကြီးကို မူဆလင်တို့ အကြိမ်ကြိမ်ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး၊ ဝေဠုဝန်ကျောင်းတော်-စသည့်ဗုဒ္ဓဘာသာ အဆောက်အဦးမြောက်မြားစွာတို့ကိုဖျက်ဆီး၍၊ ယင်းတို့မှ အုတ်ကျောက်တို့ဖြင့် သူတို့၏အရိုးဂူများ,ဗလီများကိုဆောက်လုပ်ခဲ့ကြ၏။ အရှင်မဟာကဿပမထေရ် သီတင်းသုံးလေ့ရှိသည့် 'ပိပ္ပလိလိုဏ်ကြီး'အပေါ်၌လည်း မူဆလင်အရိုးဂူ ၅-လုံး ရှိသေး၏။ (နာလန္ဒာတက္ကသိုလ်အကြောင်း နောက်၌ သီးသန့်ပြထား၏။)

သင်္ကဿနဂိုရ်။ ။တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားပြီးနောက်၊ ဘုရားရှင်ပြန်ကြွ-ဆင်းသက်ခဲ့ရာ'သင်္ကဿနဂိုရ်'နေရာကို မဟာယာန်ဂိုဏ်းသားတို့က အမြတ်တနိုးစောင့်ရှောက်ခဲ့ကြ၏။ ယခု ဤနေရာ၌ အကြွင်းမရ-ပျက်စီးနေသည့်အဆောက်အဦများကို တွေ့မြင်ရ၏။ အနီးရှိ'ဗဆန္တပူရ်'ရွာသားတို့သည် ယင်း

www.burmeseclassic.com


အဆောက်အဦးပျက်တို့မှ အုတ်ကျောက်တို့ဖြင့် အိမ်များကို ဆောက်လုပ်ထားကြ၏။ ယခုအခါ ကျောက်တိုင်ကြီးတခု၊ကျောက်ရုပ်တခုနှင့်မြေကြီးထဲမှ အနည်းငယ်ပေါ်နေသည့်ကျောင်းပျက်များသာ ရှိတော့၏။ ရာဇဝင်၌ရေးထားသည်မှာ-'ခရစ်နှစ် ၁၁၈၃-ခုက 'ဇယစန္ဒြမင်း'သည် ပုဏ္ဏားတို့၏စကားကို နာယူပြီး၊ ဤနေရာရှိ အဆောက်အဦများကို ဖျက်ဆီးခဲ့သော်လည်း၊ လုံးဝပျက်စီးအောင် ဖျက်ဆီးသူတို့ကား မူဆလင်တို့သာ ဖြစ်၏'-ဟူ၏။

**ဆံချီ။** ။မဟာဝင်ကျမ်းထဲ၌ ဤနေရာကို **'စေတိယဂိရိ'**-ဟုခေါ်ထားပြီး၊ အဘယ့်ကြောင့် **'ဆံချီ'**အမည်သို့ပြောင်းသွားခဲ့သည်ကိုကား မသိရချေ။ အဂ္ဂသာဝက အရှင်မြတ်၂-ပါး၏ဓာတ်တော်များကို ဤနေရာသို့ ယူဆောင်၍၊ စေတီငယ်တခု၌ ဌာပနာခဲ့သည်-ဟု သိရ၏။ အသောကမင်းကြီးသည် ငယ်စဉ်က နေထိုင်ခဲ့ဘူးသော ဤနေရာ၌ များစွာသောကျောင်း-စေတီ-ကျောက်တိုင်-စသည်တို့ကို ဆောက်လုပ်ခဲ့၏။ ဤနေရာ၌ အသောကမင်းကြီးလက်ထက်က ဆောက်လုပ်ခဲ့သည့်စေတီကြီးများ၊ ဘုရားရှိခိုးကျောင်းများနှင့်တကွ၊ ပန်းချီပန်းပုဆရာကြီးတို့၏ ဆန်းကြယ်လှသည့်လက်ရာ-ပန်းကြိုးပန်းနွယ်များထုထားသည့် **ကျောက်ဂိတ်ပေါက်ကြီးများ**-ပါရှိလေ၏။ ကျောင်း-စသည့်အဆောက်အဦပျက်တို့သည် တောင်ကုန်းငယ်တခုပေါ်၌ ရုပ်လုံးပေါ်စွာ တည်ရှိနေ၏။ အဆောက်အဦအားလုံးကို ကျောက်တံတိုင်းကြီးဖြင့် ဝိုင်းပတ်ထားလျက်ရှိ၏။ ဤနေရာ-တောင်ပူစာကလေးအပေါ်၌ အသောကမင်းကြီးက စေတီမကြီးတဆူနှင့်ကျောက်လက်ရန်းများကို အရောင်တဖိတ်ဖိတ်တောက်နေသည့် 'ကျူနာ'ခေါ်ကျောက်များဖြင့် ဆောက်လုပ်လှူဒါန်းခဲ့လေ၏။ ဤစေတီမကြီးလောက်ကြီး-မြင့်သည့်စေတီ(အမှတ်၂)၌ အသောကမင်းကြီးလက်ထက်က ကမ္ဘာအရပ်ရပ်သို့သာသနာပြုကြွခဲ့ကြသည့် ရဟန္တာမထေရ်တို့၏(ကျောက်စာအရ သိရသည်)ဓာတ်

www.burmeseclassic.com

www.burmeseclassic.com


တော်များကို တူးဖေါ် ရရှိခဲ့၏။ ဤဆံချီဌာနၐ် စိုက်ထူထားသည့်ကျောက်တိုင် ၄-တိုင်တို့မှာ 'ဂုတ္တခေတ်လုပ်'ကျောက်တိုင်များဖြစ်၍ ခေတ်မီပြီး ကြွေရောင်တမျှ တောက်ပ၏။ အသောကမင်းကြီးစိုက်ထူထားခဲ့သည့် (၄၂-ပေရှိ)အဆင့်ဆင့်ဆက်မထားပဲ-တတုံးတည်းဖြစ်သည့်ကျောက်တိုင်ကြီးမှာ ၂-ပိုင်းကျိုးလျက်ရှိပြီး၊ တိုင်ထိပ်ပေါ်၌ပါရှိသည့်ခြင်္သေ့ရုပ်ကြီးကား ပြတိုက်၌ရှိ၏။ အရှေ့ဘက်မှာရှိသည့်ကျောက်တိုင်ကြီးကား 'သုင်္ဂခေတ်'ကျောက်တိုင်-ဟု ဆိုကြပြီး၊ ထိပ်၌ခေါင်းလောင်းပုံစံရှိ၍ တိရစ္ဆာန်ရုပ်များပါကာ ရှစ်မြှောက်သဏ္ဍာန်ရှိ၏။ အောက်ခံခုံကြီးကား ၆-မြှောက်ရှိ၏။ ထို့ပြင် ၂၂-ပေခွဲရှိ ကျောက်တိုင်နှင့်(အလုံးကြီးပြီး)၉-ပေသာရှိကျောက်တိုင်ရှိ၏။ ထိုမှတပါး များစွာသောကျောင်းတော်များနှင့် ဝတ်ကျောင်းများလည်းရှိ၏။ ။ဤဆံချီဌာနသည် ဗုဒ္ဓဘာသာဝင်တို့၏ စုရုံးဝတ်ပြုရာဌာနကြီးတခုအဖြစ် တည်ရှိခဲ့၏။ ဤ'ဆံချီဌာန'ကို 'ပုရှမိတြမင်း'နှင့် 'သက်ရာစာရယ'-တို့က ဖျက်ဆီး၍ အနည်းငယ်ပျက်စီးခဲ့ပြီးနောက်၊ ဟိန္ဒူဌာပနာဖေါက်သမားတို့က အထဲရှိ ရွှေငွေရတနာ-စသည့်ပစ္စည်းများကို ဖေါက်ထွင်းမှုကြောင့် လွန်စွာပျက်စီးခဲ့ရ၏။

---

## ၁၉။ ။နာလန္ဒတက္ကသိုလ်ကျောင်းတော်ကြီး

ဘုရားရှင်လက်ထက်တော်က 'နာလကရွာ'၊ ယခု'နာလန္ဒ'ခေါ်နေရာသည် ခရစ်နှစ်၁-ရာစုမှစ၍ ကမ္ဘာကျော်ဗုဒ္ဓတက္ကသိုလ်ကြီးတခုဖြစ်ခဲ့၏။ နာလန္ဒသည် ရာဇဂြိုဟ်မြို့မှ ၄-မိုင်ကွာဝေး၍၊ ပတ္တနာ(ပါဋလိပုတ်)မြို့မှ ၅၅-မိုင်ခန့်ကွာဝေး၏။ နာလန္ဒတက္ကသိုလ်ကြီး၌ (၁)ကျောင်းတော်ကြီးများ၏ရှေ့မျက်နှာ၌ စေတီကြီးများတန်းစီလျက်ရှိ၏။ (၂)ကျောင်းတော်ကြီးများနှင့်တက္ကသိုလ်အဆောက်အဦတို့သည် ကုန်းမြင့်ပေါ်၌ ညီညာစွာရှိနေ၏။ (၃)နာလန္ဒတက္ကသိုလ်မှ တူးဖေါ် ရရှိသမျှသော

www.burmeseclassic.com


ဝတ္ထုပစ္စည်းတို့ကို ပြတိုက်ကြီး၌ထိန်းသိမ်းထားရှိ၏။ တူးဖော်ကြည့်သောအခါ-နာလန္ဒ တက္ကသိုလ် ကြီးသည် စတုရန်းတမိုင်ခန့်ကျယ်ဝန်းပြီး၊ အပြင်ဘက်မှ ခိုင်ခန့်သည့်အုတ် တံတိုင်းကြီးများဖြင့် ကာရံထား၏။ ရှိနေသည့်အဆောက်အဦများမှာ စေတီတန်းကြီး နှင့် တဘက်မှာ ကျောင်းတော်ကြီးများစီတန်းလျက်ရှိနေ၏။ ၎င်းနေရာများ၏တဘက် ၌ကား ကောလိပ်ကျောင်းကြီးများနှင့် စတုဒိသာဇရပ်ကြီးများ ရှိ၏။ တချို့အဆောက် အဦတို့မှာ အထပ်များစွာရှိပြီး အလွန်မြင့်မားလှ၏။ အမှတ်(၁)ကျောင်းတော်ကြီး၏ ပတ်ဝန်းကျင်၌ တိုင်ကြီးများရှိ၏။ ဤကျောင်းတော်ကြီး၏အပေါ်ထပ်သို့ လှေခါးကြီး များဖြင့် တက်သွားရပြီး၊ အပေါ်ဆုံးထပ်မှကြည့်လျှင် ကျောင်းတော်အပျက်အစီးများ ၏အခြေအနေကို ကောင်းစွာမြင်ရ၏။ ဤကျောင်းတော်၏ဝန်းကျင်၌ စေတီကြီးငယ် ပေါင်း များစွာရှိ၏။ ၎င်းတို့တွင် 'ဂူဓွလက်ရာ'အဆောက်အဦတို့မှာ အလှပဆုံး အခိုင် ခန့်ဆုံး ဖြစ်၏။ ဤကျောင်းတော်ကြီး၏အရှေ့မြောက်ဘက်ရှိ သစ်သားလိုဏ်ဂူကြီး ထဲ၌ **'အဝလောကိတေဆွရ'**ခေါ် ဘုရားအလောင်း ရုပ်တုကြီးတခုရှိ၏။ ဤကျောင်း တော်ကြီး၌ ပထမကျောင်းအုပ်ဖြစ်ခဲ့သူ **မဟာယာန်ဘုန်းကြီး'နာဂဇုန'**၏ ရုပ်တု လည်း ရှိ၏။ ဤကျောင်းတော်ကြီးများ၏အရှေ့စူးစူး၌ အခန်း၉-ခန်းပါ ကျောင်းတော် ကြီးတဆောင် ရှိ၏။ ဤကျောင်းတော်ကြီး၏အပြင်ဝရံတာ၌ တန်းစီစိုက်ထူထားသည့် ကျောက်တိုင်ကြီးများ ရှိ၏။ ဤကျောင်းတော်ကြီးမှာ **မူဆလင်တို့၏မီးဒဏ်ကြောင့်** ပျက်စီးခဲ့ရသည့်အနေအထားတို့ကို တွေ့မြင်ရ၏။ ဤကျောင်းတော်ကြီးကို ခရစ်နှစ် (၈၁၅-၈၅၄)ခုနှစ် 'ပါလမင်းများ'လက်ထက်၌ ဂျားဝါးနှင့်သုမတြာကျွန်းရှင် ဘုရင်'ဗလ -ပုတြ'က သံတမန်တဦးစေလွှတ်၍ ဆောက်လုပ်လှူဒါန်းခဲ့၏။ ဤကျောင်းတော်ကြီး နှင့် ဆက်စပ်လျက် ခန်းမဆောင်ကြီးတခုရှိ၏။ ကျောင်း**အမှတ်'၄,၅,၆'**တို့ကို တခုနှင့် တခု အုတ်နံရံများဖြင့် ဆက်စပ်လျက်ဆောက်လုပ်ထား၏။ ယင်းကျောင်းများကို

www.burmeseclassic.com



**ခရစ်နှစ်၄၁၃-ခုနှစ်** ဂုပ္တမင်းများလက်ထက်က ဆောက်လုပ်ခဲ့၏။ ဤကျောင်းများ၏ အရှေ့မြောက်ဘက်၌ နေရာအမှတ် ၇-နှင့် ၂-တို့ရှိ၏။ ယင်းတို့၏အပြင်ဘက်၌ နိုင်ခန့်သည့်အုတ်နံရံကြီးများဖြင့် ကာရံထားပြီး၊ ထိုအုတ်နံရံပေါ်၌ စေတီငယ်ပေါင်း၂၁၀-ဆူခန့်ဆောက်လုပ်ထား၏။ **အမှတ်-၈,၉,၁၀,၁၁**-နေရာတို့ကား ပညာသင်ရာ အဆောင်ကြီးများသာ ဖြစ်၍၊ ကျောင်းသားပေါင်းတသောင်းခန့် ဆံ့မည်ဟု ခန့်မှန်းရ၏။ **အမှတ်၁**-အဆောက်အဦကား မီးရှို့၍ ခဏခဏအဖျက်ခံရပြီး၊ အဟောင်းပေါ်၌ အသစ်အသစ်များ ထပ်ဆောက်ခဲ့သည်-ဆို၏။ ဤတက္ကသိုလ်ကြီးကား **ခရစ်နှစ် ၁-ရာစုမှ**စ၍ မူဆလင်တို့ ဝင်ရောက်ဖျက်ဆီးသည့်၁၂-ရာစုအထိ ကမ္ဘာကျော် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့၏။ မင်းများ,သူဌေးများ အဆက်ဆက်တို့၏ကောင်းမှုများဖြစ်သည့် ကျောင်းစေတီပုထိုးတို့မှာ မရေမတွက်နိုင်အောင် များပြားလှ၏။

တရုပ်ဘုရားဖူး'ယန်ချောင်'၏ မှတ်တမ်းမှသိရသည်မှာ--**ခရစ်နှစ် ၆-ရာစုမှ**စ၍ ဗုဒ္ဓသာသနာသည် အိန္ဒိယပြည်၌ သိသိသာသာကြီးဆုတ်ယုတ်နေသော်လည်း၊ နာလန္ဒတက္ကသိုလ်ကြီးကား အလွန်စည်ကားလျက်ရှိသေး၏။ မင်းအဆက်ဆက်က ဤတက္ကသိုလ်ကြီး၏ပညာရေးကို အားပေးကူညီခဲ့သောကြောင့်ဖြစ်၏။ ဤတက္ကသိုလ်ကြီးအတွက် ရွာပေါင်းတရာမှကောက်ခံရရှိသည့်ဘဏ္ဍာငွေကို အသုံးပြုသည်-ဟူ၏။ ဤတက္ကသိုလ်ကြီးသည် '**ဗုဒ္ဓသာသနာ့တက္ကသိုလ်**'ဟုခေါ်ဆိုသော်လည်း၊ တခြားဘာသာတို့၏စာပေများကိုလည်း သင်ကြားပေး၏။ အချင်းချင်း ဆွေးနွေးတိုင်ပင်ခြင်း,, ပညာသင်ကြားခြင်းတို့ကို နေ့ရောညပါ ပြုလုပ်လေ၏။

အသောကမင်းကြီးသည် (တခြား ဗုဒ္ဓဆိုင်ရာဌာနများမှာကဲ့သို့) ဤကျောင်းပရဝုဏ်အတွင်း၌ ခမ်းနားကြီးကျယ်သည့် ကျောင်းတော်ကြီးတဆောင်နှင့် အရှင်သာရိပုတ္တရာစေတီတော်တဆူကို ဆောက်လုပ်လှူဒါန်းခဲ့၏။ ဤနာလန္ဒတက္ကသိုလ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com


မည်သည့်ခုနှစ်က ဆောက်လုပ်တည်ထောင်ခဲ့သည်-ဟု အတိအကျမပြောနိုင်သော်လည်း။ **ခရစ်နှစ်၁-ရာစုအစပိုင်းလောက်ကဖြစ်နိုင်၏။** အကြောင်းကား-ဤကျောင်းတော်ကြီးကို တက္ကသိုလ်အဖြစ်အသုံးပြုခဲ့သည်မှာ **ခရစ်နှစ် ၂-ရာစုအစပိုင်းလောက်**ကဖြစ်၍၊ မဟာယာန-ဗုဒ္ဓဘာသာဂိုဏ်းကိုတည်ထောင်သူ **'နာဂဇ္ဇုန'**က ပထမကျောင်းအုပ်ကြီး ဖြစ်ခဲ့၏-ဟုသိရသောကြောင့်ဖြစ်၏။ ဂုပ္တမင်းတို့သည် ဗုဒ္ဓဘာသာမဟုတ်ကြသော်လည်း၊ ဤတက္ကသိုလ်ကြီးကို ထောက်ပံ့ခဲ့ကြ၏။ တရုပ်ဘုရားဖူး **'ဟူဝေဆင်'**လာရောက်၍ ဤ၌ ၇-နှစ်တိုင်ပညာသင်ခဲ့ရာ **ခရစ်၇-ရာစု**၌ ဤတက္ကသိုလ်ကြီးကို**'သီလာဘဒ္ဒ'**အမည်ရှိ မဟာယာန်ဘုန်းကြီးက အုပ်ချုပ်ခဲ့လေ၏။ ဤတက္ကသိုလ်ကြီးကို **မဟာယာန်ဘုန်းကြီးများ အဆက်ဆက်က** အုပ်ချုပ်ခဲ့၏။ 'ဟူဝေဆင်' **နှင့်ဂရိတ်ကျောင်းသားပေါင်းများစွာ** လာရောက်ပညာသင်ခဲ့ကြသည်-ဟူ၏။ ရာဇဝင်ဆရာတို့က ဤတက္ကသိုလ်ကြီးကို **'ရှေးဟောင်းအောက္စ်ဖို့ဒ်တက္ကသိုလ်'**-ဟုပင် တင်စားခေါ်ဝေါ်ကြ၏။

အိန္ဒိယပြည်၌ နိုင်ငံရေးနှင့် အခြားအခြေအနေ အမျိုးမျိုးပြောင်းလဲခဲ့သည့် **ခရစ်နှစ်၈-ရာစုခန့်**၌ ဤတက္ကသိုလ်ကြီးသည် သိသိသာသာဆုတ်ယုတ်လာခဲ့၏။ ထိုအချိန်၌ပင် ဟိန္ဒူအဘိဓမ္မာဆရာကြီး'သင်္ကရာစာရယ'ကလည်း ဟိန္ဒူဘာသာကို အပြိုင်အဆိုင်တည်ထောင်၍ ဗုဒ္ဓဘာသာကို ဖျက်ဆီးခဲ့၏။ ဤတက္ကသိုလ်ကြီးနောက်ဆုံးပျက်စီးရခြင်းမှာ **မူဆလင်တို့ဝင်ရောက်** တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းကြောင့် ဖြစ်၏။ မဂဓတိုင်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သည့် 'ဘတ်တီယာ-ခိလဂျီ'-ဦးစီးတဲ့မူဆလင်တို့သည် ကျောင်းတော်များကို မီးရှို့ပစ်ပြီး၊ ရဟန်းတော်များကိုလည်း ရက်စက်စွာသတ်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com


## ၂၀။ ။'Taxila'ခေါ်=တက္ကသိုလ်ပြည်မြို့တော်ကြီး

ဗုဒ္ဓဘာသာကျမ်းဂန်များအရသိရသည်မှာ---တက္ကသိုလ်ပြည်ကြီးသည် ရှေးခေတ်အိန္ဒိယနိုင်ငံ၏တခုတည်းသော 'ပညာသင်ရာမြို့တော်ကြီး'ဖြစ်ပြီး၊ အနယ်နယ်အရပ်ရပ်မှ မင်းညီမင်းသား,သူဌေးသားစသည်တို့သွားရောက်ပညာသင်-ဘွဲ့ဒီဂရီများရယူရာတက္ကသိုလ်မြို့တော်ကြီးဖြစ်၏။ (ရှေးခေတ်အိန္ဒိယနိုင်ငံ၏ အောက္ခစ်ဖို့ဒ်တက္ကသိုလ်ကြီးဟုပင် တင်စားခေါ်ဝေါ်ထား၏။) တက္ကသိုလ်ပြည်ကြီးသည် အနောက်မြောက်နယ်ရှိ **'ရာဝါလာပင်ဒီမြို့'**နှင့် မိုင်၂၀-ဝေးပြီး၊ ဒေလီမြို့မှ မိုင်-၄၉၇-မိုင်ဝေး၏။ ဤတက္ကသိုလ်ကြီးသည် ရှေးပဝေသဏီအခါကပင် ပညာဂုဏ်ရောင်ကြောင့် ကမ္ဘာတခွင်မှာ ထင်ရှားခဲ့သည်မဟုတ်သေး၊ အနောက်နိုင်ငံသို့သွားရောက်ကာ (ဝါ-အနောက်နိုင်ငံနှင့်ဆက်သွယ်ကာ)ကူးသန်းရောင်းဝယ်ကြသည့်ကုန်သည်များနှင့် အနောက်နိုင်ငံမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာသည့်စစ်သည်တို့လဲ တံခါးဝသဖွယ်ဖြတ်သန်းသွားလာရခြင်းကြောင့် ပိုမိုထင်ရှားခဲ့ပေသည်။ ရှေးအခါကလူစည်ကား၍ ပစ္စည်းဥစ္စာ အလွန်ပေါကြွယ်ဝသည့် ဤတက္ကသိုလ်ပြည်ကြီးကား ကျူးကျော်ဝင်ရောက်တိုက်ခိုက်သူတို့၏ ဖျက်ဆီးမှုကြောင့် ရှေးခေတ်က အလွန်များလှသည့် အဆောက်အဦတို့မှာ နောင်သောအခါမှာ ကျောက်ပုံအတိသာ ကျန်ရစ်နေတော့၏။

**B.C၃ရာစု**-ခန့်က အိန္ဒိယပြည်သို့ဝင်ရောက်တိုက်ခိုက်ခဲ့သည့် **ဂရိစစ်သူကြီး 'အလက်ဇန္ဒာ'**သည် တက္ကသိုလ်မြို့ကြီးကို ရှေးဦးစွာသိမ်းပိုက်မိပြီး မြို့တော်ကြီး၏ လမ်းဟူသမျှတို့ကို ကျောက်ချပ်များဖြင့် ခင်းထားခဲ့ပြန်၍ ပိုမိုတင့်တယ်လာခဲ့၏။ ထိုအခါက တက္ကသိုလ်ပြည့်ရှင်သည် **'အမ္ဘီ'**အမည်ရှိ၍၊ 'အလက်ဇန္ဒာ'၏ လက်အောက်သို့ ကျရောက်ခဲ့ရလင့်ကစား မြို့တော်ကြီးကိုလှပအောင်ပြုပြင်ပြီးနောက် ပြန်လည်အပ်နှင်းခဲ့သည်-ဟူ၏။ 'အလက်ဇန္ဒာ'၏ဖျက်ဆီးမှုကြောင့် ဂန္ဓာရတိုင်း

www.burmeseclassic.com

မြို့ပြနိုင်ငံအချို့မှာ ပျက်စီးခဲ့ရသော်လည်း၊ တက္ကသိုလ်မြို့ကြီးကား လုံးဝမပျက်စီးပဲ၊ ဂရိလူမျိုးတို့၏'ပန်းရံ-ပန်းပု-ပန်းချီ'-စသည့်ပညာများကိုပင် ရထားလိုက်လေ၏။ ဂရိစစ်ဗိုလ်ကြီး 'အလက်ဇန္ဒာ'သည် (အိန္ဒိယပြည်)'**စန္ဒြဂုပ္တ**'မင်းကြီး၏ သက်စွန့်ကြိုးပမ်း တိုက်ခိုက်မှုကြောင့်၊ သူ၏ဌာနီ'ဂရိပြည်'သို့ ပြန်သွားခဲ့ရလေ၏။ ထို့နောက် မောရိယမင်းဆက်ကို တည်ထောင်သူ 'စန္ဒြဂုပ္တ'မင်းကြီးသည် တက္ကသိုလ်မြို့ကြီးကို မိမိပိုင်နိုင်ငံတွင်းသို့ ပေါင်းစပ်ယူလေ၏။ ထို့နောက် သူ၏သားတော် '**ဗိန္ဒုသာရ**'မင်း လက်ထက်၌ တက္ကသိုလ်ပြည်သူတို့သည် လွတ်လပ်ရေးစစ်ပွဲကြီးကို ဆင်နွှဲတော်လှန်လေရာ၊ သားတော် '**အသောက**'မင်းသားက သွားရောက်နှိမ်နင်းပြီး၊ နှစ်အနည်းငယ် ဘုရင်ခံအဖြစ်ဖြင့် အုပ်ချုပ်ခဲ့လေ၏။

'မောရိယမင်းဆက်'ပြတ်ပြီးနောက် လာရောက်တိုက်ခိုက်သည့်'**သကလူမျိုး**' တို့၏လက်အောက်သို့ ကျရောက်ခဲ့ရပြန်၏။ ထို့နောက် **ခရစ်နှစ်၆၀-၆၄ခု၌** '**ကူဆန်**' လူမျိုးတို့က တက္ကသိုလ်ပြည်ကြီးကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြန်၏။ 'ကူဆန်မင်း'တို့တွင် **ခရစ်နှစ် ၂-ရာစုခန့်က** ပေါ်ထွန်းခဲ့သော'**ကနိရှကမင်း**'သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူဖြစ်၍၊ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦပေါင်းများစွာကို တည်ဆောက်ခဲ့၏။ အသောကမင်းကြီး နတ်ရွာစံပြီးနောက်၊ ဗုဒ္ဓသာသနာကို တကယ်ထောက်ပံ့ခဲ့သူသည် 'ကနိရှကမင်း'ပင်ဖြစ်၏။ တက္ကသိုလ်ပြည်သူတို့သည် ပေါင်းသင်း ဆက်ဆံရေး၌ အထူးကျွမ်းကျင်လိမ္မာခြင်းကြောင့်၊ 'ကူဆန်'လူမျိုးတို့ကို ဗုဒ္ဓဘာသာထဲသို့ ဆွဲသွင်းနိုင်ခဲ့သည်-ဟူ၏။ နိုင်ငံခြားမှဝင်ရောက်တိုက်ခိုက်သူတို့တွင် (အာရှတိုက်အလယ်-မြောက်ပိုင်းမှ)'White Hums=**ဟုန်းလူမျိုး**'တို့သာ ဗုဒ္ဓဘာသာကိုမလိုလားသည့်လူမျိုးဖြစ်၍၊ **ခရစ်နှစ်၄၅၀-ခု**က တက္ကသိုလ်မြို့ကြီးကို ဝင်ရောက်တိုက်ခိုက်-ဖျက်ဆီးခဲ့ကြလေ၏။ ထိုအခါမှစ၍ တက္ကသိုလ်ပြည်ကြီးမှာ သိသိသာသာကြီး ဆုတ်ယုတ်ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com


တရုပ်ဘုရားဖူး-ဘုန်းကြီး'ဖာဟီယန်'သည် ခရစ်နှစ်၄၀၀-ခုနှစ်၌ တက္ကသိုလ်ပြည်ကြီးသို့ ရောက်ရှိခဲ့၍၊ 'ဟူဝေဆင်'သည် ၇-ရာစုခန့်၌ ရောက်ရှိခဲ့၏။ 'ဖါဟီယန်' သည် ကြက်ပျံမကျစည်ကားလှသည့် တက္ကသိုလ်မြို့ကို မြင်သွားခဲ့ပြီး၊ 'ဟူဝေဆင်' ကား ပျက်စီးနေသည့် ကျောက်စေတီပုထိုး-စသည်အဆောက်အဦတို့ကိုသာ မြင်သွားခဲ့ရ၏။ သို့သော် အလွန်ဆုတ်ယုတ်ပျက်စီးနေသည့် တက္ကသိုလ်ပြည်ကြီး၏သာသနာတော်ကို နိဂုံးချုပ်အောင်ဖျက်ဆီးသူတို့ကား 'မူဆလင်မင်း'တို့သာဖြစ်ကြောင်း-သမိုင်းမှတ်တမ်း၌ ဖေါ်ပြပါရှိသည်။

တက္ကသိုလ်ပြည်ကြီးရှိ ပျက်စီးနေသည့်အဆောက်အဦတို့သည် မရေတွက်နိုင်အောင်များလွန်းရကား၊ 'ဆာဂျွန်-မာရှယ်'၏'တက္ကသိုလ်လမ်းညွှန်စာအုပ်'၌ ဖေါ်ပြထားသည့် အဆောက်အဦပျက်ပေါင်းများစွာတို့မှ အထူးမှတ်သားဘွယ်နေရာ ၉-ခုကိုသာ ဖေါ်ပြပေအံ့----

(၁)ဓမ္မရာဇိက-စေတီတော်ကြီး။ ။၎င်းသည် 'တန်ရုံနာလာ'ခေါ်သည့် တောင်တန်းပေါ်၌ တည်ရှိ၏။ အခြားစေတီငယ်တို့က ဝန်းရံထား၏။ ဤစေတီကြီးကို 'ဂန္ဓာရတိုင်း'ပန်းရံဆရာကြီးတို့က 'အရှေ့နှင့်အနောက်'နိုင်ငံဆရာတို့၏ ပန်ရံသဘောပါဝင် ရောနှောဆောက်လုပ်ထား၏။ ဤစေတီကြီးကို မာကြမ်းသည့်ကျောက်များဖြင့်ဆောက်လုပ်ထား၍၊ ယင်ပြင်တော်ကိုကား 'မှတ်'ကဲ့သို့ တောက်ပရောင်ရှိသည့် ကျောက်များဖြင့် ခင်းထား၏။ ဤစေတီကြီးကိုတူးဖေါ်ရာ၌ မင်းအဆက်ဆက်တို့သုံးစွဲခဲ့သည့်ဒင်္ဂါးများကို တွေ့ရှိရ၏။ ဤစေတီကြီးကိုတွေ့မြင်ရပြီးနောက်၊ မရေမတွက်နိုင်အောင်များပြားလှသည့်စေတီငယ်များနှင့် ကျောင်းအဆောက်အဦကြီးများကို ကျယ်ပြန့်ညီညာသည့်မြေပြင်၌ တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်။ ဤစေတီငယ်များအနက် 'အမှတ်-S-5'စေတီမှ 'ဘုရားရှင်'၏ဓာတ်တော်များကို ရွှေကြုတ်နှင့်တ

www.burmeseclassic.com


ကွ တူးဖေါ် ရရှိ၍၊ **ခရစ်နှစ်၇၅**-ခုလောက်ကဌာပနာခဲ့ကြောင်းနှင့် **'ခရိုင်စေတီ'** (ခရော ရှတီ?)အက္ခရာဖြင့်ရေးထိုးထားသည့်ကျောက်စာကိုလည်း တူးဖေါ် ရရှိ၏။ **'အမှတ်-S-8'**စေတီမှလည်း ရွှေကြုတ်နှင့်တကွသောဓာတ်တော်အချို့ကို တူးဖေါ် ရရှိ၏။

**(၂)ဂီရိတောင်ကြားရှိ ကျောင်းတော်ကြီးများ။** ။ယင်းတောင်ကြား၌ များလှစွာသောကျောင်း-စေတီအဆောက်အဦပျက်တို့ကို တူးဖေါ် ရရှိ၏။ ဤနေရာ၌ နှစ်လုံးပေါက် တဟုန်ဟုန်စီးသွယ်ကျနေသည့် ရေတံခွန်ကြီးတခုရှိ၏။ ပထမဆုံးတွေ့ ရသည့် 'ကျောင်းတော်ကြီး'မှာ ပေ၁၂၀×၆၀-မျှရှိ၏။ အနီး၌ စေတီကြီးတဆူလည်း ရှိ၏။ အခြားကျောင်းတော်များကား မိုးအခါ တောင်ပေါ်မှတဟုန်တည်းစီးဆင်းကျ လာသည့် မြစ်ရေများတိုက်စားမှုကြောင့် လုံး၀ပျက်စီးသွားခဲ့၏။ ဤနေရာကို တူးဖေါ် ရာမှ-'ရှေးတက္ကသိုလ်-ဗိသုကာဆရာကြီးတို့၏ လက်ရာများဖြစ်သည့် 'ဗုဒ္ဓရုပ်တုများ, ဘုရား အလောင်းရုပ်တုများနှင့်တကွ ပန်းကြိုးပန်းနွယ်ထုလုပ်ထားသည့် ကျောက်တုံး ကျောက်ချပ်များ'-စသည်တို့ ထွက်ပေါ် လာ၏။

**(၃)ကူနာလစေတီကြီး။** ။၎င်းသည် တောင်ကုန်းပေါ်၌တည်ရှိ၏။ အမြင့်ပေ တရာရှိသည်-ဟူ၏။ အသောကမင်းကြီးက သူ၏မျက်မမြင်သားတော်'ကူနာလ'၏ အမည်ဖြင့် ဤစေတီကြီးကို တည်ထားခဲ့၏။ ၎င်း၏အနီး၌ ကျောက်တိုင်ကျိုးအချို့နှင့် ဂန္ဓာရပန်းရံဆရာကြီးတို့၏လက်ရာများဖြစ်သည့် ပန်းကြိုး-ပန်းနွယ်များပါရှိသည့် ကျောက်တုံး-ကျောက်ချပ်အချို့ကို တူးဖေါ် ရရှိ၏။ စေတီ၏မြောက်ဘက်၌ ကျောင်း တော်ရာကြီးများ ရှိသေး၏။

**(၄)'မိုဟာရာ-မိုရာဒူ'ခေါ် အရပ်ရှိကျောင်း-စေတီများ။** ။အနောက်မြောက် နယ်ရှိ အဆောက်အဦ(ပျက်)များစွာတို့တွင် 'မိုဟာရာ-မိုရာဒူ'အဆောက်အဦ၊ 'ပိပ္ပလာ' အဆောက်အဦ၊ 'ဂျူလီယံ'အဆောက်အဦ(ပျက်)တို့မှာ ဂန္ဓာရတိုင်းလက်သမားတို့၏

www.burmeseclassic.com

www.burmeseclassic.com

အသေသပ်ဆုံး-အလှပဆုံးလက်ရာများဖြစ်၏။ ဤနေရာ၌ စေတီငယ်ပေါင်းများစွာ ဝန်းရံထားသည့် 'စေတီကြီးတဆူနှင့်ကျောင်းတော်ကြီး တဆူ'ရှိ၏။ စေတီကြီးမှာ အောက်ပန်းခုံမှသည် အထက်ငှက်မြတ်နားအထိ ဗုဒ္ဓရုပ်,ဘုရားလောင်းရုပ်, နတ်ရုပ်များကို စေတီကျောက်ချပ်များပေါ်၌ ထုလုပ်ထား၏။ ဂရိပြည်မှ ပန်းရံဆရာများက ဗုဒ္ဓဘာသာဝင်တို့၏သဘောကျ ဆောက်လုပ်ပေးခဲ့ဟန်တူ၏-ဟု ရာဇဝင်ဆရာတို့က ဆို၏။ ပုံတူပြီး အနည်းငယ်သေးသည့် အခြားစေတီတဆူလည်းရှိ၏။ အဆိုပါ စေတီကြီးများနှင့်ကပ်လျက်ရှိသည့် ၂-ထပ်ရှိကျောင်းတော်ကြီးမှာ သံဃာများစုရုံးရာခန်းမဆောင်ကြီးနှင့်တကွ အခန်းပေါင်း ၂၇-ခန်းမျှ ပါဝင်၏။ အခန်းအမှတ်၃-ထဲ၌ အလွန်သပ္ပါယ်လှသည့်ရုပ်ပွားတော်တဆူကို တွေ့ရှိရ၏။ နံရံကျောက်ပြားများ၌လည်း အရုပ်မျိုးစုံ ထုထားလေ၏။

**(၅)'ပိပ္ပလာ'ခေါ်နေရာရှိကျောင်း-စေတီများ။** ။'မိုဟရာ-မိုရာဒူ'အဆောက်အဦးတို့မှ ဆက်သွားလျှင်၊ ၎င်းတို့ထက်ငယ်၍ 'ကူဆန်ခေတ်'ဟု ခန့်မှန်းရသည့် အထက်ဖေါ်ပြပါအဆောက်အဦးများကို တွေ့ရှိရရာ၊ ၎င်းတို့မှ များစွာသော ပုထိုးငယ်များ ပေါ်ထွက်လာခဲ့သည်-ဟုဆို၏။

**(၆)ဂျူလီယံအဆောက်အဦးများ။** ။'မိုဟရာ-မိုရာဒူ'မှ အရှေ့မြောက်ဘက်သို့ တမိုင်ခန့်ဆက်သွားလျှင်၊ ပေ၃၀၀-ခန့်မြင့်သည့်တောင်ကုန်းပေါ်၌ တည်ရှိသည့် 'ဂျူလီယံ'-အဆောက်အဦးများကို တွေ့ရ၏။ ဤနေရာ၌တူးဖေါ်ရာ ခရစ်နှစ်၂-ရာစုခန့်ကလက်ရာ ကျောင်းတော်ကြီး၂-ဆောင်နှင့် စေတီပေါင်းများစွာကို တွေ့ရှိရပြီး ရန်သူတို့မီးရှို့ဖျက်ဆီးပစ်ခဲ့သည့် အစအနများကိုတွေ့မြင်ရ၏။ အရံစေတီများစွာဖြင့် ခြံရံထားသည့်ဂန္ဓာရတိုင်း၏ကြက်သရေဆောင်စေတီမကြီးမှာ တောင်ထိပ်ဝင်းကြီးထဲ၌ရှိ၏။ ဤစေတီကြီးကိုတူးဖေါ်ခဲ့စဉ်က-'ခရောဋ္ဌိ'အက္ခရာဖြင့် အလှူရှင်ဒါယ

www.burmeseclassic.com


ကာတို့၏ အမည်များရေးထိုးထားသည့်ကျောက်ချပ်ပေါင်း များစွာကိုရင်း၊ **'Birch'** ခေါ် သစ်သားပေါ်၌ ဖြာဟ္မီအက္ခရာ-သက္ကတဘာသာဖြင့်ရေးထိုးထားသည်(ဓမ္မပဒ ပါဠိအချို့-ဟုမှန်းဆရသည်)ကို တွေ့ရှိရ၏။ ဤစေတီမှ အနည်းငယ်နိမ့်သည့်တောင်နံ ဘေး၌ ကျောင်းတဆောင်ရှိရာ အဝင်ဝမုခ်ဆောင်၌ အင်္ဂတေဖြင့်သွန်းလုပ်ထားသည့် အရုပ်မျိုးစုံပါရှိ၏။

**(၇)'ဘဒါပူရ်'ခေါ်နေရာရှိ ကျောင်း-စေတီ။** ။မြောက်ဘက်တောင်ကြား၌ 'ဘဒါပူရ်'ခေါ် သည့်နေရာမှာ (ကူနာလစေတီနှင့်တပုံစံတည်းဖြစ်သော)ပေ ၂၀-ခန့်ရှိ စေတီကြီးတဆူရှိရာ၊ ဌာပနာဖေါက်ထွင်းသူတို့ဖျက်ဆီးမှုကြောင့် များစွာပျက်စီးနေ၏။ ဤစေတီနှင့်တဆက်တည်း ကျောင်းတော်ကြီးတဆောင်လည်းရှိ၏။

**(၈)'လာလ်ချက်'ခေါ်အဆောက်အဦများ။** ။'ဂါဟီယာဒန်'အမည်ရှိရွာသို့ သွားရာလမ်းတွင် 'လာလ်ချက်'ခေါ် ဗုဒ္ဓဘာသာအဆောက်အဦများစွာ ရှိသေး၏။ ဤနေရာ၌ **ခရစ်နှစ်၅-ရာစုခန့်က** စေတီများနှင့် ကျောင်းတော်များ ရှိလေ၏။

**(၉)ဗလ္လာစေတီကြီး။** ။ဗလ္လာစေတီကြီးသည် တက္ကသိုလ်မှ ၅-မိုင်ဝေးသည့် 'ဆာရဒါ'တောင်ကုန်းပေါ်၌တည်ရှိ၍ အလွန်ကြီးမား-ပေါ်လွင်သည့်စေတီကြီးဖြစ်၏။ ကူနာလ-စေတီနှင့်ပုံစံတူပြီး၊ လက်ရာမှာပို၍ သပ်ယပ်လှ၏။ ဤစေတီကြီး၏ဝန်းကျင် ၌ ကျောင်းတော်ကြီးတဆောင်နှင့်စေတီပေါင်းများစွာရှိ၏။ 'ဟူဝေဆင်'၏မှတ်တမ်း၌ 'ဤကျောင်းတော်ကြီးသည် မဟာယာန်ဘုန်းကြီး'**ကုမာရလဒ္ဓ**'၏အဘိဓမ္မာကျမ်းစာ များရေးသားရာဌာနဖြစ်၏'-ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com


## ၂၁။ ။ဗုဒ္ဓဂယာမြို့-မဟာဗောဓိပင်နှင့်စေတီ

ဗုဒ္ဓဂယာမြို့၌ မဟာဗောဓိပင်နှင့်ပလ္လင်တော်၏အရှေ့ဘက်၌ စတုဂံပုံ-စေတီတဆူကို တွေ့ရ၏။ ထိုစေတီတော်မှာ-အရှေ့-အနောက်၅၇-တောင်၊ တောင်-မြောက်အတောင်၅၀၊ အမြင့်ပေတရာကျော်ခန့်ရှိ၏။ အသောကမင်းကြီးက စေတီငယ်တဆူကိုဆောက်လုပ်ခဲ့ရာ ခရစ်နှစ် ၂-ရာစု(အခြားအဆိုအရ-၅ရာစု)ခန့်က မဂဓတိုင်းပြည့် ရှင်-ဗုဒ္ဓဘာသာဝင်မင်းတို့က လက်ရှိစေတီတော်ကြီးကို ဆောက်လုပ်ခဲ့ကြောင်း ဖေါ်ပြထား၏။ သို့သော် ကျောက်စာဝန်-'ကာနင်ဂန်'၏စာအုပ်ထဲ၌-"ဤစေတီတော်ကြီးကို အသောကမင်းကြီးက ဆောက်လုပ်ခဲ့ကြောင်း၊ ဤစေတီကြီးကို ဘူးဖေါ်စဉ်က ရရှိခဲ့သောကျောက်စာအချို့၌ အသောကမင်းကြီးသည် ဤစေတီတော်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း"-ဖေါ်ပြထား၏။

အိန္ဒိယပြည်သို့ **ခရစ်နှစ်၄-ရာစု**ကုန်ခါနီး၌ ဘုရားဖူးရောက်ရှိလာသည့် တရုပ်ဘုန်းတော်ကြီး'**ဖာဟီယန်**'က-"မဟာဗောဓိသို့ သူရောက်ခဲ့စဉ်က ကျောင်းကန်စေတီပုထိုး မြောက်မြားစွာကို ဖူးတွေ့ခဲ့ရကြောင်း"ဖေါ်ပြထား၏။ 'ဟာရှဝဒ္ဓနမင်း'လက်ထက်၌ မဇ္ဈိမဒေသသို့ဘုရားဖူးရောက်ရှိလာခဲ့သည့် တရုပ်ဘုန်းတော်ကြီး '**ဟူဝေဆင်**'ကလည်း မဟာဗောဓိအကြောင်း စိတ်ဝင်စားဘွယ်ရေးသားခဲ့၏။ အိန္ဒိယ၌ ၁၂-ရာစုမှစ၍မူဆလင်တို့ တိုက်ခိုက်-အုပ်ချုပ်-အကြွင်းမဲ့ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့်အပျက်အစီးများသာ ကျန်ရှိလေ၏။

**မဟာဗောဓိပင်**။ ။စေတီတော်၏အနောက်ဘက် ကပ်လျက်ပေါက်ရောက်သည့်ဗောဓိပင်တပင်ကို ဖူးတွေ့ရမည်။ လုံးပတ်၁၀-တောင်၊ အမြင့်၃၂-တောင်ခန့်ရှိ၍ အုတ်နံရံတို့ဖြင့် ဝိုင်းကာထား၏။ 'မာဇေလ'၏'ဘင်္ဂလားဂဇက်တီးယား'စာအုပ်တွင်ဖော်ပြထားသည်မှာ-'**သီဝနတ်ဘုရား**'ကို ကိုးကွယ်သည့် ဘင်္ဂလားပြည်အလယ်ပိုင်းကိုအုပ်

www.burmeseclassic.com


စိုးသည့်'သာသက်ာမင်း'သည် ခရစ်နှစ်၆-ရာစုခန့်က ဗောဓိပင်ကို ခုတ်ဖြတ်-တူးဖော်ပစ်ပြီး၊ ထောပတ်များလောင်းထည့်ကာ မီးရှို့ပစ်ခဲ့၏။ ဤအကြောင်းကိုကြားသိလျှင်၊ မဂဓတိုင်းပြည့်ရှင် 'ဘုရင်ပူရာဏဗာမာ'က ထပ်မံစိုက်ပျိုးခဲ့၏။ တဖန်-'သာသက်ာမင်း'သည် ထိုဗောဓိပင်ကို (ဒုတိယအကြိမ်)ခုတ်ဖြတ်မီးရှို့ပြီးနောက်၊ ဤနေရာ၌ 'မည်သူမျှ ဗောဓိပင်မစိုက်စေရ'-ဟုအမိန့်ထုတ်ခဲ့၏။ 'ပူရာဏမာဗာမင်း'ကလည်း ဒုတိယအကြိမ်ထပ်မံစိုက်ပျိုးပြန်၏။ အံ့ဘွယ်ကောင်းသည့်ဗောဓိပင်သည် တညတည်းမှာပင် ၁၀-ပေခန့်ကြီးမြင့်လာလေ၏။ ဤအံ့ဘွယ်သရဲပေါက်ပွားလာသည်ကိုတွေ့မြင်ရသည့် 'သာသက်ာမင်း'ကလည်း ၃-ကြိမ်မြောက်အကြွင်းမရ-ခုတ်ဖြတ်ဖျက်ဆီးပြီး၊၂၄-ပေခန့် မြင့်သည့်ကျောက်လက်ရန်းကြီးကို ကာရံထားခဲ့လေ၏။ 'ပူရာဏမာဗာမင်း'ကလည်း နွားနို့ဖြင့်သွန်းလောင်းကာ တတိယအကြိမ်မြောက်စိုက်ပျိုးခဲ့လေ၏။ ကျောက်စာဝန် 'ကာနင်ဂန်'ကမူ-ထိုကျောက်လက်ရန်းကြီးကို'ဗောဓိပင်အား ရန်သူတို့ မဖျက်ဆီးနိုင်ရန် 'ပူရာဏမာဗာမင်း'ကပင် ဆောက်လုပ်ခဲ့သည်'-ဟုဆို၏။ (အသောကမင်းကြီးသည် သားတော်မဟိန္ဒမထေရ်၏ အကြံပေးချက်အရ-မူလဗောဓိပင်၏တောင်ကိုင်း=ဒက္ခိဏသာခါကို ဆေးဒါန်းမြင်းသီလာဖြင့်သားရာမှ အလိုအလျောက်ပြတ်၍ ကျလာသည့်ကိုင်းကို သီဟိုဠ်ကျွန်းသို့ပင့်ဆောင်၍ စိုက်ပျိုးစေခဲ့သည်။) 'သာသက်ာမင်း'သည် ဗောဓိပင်ကို တူးဖော်ခဲ့စဉ်က အမြစ်၏အဆုံးကို ရှာမတွေ့နိုင်ခဲ့-ဟု 'ဟူဝေဆင်'မှတ်တမ်းက ဆိုထား၏။

ယခုရှိနေသည့် ဗောဓိပင်။ ။ခရစ်နှစ်၁၈၁၁-ခုက 'ဘူချန်ဟန်မီလတန်' အမည်ရှိ အင်္ဂလိပ်ပညာရှိကြီးတဦး ဗုဒ္ဓဂယာသို့ရောက်ခဲ့ဘူးရာ၊သူက"ခက်မ၅-ဖြာနှင့် စည်ပင်နေသည့်အမြင့်ပေ၃၀-ရှိ ဗောဓိပင်ကြီးတပင်မြင်ခဲ့ဘူး၏။ ထိုဗောဓိပင်၏ အသက်မှာ နှစ်တရာအိုမည်မထင်-ဟုဆို၏။ ၁၈၇၅-ခုနှစ်၌ကား ဤဗောဓိပင်သည်

www.burmeseclassic.com

www.burmeseclassic.com

တပင်လုံးယိုယွင်းနေသောကြောင့်၊ (၁၉)၇၆-ခုနှစ်တွင် လေနီကြမ်းနှင့် လဲပါသွားခဲ့၏။ ထိုအပင်မှအစေ့များကို ယူထားလိုက်သည့်အပြင် အခက်ကြီးတခက်ကိုလည်း ရင်းနေရာ၌ပင် ပြန်လည်စိုက်ပျိုးခဲ့၏။ ထိုအကိုင်းမှ ပေါက်ထွန်းစည်ပင်လာခဲ့သည့်ဗောဓိပင်မှာ ယခုရှိနေသည့်အပင်ဖြစ်၏။ မည်သူစိုက်ပျိုးခဲ့သည်-ဟုကားမပါ။ အခြားသမိုင်းဆရာတို့ကလည်း အမျိုးမျိုးဆိုကြသေး၏။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ လက်ရှိဗောဓိပင်သည် ဘုရားရှင်ပွင့်တော်မူခဲ့ရာ ဗောဓိပင်ကြီးမှ အဆက်အနွယ်ဖြစ်သည်-ဟု မှတ်ယူရာ၏။

ဗုဒ္ဓဂယာကို မူဆလင်တို့ ဖျက်ဆီးပုံ။ ။ဤအကြောင်းအရာနှင့်ပတ်သက်၍၊ သမိုင်းဆရာ 'မာလေ'က သူ၏ဘင်္ဂလားခရိုင်-ဂဇက်တီးယားထဲ၌ ဤသို့ရေးသားထား၏---ခရစ်နှစ်၁၁၉၃-ခုနှစ်၌ 'မိုဟာမက်-ဘတ်တီယာ-ခိလဂျီ'ခေါ် မူဆလင်စစ်ဗိုလ်ကြီးသည် ရှေးဦးစွာ 'မဂဓတိုင်း'ခေါ် 'ဘီဟာနယ်'ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့၏။ ထိုသူကား အိန္ဒိယပြည်ကို ရှေးဦးစွာလာရောက်တိုက်ခိုက်သည့် 'မိုဟာမက်-ဂေါရီ'ခေါ် အာဖဂန်စစ်ဗိုလ်ချုပ်ကြီး၏ ဗိုလ်မှူးတဦးဖြစ်၏။ 'ဂေါရီ'၏အခြားဗိုလ်မှူးတဦးကား 'မိုဟာမက်-ကုတ်ဘွဒ္ဒိန်'ဖြစ်၏၊ သူ၏တာဝန်ကား 'ယူပီနယ်'ကို တိုက်ခိုက်ရန်ဖြစ်၏။ ထိုဗိုလ်မှူး၂-ဦးတို့သည် စစ်သား၆၀၀၀-ခန့်ကို အုပ်ချုပ်ရ၏။

'ဘတ်တီယာ-ခိလဂျီ'သည် မူဆလင်စစ်သားများနှင့်အတူ 'ဂယာ-ခရိုင်'ရှိ လူပေါင်းများစွာတို့ကို သတ်ဖြတ်-လုယက်ပြီးလျှင်၊ (ဗုဒ္ဓ+ဟိန္ဒူ)ဘာသာရေးဆိုင်ရာ အဆောက်အဦများစွာကို ဖျက်ဆီးလေရာ၊ 'ဗုဒ္ဓဂယာမြို့'ရှိ အဆောက်အဦများလည်း ပါဝင်၏။ သူသည် ခရစ်နှစ်၁၁၉၃-ခုနှစ်ကစ၍ စစ်သား၂၀၀၀-ခန့်ဖြင့် 'ဗုဒ္ဓဂယာ'သို့ လာရောက်-တိုက်ခိုက်ပြီး၊ ရာပေါင်းများစွာသော ကျောင်း-စေတီပုထိုးစသည့် အဆောက်အဦတို့ကို မီးရှို့ဖျက်ဆီး၍၊ ထောင်ပေါင်းများစွာသောရဟန်းတော်တို့ကို

www.burmeseclassic.com

www.burmeseclassic.com


သတ်ဖြတ်ပြီး၊ မြောက်မြားစွာသောရုပ်တုတော်များကို ရိုက်ချိုးဖျက်ဆီးကြလေ၏။ အသက်ဘေးမှလွတ်သွားကြသည့် ရဟန်းအချို့သည် '**တိဗက်၊နီပေါပြည်နှင့် အိန္ဒိယ တောင်ပိုင်း**'သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြရ၏။ မူဆလင်လက်အောက်သို့ကျ ရောက်သွားရသည့် 'မဂဓတိုင်းသူ-အပျိုအချောအလှတို့ကိုလည်း မူဆလင်စစ်သားတို့ က အတင်းအဓမ္မသိမ်းပိုက်ပြီး အစ္စလာမ်ဘာသာထဲသို့ သွတ်သွင်းခဲ့ကြလေ၏။

သမိုင်းဆရာ'**ချောင်ဒူရီ**'က ရေးထားသည်မှာ---မဂဓတိုင်းကို မူဆလင်တို့ ၃-ကြိမ်တိုင်ဝင်ရောက်တိုက်ခိုက်ခဲ့၏။ **ခရစ်နှစ်၁၁၉၃**-ခုနှစ်၌ မိုဟာမက်-**ဘတ်တီ ယာ-ခိလဂျီ**သည် ခြေလျင်-မြင်း-ရထား-ကုလားအုပ်တပ်တို့ဖြင့် ဝင်ရောက်တိုက်ခိုက် ရာ၊ 'မဂဓတိုင်း-တောင်ဘက်အပိုင်း'ကို အောင်မြင်၍၊ ရဟန်းရှင်လူများစွာတို့ကို ရက်စက်စွာသတ်ဖြတ်-လုယက်ကြပြီး၊ ကျောင်းကန်-စေတီပုထိုးတို့ကို မီးရှို့ဖျက်ဆီး ပစ်၍၊ အမျိုးသမီးတို့ကို အဓမ္မမုဒိန်းကျင့်ကြလေ၏။ **၁၁၉၅**-ခုနှစ်က ရွှေငွေဘဏ္ဍာ မြောက်မြားစွာတို့ကို လုယက်ယူပြီး၊ အိန္ဒိယပြည်-မြောက်ပိုင်းရှိ'**ဒက်ကင်နယ်**'သို့ ပြန်သွားကြလေ၏။ ဘတ်တီယာ-ခိလဂျီသည်-'ကာလရောဂါ၊ကျောက်ရောဂါ၊ပလိပ် ရောဂါတို့ ကြောင့် သူ၏စစ်သားများ မရှုမလှသေကြရာတွင်၊ ဂေါတမဘုရားကြောင့် ဤသို့ဖြစ်ရသည်'-ဟု ဂေါတမဘုရားအား အငြိုးထားကာ ထိုစစ်သားအလောင်းတို့ကို 'ဗုဒ္ဓဂယာမြို့'ရှိ ကျောင်းရာ-စေတီရာတို့၌ မြှုတ်နှံပြီး၊ အချို့ကို 'ဗုဒ္ဓဂယာ'နှင့်'ဂယာ (မြို့)'အကြားသို့ယူဆောင်ကာ၊ စေတီပုထိုးများမှ အုတ်ကျောက်တို့ဖြင့် အရိုးဂူဗလီများ ကို ဆောက်လုပ်ခဲ့လေ၏။ တဖန်-'ဘတ်တီယာ-ခိလဂျီ'သည် **၁၁၉၇**-ခု၌ 'မဂဓနေ ပြည်တော်'ကိုဝင်ရောက်တိုက်ခိုက်ခဲ့ရာ၊ ရှေးနည်းတူပင် 'ဗုဒ္ဓနှင့်ဟိန္ဒူ'ဘာသာ၂-ခု စလုံးကို ဖျက်ဆီးပြန်လေ၏။ ထို့နောက် **၁၁၉၉**-ခုနှစ်၌ (ဗိုလ်မှူး)'မိုဟာမက်-**ဘတ်**

www.burmeseclassic.com

အွန်ဒွီန်'သည် 'ပါဠိလိပုတ်,နာလန္ဒ,ရာဇဂြိုဟ်'-စသည်နယ်များကိုတိုက်ခိုက်ပြီး၊ ကျောင်းကန်-စေတီပုထိုးအဆောက်အဦးများစွာတို့ကို မီးရှို့-ဖျက်ဆီးပြီး၊ ရဟန်းတော်များစွာတို့ကို သတ်ဖြတ်လေရာ၊ နလံမထူနိုင်အောင် ပျက်စီးရလေ၏။

---

## ၂၂။ မဟာန့်ဂိရိနှင့် ဗုဒ္ဓဂယာ

**ခရစ်နှစ်၁၄-ရာစု**အစလောက်က မြာဟ္မဏပုဏ္ဏားတို့သည် မဟာဗောဓိမြေနေရာနှင့်တကွ၊ ဗောဓိပင်ကြီးကိုပါ ပိုင်ဆိုင်ခဲ့ကြ၏။ ကျောက်စာဝန်'ကာနင်ဂန်'၏အဆိုမှာ--"အယူသည်းဟိန္ဒူပုဏ္ဏားတို့သည် စေတီတော်ကြီး၏ရှေ့မျက်နှာစာ၌ (၁၃၀၈-ခုဟု ရေးထိုးပါရှိသည့်)'ဗီသဏိုးခြေရာ'ကို ကိုးကွယ်တောင့်ရှောက်သည်မှတပါး၊ ဗောဓိပင်နှင့်စေတီတော်-ပရဝုဏ်အတွင်းရှိ မည်သည့်စေတီပုထိုးကိုမျှ ကာကွယ်စောင့်ရှောက်ခြင်းမရှိပဲ၊ ငွေရရှိမှုသာ အပိုင်ခံခဲ့ကြ၏။ သူတို့သည် (ဗုဒ္ဓဘာသာ)မင်းအဆက်ဆက်လှူဒါန်းခဲ့သည့် စိန့်ကျောက်ပတ္တမြား ရတနာရွှေငွေ-စသည့် အဘိုးအနဂ္ဃထိုက်သည့် ဘုရားဘဏ္ဍာတော်ကို လက်ဝါးကြီးအုပ်သည့်အပြင်၊ နိုင်ငံခြားသား ဘုရားဖူးတို့ထံမှလည်း ကုဋေမကသည့်အလှူငွေများကို ရရှိနေ၏။ **'မဟာန့်ဂိရိ'**-ဆိုသည်မှာ ဗုဒ္ဓဂယာစေတီတော်ကို ပိုင်ဆိုင်ထားပြီး၊ စော်ဘွားကြီးတမျှ ကြွယ်ဝနေသည့် ဟိန္ဒူရသေ့ကြီးဖြစ်၏။ မစ္စတာ'မာတင်'ကဆိုထားသည်မှာ-'လက်ရှိမဟာန့်၏ဘိုးဘေးဖြစ်ကြသည့် ကွယ်လွန်သူ'မဟာန့်'တို့သည် ယခုအခါ နန်းတော်တမျှကြီးကျယ်လှသည့်ကျောင်းကြီး၏နေရာ၌ **ခရစ်နှစ်၁၅၉၀**-ခုက ကျောင်းငယ်တဆောင်ကို ဆောက်လုပ်နေထိုင်ခဲ့ကြ၏။ မဟာန့်တို့သည် ထိုအခါမှစ၍ 'မဟာဗောဓိမဏ္ဍလ'နေရာကို အပိုင်ခံလာခဲ့ကြသည်' -ဟုဆို၏။ သမိုင်းဆရာ'မာလေ'က-"ထိုမဟာန့်တို့သည် စေတီတော်ကြီးကိုပိုင်

www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ထားသော်လည်း စေတီတော်ကြီးကိုပြုပြီး ငွေရှာသည်မှတပါး ဘာမျှပြုပြင်-စောင့်ရှောက်ခြင်းမရှိခဲ့"-ဟုဆို၏။ သမိုင်းဆရာ'ဟန်းတား'က-"ဗုဒ္ဓဂယာကို ပိုင်ဆိုင်ထားသူမှာ 'မဟန့်'အမည်ရှိ 'သီဝဂိုဏ်းသား-ဟိန္ဒူရသေ့ကြီးဖြစ်၏'-ဟုဆို၏။ 'ဘူချနန်ဟာမီလန်'၏ (၁၈၁၁-ခုနှစ်)ကိုယ်တွေ့မှတ်တမ်းထဲ၌-"ယခုအခါ စေတီကြီး၏အောက်ထပ်ရှိ 'ကျောက်ညိုရုပ်ပွားတော်'မှာ အလွန်ညစ်ပေနေ၏။ စေတီကြီး၏နောက်ဘက်၌ကပ်၍ပေါက်ရောက်နေသည့်'ဗောဓိပင်'သို့ ဖူးမျှော်ရန်လာကြသည့်ဟိန္ဒူဘုရားဖူးတို့အား 'မဟန့်၏တပည့် ဂိရ်တို့'က ဟိန္ဒူနတ်ကွန်းများကိုသာ သွားရောက်ဖူးမျှော်ရန် ညွှန်ပြပေးကြသည်ကိုတွေ့ရ၏။ 'ဂိရ်'တို့သည် ဗုဒ္ဓဂယာသို့လာကြသည့်ဟိန္ဒူဘုရားဖူးတို့အတွက်၊ စေတီ၏ပြင်ဘက်၌ နတ်ကွန်းအချို့ကို အမြန်ဆောက်လုပ်ကြပြီးနောက်၊ ဗုဒ္ဓရုပ်ပွားတော်ကို မဖူးမျှော်ရန် ဟောပြောပြီး၊ အဆိုပါနတ်ကွန်းများသို့ ခေါ်သွားလေ့ရှိ၏"-ဟုဆို၏။ သမိုင်းဆရာ'ကြပါတီ'ကလည်း-"ဟိန္ဒူမဟန့်သည် ဗုဒ္ဓဂယာကို အပိုင်ခံထားခြင်းမှာ-ငွေရရန်၊ '(ရှိဝ)လိင်ရုပ်,ဗိသဏိုးရုပ်'-စသည့်တို့ကို စေတီကြီးအထဲ၌ချထားပြီး ဗုဒ္ဓဘာသာဝင်ဘုရားဖူးတို့၏ ဦးချခြင်းကိုခံယူရန် ရည်ရွယ်ထား၏။ ထောင်ပေါင်းများစွာသောရုပ်တုတော်များကို မဟန့်နေရာ၏တံခါးဝ၌ စီတန်းထားခြင်း, ရုပ်တုတော်များပါဝင်သည့်ကျောက်ချပ်များဖြင့် မီဖိုချောင်လုပ်ခြင်း, ဆင်-မြင်းတင်းကုတ်များဆောက်လုပ်ခြင်း, အပြင်ဘက်တံတိုင်းကြီးထဲ၌ ထည့်သွင်းပစ်ခြင်း, ဗုဒ္ဓဦးခေါင်းတော်များကို 'မဟာဒေဝ-ဦးခေါင်းများလုပ်ခြင်း, ဗုဒ္ဓရုပ်ပွားတော်၏လက်တော်တဖက်ကို ဖြတ်ကြိတ်ကျောက်လုံးကြီးလုပ်ခြင်း, အိမ်သာတခု၏ရှေ့ဘက်၌ ရုပ်တော်မှု တဆူကပ်ထားခြင်း"-ဤသို့စသည် ယုတ်မာညစ်ပတ်သည့်အလုပ်တို့ဖြင့် ဗုဒ္ဓဘုရားကို စော်ကားလေ၏"-ဟုဆိုထား၏။ သမိုင်းဆရာ'ဂိုးစ်'ကလည်း-"မဟန့်သည် ဗုဒ္ဓ

www.burmeseclassic.com

ဂယာစေတီကြီးကို ပိုင်ဆိုင်ထားသော်လည်း၊ ဗုဒ္ဓရုပ်ပွားတော်, စေတီတော်နှင့်ဗောဓိပင်ကို ဘယ်တုန်းကမှ ရှိမခိုးခဲ့။ ဗောဓိပင်ကိုဖူးမျှော်လိုသူ ဟိန္ဒူတို့သည် 'မဟန့်'ထံ၌ အခကြေးငွေ ပေးပြီးမှ ဖူးမျှော်ကန်တော့ကြရလေ၏။ ဗောဓိပင်အား ရည်သန်လှူဒါန်းသည့်အလှူငွေ-ဝတ္ထုတို့ကိုကား သိမ်းယူလေ၏။ ထို့ကြောင့် ဗောဓိပင်မြတ်ကား မဟန့်၏ရွှေလမ်း,ငွေလမ်းဖန်တီးပေးသည့် 'ပြဒါးလုံး'နှင့်တူနေလေ၏"-ဟုဆို၏။

ထို့ပြင်-ဟိန္ဒူတို့သည် ဗုဒ္ဓဂယာဝန်းကျင်တခုလုံး၌ ဗုဒ္ဓဘာသာ၏အမှတ်လက္ခဏာများ ပျောက်အောင်လုပ်ကြ၏။ ဘိုးတော်မင်း,မင်းတုန်းမင်း,သီပေါမင်းတို့လှူဒါန်းခဲ့သည့်ရတနာတွေကို အပိုင်သိမ်းသည့်အပြင်၊ အဆောက်အဦများကိုလည်း သူတို့ဘာသာအတွက် အသုံးပြုကြလေ၏။ ဗောဓိပင်အောက်၌ 'ဗိသကိုးမြေရာ'တခုကိုလည်း ဗုဒ္ဓ၏မြေတော်ရာအဖြစ် လှည့်စားရန်ထားရှိကြ၏။ ဗုဒ္ဓရုပ်ပွားတော်များကို ဗိသကိုးကျောင်း,သိဝကျောင်းတို့၏အစွန်နား၌ ချထားကြ၏။ ဗုဒ္ဓရုပ်ပွား-ဦးခေါင်းများကို မဟာဒေဝ၏ဦးခေါင်းအဖြစ်ဖြင့် ကိုးကွယ်ကြ၏။ ဟိန္ဒူတို့ကိုးကွယ်သည့် 'သိဝလိင်ရုပ်'များကို စေတီပျက်များစွာတို့မှ တွေ့ရှိရ၏။ ဟိန္ဒူအချို့က "ဗုဒ္ဓဘာသာသည် အမိဟိန္ဒူဘာသာမှ ကွဲထွက်သွားသည့်'သား-တဘာသာဖြစ်ပြီး'၊ အမိဟိန္ဒူဘာသာကို မယုံကြည်-ပုန်ကန်မှုကြောင့် အိန္ဒိယပြည်၌ ကွယ်ပျောက်သွားခဲ့ရ၏"-စသည်ဖြင့်ပင် ပုတ်ခတ်ပြောဆိုကြပေသည်။ အစွဲမရှိ-အသိဉာဏ်ရှိသူတို့သာ တန်ဘိုးထားနိုင်သည့် ဗုဒ္ဓဘာသာသည် အစွဲကြီးမား-အသိဉာဏ်နည်းပါးသည့်လူတို့၏နိုင်ငံ၌ ကွယ်ပျောက်ရသည်မှာ မမွတာဟုပင် ဆိုသင့်လှ၏။

www.burmeseclassic.com



ဗုဒ္ဓသာသနာတော်နှင့် စပ်ဆိုင်ရာ
ဗုဒ္ဓသာသနိကမြေပုံတော်ချုပ်
ဤမြေပုံတော်ချုပ်၌ ပါယှိသောတိုင်း၊ မြို့ ရွာ ဌာနများကို ခြားနား လွယ်ကူစွာ သိမြင်ရန် လက္ခဏာ အမှတ်အသားကို အောက်လက်ဝဲဘက်ထောင့်၌ ညွှန်ပြထားသည်။ အထူးအားဖြင့် ဤမြေပုံတော်ချုပ်သည် ဗုဒ္ဓသာသနိက ပဋ္ဌဝင် ကျမ်းကြီးမှ ဖြစ်ပွားလာရကား၊ သာသနာတော်နှင့် စပ်ရာ သိထိုက်သော အကြောင်းအရာများကို သိလိုက ၎င်း၊ ဗုဒ္ဓသာသနိက ပဋ္ဌဝင် ကျမ်းကြီးနှင့် တွဲဘက် ကြည့်ရှုကြပါကုန်။
ယောနကတိုင်း
သာကလ
တိဗ္ဗတ်ပြည်
လာသာ
တာ့ရွတ်ပြည်
ကာမရူပတိုင်း
ဝါလုကကန္တာရ
သောဝီရတိုင်း
ဗာလုစိဒ္ဒေသ

www.burmeseclassic.com



www.burmeseclassic.com

## ဦးမြင့်ဆွေ (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ၊ လန်ဒန်) ရေးသားအပ်သော ကျမ်းစာများ

၁။ ဇာတ်တော်ငါးရာငါးဆယ်
၂။ ဓမ္မပဒ
၃။ မဟာဗုဒ္ဓဝင်သစ်
၄။ မိလိန္ဒနှင့် ရှင်နာဂသိန်
၅။ ဝေဒယဉ်ကျေးမှုနှင့် ဘာသာရေး
အတွေးအခေါ်
၆။ ပဋ္ဌာန်းမဟာ
၇။ သဗ္ဗညုဘုရားရှင်
၈။ ပရလောကနှင့် ကံစိတ်စွမ်းအင်
၉။ လက်စွဲပဋ္ဌာန်း
၁၀။ ဓမ္မပဒ (အင်္ဂလိပ်၊မြန်မာ)
၁၁။ သက္ကတသဒ္ဒါ
၁၂။ အခြေပြုပါဠိသဒ္ဒါ
၁၃။ အဘိဓမ္မာသင်္ဂြိုဟ်အဖွင့် (ပ၊ ဒု)
၁၄။ သက္ကတဖတ်စာ
၁၅။ ပါဠိဘာသာနိဒါန်း
၁၆။ ပါဠိ-သက္ကတဘာသာဗေဒ
၁၇။ ငါးရာ့ငါးဆယ်အဘိဓာန်
၁၈။ သစ္စာအနက် ၁၆-ချက်
၁၉။ ဟိတောပဒေသဝတ္ထု (အင်္ဂလိပ်၊မြန်မာ)
၂၀။ အခြေပြုအဘိဓမ္မာ
၂၁။ Buddha's Abhidhamma,
Science of Mind & Matter
၂၂။ သက္ကတ-မြန်မာအဘိဓာန်
၂၃။ ပြာကတဘာသာနိဒါန်း
၂၄။ ပါဠိ-သက္ကတ ပဒမာလာကျမ်း
၂၅။ ဇာတ်ကြီးဆယ်ဘွဲ့ (အင်္ဂလိပ်၊မြန်မာ)
၂၆။ English for Practice
၂၇။ A Dictionary of Buddhist Terms
၂၈။ Essays on Buddhism
၂၉။ ဘာသာဗေဒနည်းဖြင့်ပါဠိရုပ်တွက်နည်း
၃၀။လက်ရွေးစဉ် ဓမ္မပဒဂါထာများ(ပါဠိ၊မြန်မာ၊အင်္ဂလိပ်)
၃၁။ ဗုဒ္ဓဘာသာ အလင်းပြကျမ်း
၃၂။ Buddha's First Two Sermons
(ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်)
၃၃။ အသောကမင်းကြီး၏ဓမ္မကျောက်စာများ
၃၄။ ဗုဒ္ဓဘာသာသုံး သက္ကတစာပေ
၃၅။ ပါဠိပုဒ်များ ရုပ်တွက်အဘိဓာန်
၃၆။ အိန္ဒိယပြည် ဗုဒ္ဓသာသနာသမိုင်း
၃၇။ သစ္စာမြင် နိဗ္ဗာန်မြင်တရားတော်
၃၈။ သီဟိုဠ်ဗုဒ္ဓသာသနာနှင့် ပါဠိစာပေသမိုင်း
၃၉။ မြန်မာပြည်ဗုဒ္ဓသာသနာနှင့် ပါဠိစာပေသမိုင်း
၄၀။ ယေရှုခရစ်၏ မသိရသေးသောဘဝဖြစ်စဉ်
(The Unknown Life of Jesus Christ)
၄၁။ **Pātimokkha Rules for Monks**
၄၂။ **English Primer**
၄၃။ အခြေပြု ဟိန္ဒီသဒ္ဒါ
၄၄။ လူတိုင်းအတွက် ဗုဒ္ဓဘာသာ
၄၅။ ငရဲနှင့် နတ်ပြည် (Hell & Heaven)
၄၆။ ဗုဒ္ဓ၏ တန်ခိုးဣဒ္ဓိတော်များ
(Buddha's Supernatural Powers)
၄၇။ ဝိသုဒ္ဓိမဂ္ဂ-နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်ကော
၄၈။ မြန်မာနိုင်ငံသမိုင်း
၄၉။ မြန်မာနိုင်ငံ ဒေသန္တရပထဝီ
၅၀။ ဗုဒ္ဓနိုင်ငံများ၏သမိုင်း
၅၁။ ဗုဒ္ဓနိုင်ငံများ၏ပထဝီ
၅၂။ ကျန်းမာရေးနှင့် ဆေးပညာ (၁၊၂)
၅၃။ ဗုဒ္ဓ၏အဘိဓမ္မာ=ရုပ်နာမ်ဓာတုသိပ္ပံ
၅၄။ A Practical Pali Grammar
၅၅။ A Practical Sanskrit Grammar
၅၆။ A Burmese Primer For Foreigners
၅၇။ ပရိယတ္တိဆိုင်ရာ စာတန်းများ
၅၈။ A Guide to Paṭṭhāna
၅၉။ တက္ကသိုလ် ပါဠိသဒ္ဒါ
၆၀။ The Buddha's Blessings
(ဗုဒ္ဓ၏မင်္ဂလာတရားတော်များ)

www.burmeseclassic.com